# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကောင်းမှုပြုလျှင် မြတ်၏

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၀၀)


# ရာသီတုပ်ကွေးရောဂါ (H1N1) ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကုသမှုလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း တုပ်ကွေးရောဂါကျန်းမာရေးပညာပေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိ



ရာသီတုပ်ကွေး (H1N1) နှင့် ကြက်ငှက်တုပ်ကွေး (H5N1) ရောဂါကူးစက်မှုမရှိစေရေးအတွက် ဇူလိုင် ၂၉ ရက်က ကော့သောင်းမြို့ အထက(၁)၌ ကျောင်းသူတစ်ဦးကို တာဝန်ရှိသူက ရောဂါကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပေးစဉ်

ဓာတ်ပုံ-ကျော်စိုး(ကော့သောင်း)

**နေပြည်တော် ဇူလိုင် ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm 09) နှင့် ပတ်သက်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကုသမှုပေးခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီမှ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၁၇ ဦးအား ထပ်မံဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ Seasonal Influenza A(H1N1) pdm 09 အတည်ပြုလူနာ ခြောက်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စတင်တက်ရောက်ပြီး ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံ(ဝေဘာဂီ)သို့ လွှဲပြောင်းကုသမှုပေးခဲ့သော လူနာတစ်ဦးသည် ဇူလိုင် ၂၈ ရက်တွင် သေဆုံးခဲ့ကြောင်း။

လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ လူနာများကို ရောဂါပျံ့နှံ့မှု လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံ (ဝေဘာဂီ)သို့ ဦးစားပေးပို့ဆောင်ကုသသွားမည်ဖြစ်ပြီး အဆိုပါဆေးရုံ၌ ကူးစက်ရောဂါအထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမနှင့် ဆရာမကြီးများ၊ အလိုအလျောက် အသက်ရှူစက်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ အထူးကြပ်မတ်ကုသဆောင်၌ လိုအပ်သော ပစ္စည်းကိရိယာများ အလုံအလောက် ဖြည့်ဆည်းထားရှိကြောင်း သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋


## စစ်တောင်းနှင့် ငဝန် မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲ ရန်ကုန်၌ ကျင်းပ




*စာမျက်နှာ » ၃*


## ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားနေမှုအခြေအနေ ကြိုတင်ကာကွယ်မှုနှင့် ရှောင်ရန်ဆောင်ရန်များ

*တွေ့ဆုံမေးမြန်း*


*စာမျက်နှာ » ၈*





မြန်မာ့အလင်း

# အရှိန်အဟုန်မြှင့် ဖော်ဆောင်လာသော စီးပွားရေးမူဝါဒများ

လူထုအစိုးရသစ်သည် တိုင်းပြည်၏စီးပွားရေးအပေါ် အာရုံစိုက်မှု နည်းပါးသည်ဟူသော ဝေဖန်ချက်တို့ရှိခဲ့ပါသည်။ ဤဝေဖန်ချက်ထွက်ပေါ်ခဲ့ရခြင်း၏ အကြောင်းရင်းတို့ကို သုံးသပ်ပါက လူထုအစိုးရသစ် စတင်တာဝန်ယူခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်သည့် ပမာဏကျဆင်းခဲ့ရခြင်းသည် အခြေခံအကြောင်းရင်း တစ်ရပ်ဖြစ်ပါသည်။ ယခင်အစိုးရ၏ နောက်ဆုံးဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ တိုင်းပြည်အတွင်း ဝင်ရောက်ခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၈ ဘီလီယံရှိခဲ့ပါသည်။ လူထုအစိုးရသစ် စတင်တာဝန်ယူခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌မှု အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၄ ဘီလီယံသာ ဝင်ရောက်ခဲ့ပါသည်။ အမှန်မှာမူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ကျဆင်းခဲ့ရခြင်းမှာ သမိုင်းအလှည့်အပြောင်းတို့၌ ကြုံတွေ့ရလေ့ရှိသော လက္ခဏာတစ်ရပ်သာ ဖြစ်ပါသည်။

လက်ရှိ ဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုကို အမေရိကန်ဒေါ်လာ ၆ ဘီလီယံ ရရှိရန် လျာထားခဲ့ပါသည်။ သို့သော် လက်ရှိဘဏ္ဍာရေးနှစ်၏ လေးလတာကာလမပြည့်မီမှာပင် တိုင်းပြည်အတွင်းသို့ ဝင်ရောက်ခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ ရှိနေပြီဖြစ်ပါသည်။ တင်ပြရမည်ဆိုပါက လက်ရှိဘဏ္ဍာရေးနှစ်၏ လေးလ တာကာလ၌ပင် လျာထားချက်၏ ၅၀ ရာခိုင်နှုန်းကျော်ကို ရရှိပြီးဖြစ်ပါ သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ မူလလျာထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏရရှိရန်မှာ သေချာနေပြီဖြစ်ပါသည်။

လူထုအစိုးရသစ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ အရှိန်အဟုန်မြှင့် ဝင်ရောက်လာနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သော ကိစ္စရပ်တို့ကို တစ်ခုပြီးတစ်ခု စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်တို့ကို တစ်နေရာတည်း၌ တစ်ထိုင်တည်း အလုံးစုံဝန်ဆောင်မှုပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာန ရှစ်ခုပါသော အဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ အဆိုပါအဖွဲ့က ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်တို့ကို ၂၄ နာရီအတွင်း တစ်ထိုင်တည်း ကိုင်တွယ်ဖြေရှင်းပေးသွားမည် ဖြစ်ပါသည်။

ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) ကလည်း စီးပွားရေး သတင်းအချက်အလက်တို့ကို ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးကို ဦးတည်၍ သတင်းလွှာတစ်ရပ် (News Letter) ထုတ်ဝေသွားမည်ဟု သိရှိရပါသည်။ သတင်းလွှာ၌ ဖော်ပြမည့် သတင်းအချက်အလက်တို့အနေဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်တို့၏ လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်စေရန် ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) သည် သတင်းလွှာထုတ်ဝေရေးအတွက် နိုင်ငံခြားပညာရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လူထုအစိုးရသစ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ဒုတိယသမ္မတ(၁)နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ တွေ့ဆုံဆွေးနွေးခဲ့သည်မှာ အဌမအကြိမ်ထိပင် ရောက်ရှိနေပြီဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက လူထုအစိုးရသစ်က စီးပွားရေးမူဝါဒတို့ကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်နေပြီဖြစ်၍ ရလဒ်ကောင်းတို့ကို မဝေးတော့သော အနာဂတ်ကာလတွင် တွေ့ရှိရတော့မည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။



ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် စေတနာသမ္မာရ ဝတ်အသင်းဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုများ ပပျောက်လျော့နည်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ မှုခင်းအသိပညာများ ကြွယ်ဝစေရေး ဟောပြောပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်ဟောပြောစဉ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီး၌ သားဖွားနှင့်မီးယပ်ကုသလူနာဆောင် အသစ်ဖွင့်



**ပြင်ဦးလွင် ဇူလိုင် ၂၉**

ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဇူလိုင် ၂၈ ရက်က သားဖွားနှင့်မီးယပ် လူနာဆောင်အသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခု အသစ်တည်ဆောက်ဖွင့်လှစ်ခဲ့သော သားဖွားနှင့်မီးယပ် ကုသဆောင်မှာ နှစ်ထပ်ကုသဆောင်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သုံးစွဲငွေဖြင့် ငွေကျပ် ၃၂၈ ဒသမ ၉၂၇ သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ကုသဆောင်အသစ် ဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က အဆောင်အဟောင်း၌ လူနာများကို ခုတင်နေရာ မရှိသဖြင့် ပူးကပ်ထားရခြင်း၊ လူနာများ စိတ်ကျဉ်းကျပ်ခြင်း၊ အဝင်အထွက်၊ အသွားအလာခက်ခဲခြင်းတို့မှ ကင်းဝေးသွားရပြီဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မန္တလေးမြို့မှအပ လူဦးရေအများဆုံးတက်ရောက်ကုသနေသည့် ဆေးရုံကြီးတစ်ခုဖြစ်သည်။ သားဖွားမီးယပ်ကုသဆောင်၌ ၂၀၁၅ ခုနှစ်က အတွင်းလူနာ ၃၂၁၃ ဦး၊ ပြင်ပလူနာ ၁၄၃၂၀၊ ၂၀၁၆ ခုနှစ်တွင် အတွင်းလူနာ ၃၉၁၇ ဦး၊ ပြင်ပလူနာ ၁၃၆၁၉ ဦး၊ ယခုနှစ်တွင် ဇွန်လအထိ အတွင်းလူနာ ၁၉၄၀၊ ပြင်ပလူနာ ၈၉၆၀ တက်ရောက်ကုသခဲ့ကြကြောင်း သိရသည်။

ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးအနေဖြင့် လူနာများအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရည်မှန်းချက်များအတိုင်း အကောင်းဆုံးဝန်ဆောင်မှုပေး ကုသပေးသွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါ်ဝင်းပပဝင်းက ပြောကြားသည်။

**သက်နိုင်(ပြင်ဦးလွင်)**

ထင်သာမြင်သာပြုပြင်စရာ

## မဲဇာချောင်းကူးတံတား ချဉ်းကပ်လမ်းပိုင်း မြေအိကျပျက်စီးလာနေ၍ ပြုပြင်ပေးစေလို



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်နှင့် ဝန်းသိုမြို့နယ် မြို့နယ်ချင်းဆက် မဲဇာချောင်းကူးတံတားကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေမှ အကုန်အကျခံကာ ဒေသခံပြည်သူများ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန်အတွက် ဧပြီ ၃၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားသည် အင်းတော်-ဝန်းသိုကားလမ်းပေါ်မှ မဲဇာချောင်းကိုဖြတ်၍ တည်ဆောက်ထားသော အရှည်ပေ ၇၀၀၊ အကျယ် ၂၄ ပေရှိတံတားဖြစ်သည်။

ယခုအခါ တံတား၏ ချဉ်းကပ်လမ်းပိုင်းမှာ မိုးရွာသွန်းမှုကြောင့် မြေနိမ့်ဆင်းကျပြီး ယိုယွင်းပျက်စီးနေသဖြင့် ထပ်မံယိုယွင်းမပျက်စီးမီ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ အလေအလွင့်မရှိရေး သင်တန်းဖွင့်လှစ်

**သီပေါ ဇူလိုင် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် ဝန်ထမ်းများသည် ကျေးရွာအုပ်စု ၁၀ အုပ်စုသို့ ကွင်းဆင်း၍ မြစိမ်းရောင်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျေးရွာမြစိမ်းရောင်ကော်မတီဝင် အဖွဲ့ဝင်များဖွဲ့စည်းပြီးနောက် စီမံကိန်းဝင်ကျေးရွာများမှ မြစိမ်းရောင်စီမံကိန်းစာရင်းဇယား၊ ငွေစာရင်းထိန်းသိမ်းနည်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်စီမံကိန်း ဘဏ္ဍာရေးသင်တန်းကို ဇူလိုင် ၂၇ ရက်ကစ၍ မြို့လယ်ဓမ္မာရုံကြီး၌ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၉-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၇ | ・၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ | ・၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၁၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၁၈ |
| တရုတ် | တစ်ယွမ် | ၂၀၁ | ・၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ・၈၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲ ရန်ကုန်၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲ (Stakeholder Meeting) ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

**ပွင့်လင်းစွာဆွေးနွေး**

ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့ တက်ရောက်၍ လက်ရှိ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲ တက်ရောက်လာသည့် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသူများ၏ ဆွေမျိုးသားချင်းများနှင့် နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ၎င်းတို့၏ ငြိမ်းချမ်းရေးဆိုင်ရာအသိအမြင်များ၊ အတွေ့အကြုံများ၊ ဆက်လက်ဆောင်ရွက်သင့်သည်များကို ပွင့်လင်းစွာဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပွဲအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသူများ၏ ဆွေမျိုးသားချင်းများဖြစ်ကြသော ဆမားဒူးဝါဆင်ဝါးနောင်(မြစ်ကြီးနား)၏ သား ဆမားကျော်ဖားနော်၊ ဒူးဝါဇော်ရစ်(မြစ်ကြီးနား)၏ ဇနီး ဒေါ်အယ်ဂျာတောင်နှင့် မြေးမလင်းလဲ့လွင်၊ ဒူးဝါဒိန်ရတန်(မြစ်ကြီးနား)၏ သား ဦးဒိန်ရအဖုန်နှင့် မြေး မောင်ဒိန်ရထင်နားလတ်၊ ဦးလဗန်ဂရောင်(ဗန်းမော်)၏ တူသား ဦးလဘန်အောင်နှင့် ချွေးမ ဒေါ်နန်းမြခင်၊ ဒူးဝါဇော်လွန်း (ဗန်းမော်)၏ မြေး ဦးဘွန်ဝါလီ၊ ဦးပူးထောင်ဇာခုပ် (တီးတိန်)၏ သား ဦးပူးနန်ကျင့်ပေါင်၊ ဦးပူးကီးယိုမန်း (ဟားခါး)၏ သား ဦးတင်မှုန်း၊ စဝ်နွံ(လဲချားစော်ဘွား)၏ သား စဝ်ဆေဟုန်၊ စဝ်စံထွန်း(မိုင်းပွန်စော်ဘွား)၏ တူမ စဝ်နန္ဒီ၊ စဝ်ထွန်းအေး(သာမိုင်းခမ်းစော်ဘွား)၏ မြေး စဝ်သာဦးနှင့် မြေးချွေးမ ဒေါ်ရွှေရွှေသက်၊ ခွန်ထီး(ပင်လုံ)၏ သား ဦးစိုင်းခမ်းပန်နှင့် ချွေးမ ဒေါ်မူမူဦး၊ စဝ်ခွန်ပန်းစိန်(တောင်ပိုင်းစော်ဘွား)၏ သား ဦးစောလင်းခမ်းနှင့် ချွေးမ ဒေါ်လှလှသိန်း၊ စဝ်ဟုံဖ (သိန္နီစော်ဘွား)၏ ချွေးမ ဒေါ်ခင်လှနှင့် မြေး မောင်ပြည့်စုံဟိန်း၊ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများဖြစ်ကြသည့် ဦးကျော်ဝင်း၊ ဦးစိုင်းအိုက်ပေါင်း၊ ဦးဇော်အေးမောင်၊ ဒေါက်တာစိုင်မွန်သာ၊ ဒေါက်တာတင်မောင်မောင်သန်း၊ ဒေါက်တာတင်မောင်သန်း၊ ဦးမင်းဇင်၊ ဦးတာ၊ ဆလိုင်းငွန်ကျုံးလျှံ၊ ဦးခက်ထိန်နန်၊ ဦးမောင်မောင်စိုး၊ ဦးသန်းစိုးနိုင်၊ ဒေါက်တာမင်းနွယ်စိုး၊ ဒေါက်တာဗညားအောင်မိုး၊ ဦးစိုင်းစမ်ခမ်း၊ ဦးအောင်လှထွန်းနှင့် ဦးသီဟစောတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲ ကျင်းပစဉ်** (သတင်းစဉ်)

---

*❋ ရှေ့စာမျက်နှာမှ* 

***ရှေ့ဖုံးမှ***

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသည် အဖြေတိကျမှန်ကန်စေရန် (External Quality Assurance) အတွက် ဟောင်ကောင်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု တုပ်ကွေးရောဂါဆိုင်ရာ အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ ဓာတ်ခွဲခန်းနှင့် ကာကွယ်ဆေးထုတ်သည့်အခါ ပိုးအမျိုးအစား၏ ဇီဝဖွဲ့စည်းပုံအသေးစိတ်ကို သိရှိနိုင်ရန် ဂျပန်နိုင်ငံရှိ National Institute of Infectious Diseases - WHO collaborating centre သို့ ပိုးနမူနာများ ပေးပို့ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**သေဆုံးသူ ခုနစ်ဦးရှိ**

၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်မှ ၂၉ ရက် မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ရရှိသော ရောဂါဖြစ်ပွားမှုအချက်အလက်များအရ သံသယရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ ၁၃၈ ဦးရှိခဲ့ပြီး ၎င်းတို့အနက် Seasonal Influenza A(H1N1) pdm 09 -Positive လူနာစုစုပေါင်း ၄၁ ဦး၊ သေဆုံးသူ ခုနစ်ဦးရှိသောကြောင့် လူနာများ၏သေဆုံးမှုနှုန်း ၅ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**ပညာပေးဆွေးနွေးပွဲများ ပြုလုပ်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးဆွေးနွေးပွဲများ ပြုလုပ် လျက်ရှိပြီး မြို့နယ်အသီးသီး၌ လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေး နှိုးဆော်ချက်လက်ကမ်းစာစောင်များကို လူဝင်လူထွက်များသောနေရာများနှင့် လူအများစုဝေးရာနေရာများ၌ ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

ယခုဖြစ်ပေါ်လျက်ရှိသော ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အတိမ်အနက်နှင့် ရှေ့အလားအလာကို ခန့်မှန်းနိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို တိကျစွာချမှတ်နိုင်ရန် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲသည် တစ်နိုင်ငံလုံးရှိ ဆေးရုံကြီးများ၌ ရာသီတုပ်ကွေးရောဂါသံသယဖြင့် ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှ ယနေ့အထိ ဆေးရုံတက်ရောက်သူများစာရင်းကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်မှုရှုထောင့်မှ သုံးသပ်လျက်ရှိကြောင်း သိရသည်။

**ဆေးကုသမှုခံယူရန်တိုက်တွန်း**

သို့ဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် ဆေးကုသမှုခံယူရန် တိုက်တွန်းထားသည်။

ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC facebook စာမျက်နှာနှင့် နေ့စဉ်ထုတ်သတင်းစာများအပြင် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ် ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

---

# စာသင်ကျောင်းများသို့ မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးဟောပြော

**မော်လမြိုင် ဇူလိုင် ၂၉**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဘိုဘိုဦးနှင့် မုဒုံမြို့နယ် ရဲမှူး မြအောင် ဦးဆောင်သော မူခင်းအသိပညာပေးပြခန်းမော်တော်ယာဉ်သည် မုဒုံမြို့နယ် ကမာဝက်မြို့ ကွမ်လှာကျေးရွာ အထက(ခွဲ)ကျောင်းသို့ သွားရောက်ပြီး ဇူလိုင် ၂၈ ရက်က မူခင်းအသိပညာပေးဟောပြောခဲ့ရာ အထက(ခွဲ)ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၃၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများ၊ မူးယစ်ဆေးဝါးမှုခင်းများ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းများ၊ လူကုန်ကူးခံရခြင်းများနှင့် ပတ်သက်သော မှုခင်းများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍ ဟောပြောခဲ့ကြပြီး ပြခန်းနံရံပါပိုစတာများအား ရှင်းပြဆွေးနွေးကာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**



# မုတ်သုံလေအားကောင်းနေမည်

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေမည်။

**(မိုး/ဇလ)**

---

***❖ ကျောဖုံးမှ***

လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး လတ်တလော ရိုးရာလက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်းခြောက်ပွဲတွင် သုံးပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ကိုပိုင်ဆိုင်ထားသော မြန်မာ့ရိုးရာလက်ဝှေ့ချစ် ဂျပန်နိုင်ငံသားတစ်ဦးဖြစ်သည်။

"ရိုးရာလက်ဝှေ့မှာသမ္မာရင့်တဲ့ သပြေညိုနဲ့စထိုးပြီးတော့ အခုလိုဒီလောကထဲရောက်လာတာပါ။ သူကတော်လည်းတော်သလို၊ သမ္မာရင့်တဲ့ လက်ဝှေ့ကျော်တစ်ဦးလည်းဖြစ်ပါတယ်။ သူ့ကို ကျွန်တော်အားကျတယ်။ ရိုးရာလက်ဝှေ့လောကထဲရောက်တဲ့ အခုလို တစ်နှစ်ခွဲကြာတဲ့ကာလတစ်ခုမှာ ကျွန်တော့်ကို ကျွန်တော်လည်း ပြန်လည်ဆန်းစစ်ချင်တာကြောင့် အခုလို ပြန်လည်စိန်ခေါ်ပြီး ယှဉ်ပြိုင်ထိုးသတ်တာဖြစ်ပါတယ်။ ဒီပွဲအတွက် အချိန်ယူပြီးလေ့ကျင့်ထားတာကြောင့် အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်သွားမယ်လို့ ယုံကြည်ထားပါတယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်သက်သဘောကျသော ဒိုင်ခိခနဲကိုက ပြောသည်။

ဒိုင်ခိခနဲကိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာနိုင်ငံမှ ပထမတန်းလက်ဝှေ့ကျော် သပြေညိုသည် အသက် ၂၇ နှစ်ရှိပြီဖြစ်ပြီး မာဂုဏ်မြင့်သက်တမ်းရင့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ တစ်နှစ်တာဝန်းကျင် ရိုးရာလက်ဝှေ့လောကမှ အနားယူပြီး လတ်တလောတွင် တစ်ချိန်က မြန်မာနိုင်ငံအလွတ်တန်းချန်ပီယံတစ်ဦးဖြစ်ခဲ့သော ဝမ်ချိုင်းဦးစီးသည့် Adventure ရိုးရာလက်ဝှေ့ကလပ်၌ လေ့ကျင့်ကစားနေသူတစ်ဦးဖြစ်သည်။

"ဒီပွဲက ကျွန်တော်နာမည်ပြန်ယူမယ့်ပွဲလည်းဖြစ်ပါတယ်။ ဒါကြောင့် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ခဲ့တယ်။ ယုံကြည်မှုအပြည့်နဲ့ ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ ဒီပွဲအတွက် တစ်လခွဲလောက်အထိ အချိန်ယူလေ့ကျင့်ထားပါတယ်။ မူလလက်ရည်ပြန်လည်ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ခနဲကိုနဲ့က ပထမတစ်ကြိမ်လည်း ယှဉ်ပြိုင်ထိုးသတ်ဖူးထားတာဆိုတော့ ကျွန်တော့်အနေနဲ့ ပူပန်မှုကတော့ ဒီပွဲအပေါ်မှာရှိမှာမဟုတ်ပါဘူး။ အကောင်းဆုံးယှဉ်ပြိုင်မယ်လို့ ယုံကြည်ထားပါတယ်"ဟု ယနေ့ဆေးစစ်ဝိတ်ချိန်အကြိုနေ့တွင် သပြေညိုက ပြောသည်။

ယနေ့ မွန်းလွဲ ၂ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေခါးပတ်ချန်ပီယံလုပွဲကြီး နောက်ဆုံးဖိုင်နယ်ဗိုလ်လုပွဲတွင် ၅၁ ကီလိုတန်း၌ သိန်းစိုး(အဖြူရောင်သွေးသစ်)နှင့် သပြေအောင်(သုံးပန်လှ)၊ ၅၄ ကီလိုတန်း၌ စိုးဝင်းသန်း(ရန်စစ်ငြိမ်း)နှင့် အောက်ချင်းလေး(တောင်ဇလပ်)၊ ၅၇ ကီလိုတန်း၌ စူပါ(မျိုးဆက်သစ်)နှင့် ယျှုခလိန်းမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ ၆၀ ကီလိုတန်း၌ ဇွဲလင်းအောင်(သုံးပန်လှ)နှင့် စိန်လုံးချော(ဗမာ့သွေး)၊ ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲ၌ ကျားပေါက်(ရန်စစ်ငြိမ်း)နှင့် ရန်နိုင်ထွန်း(သုံးပန်လှ)၊ ၆၇ ကီလိုတန်းပြိုင်ပွဲ၌ ရွှေမင်းရာဇာ (မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ဖိုးလပြည့် (ရွှေဖူး)၊ ၇၁ ကီလိုတန်းပြိုင်ပွဲ၌ စိုးထက်ဦး(STL)နှင့် သွေးသစ်အောင် (သုံးပန်လှ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"ဒီရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကျင်းပပေးရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ရိုးရာလက်ဝှေ့ ရွက်ပုန်းသီးလေးတွေ ပေါ်ထွက်လာဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။ လက်ဝှေ့သမားတွေအတွက်က ရွှေခါးပတ်ရတာနဲ့ ဈေးကွက်က ပိုများလာတယ်။ အခုဆိုရင် ဒီရွှေခါးပတ်ပြိုင်ပွဲကို ကစားသမား ၅၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ပါတယ်။ စုစုပေါင်းကလပ် ၂၃ ကလပ် ပါဝင်တယ်။ ခုနောက်ဆုံးဗိုလ်လုပွဲမှာ အစွမ်းကုန်ကြိုးစားပြီး ခါးပတ်လုကြမှာပါ။ ပွဲစီစဉ်သူအနေနဲ့ ကစားသမားတွေရဲ့ စားစရိတ်၊ နေစရိတ်၊ ကွာတားကစပြီး ထိုးကြေးပေးတာကအစ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၇၅၀ ကုန်ကျပါတယ်။ စပွန်ဆာအခက်အခဲနည်းနည်းရှိပေမယ့်လည်း ရိုးရာလက်ဝှေ့ကို အဆင့်တစ်ခုအထိရောက်စေချင်တယ်။ တစ်ယောက်တည်းတော့မရပေမယ့် အခုလို တစ်ထောင့်တစ်နေရာကနေ တွန်းအားပေးချင်ပါတယ်။ နောက်နှစ်တွေမှာလည်း တတ်အားသရွေ့ လုပ်ဆောင်သွားဖို့တော့ ရှိပါတယ်" ဟု အဆိုပါရွှေခါးပတ်ပြိုင်ပွဲဖြစ်မြောက်ရေး ဦးဆောင်ပါဝင်သူ ဦးစိုင်းဇော်ဇော်က ပြောသည်။

# နော်ဝေနိုင်ငံမှ ပြန်လည်လှဲပြောင်းပေးအပ်သော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်



နေပြည်တော် ဇူလိုင် ၂၉

**နော်ဝေနိုင်ငံမှ လှဲပြောင်းပေးအပ်ခဲ့သော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက်(နေပြည်တော်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပူဇော်ကြသည်။** (ဝဲပုံ)

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ ဈေးကုန်းဆရာတော်အမှူးပြုသော သံဃာတော်ကိုးပါး ကြွရောက်တော်မူကြပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ပရိသတ်များက ဈေးကုန်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူ၍ အနန္တရာယိက ကမ္မဝါစာတော်ကို ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဈေးကုန်းဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနား အကြိုနေ့ဖြစ်သော ယမန်နေ့က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဥပါသကာများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ သီရိမင်္ဂလာပရိတ်တော် ၃၁ သုတ်နှင့် ဂါထာတော်များကို အသံမစဲ ရွတ်ဖတ်ပူဇော်၍ အန္တရာယ်က အန္တရာယ်ကင်းမင်္ဂလာများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာဖိုရမ် ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ၌ အခြေခံပညာအလယ်တန်းနှင့်အထက်တန်းသင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာဖိုရမ် (Forum on Myanmar Secondary Education Curriculum Reform)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဖိုရမ်သို့ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်ရိုးညွှန်းတမ်းရေးဆွဲပြုစုရေးအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပအတိုင်ပင်ခံပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ အထောက်အထားများ၊ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာအစီအစဉ်များ၊ (၂၁) ရာစု အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းကဏ္ဍအတွက် ပြုပြင်ပြောင်းလဲထားသောစနစ်နှင့် ပါဝင်သောအကြောင်းအရာများနှင့် ပတ်သက်သော မူဝါဒဆိုင်ရာကိစ္စရပ်များ၊ (၂၁) ရာစု အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းကဏ္ဍအတွက် ပြုပြင်ပြောင်းလဲထားသော သင်ကြားနည်းစနစ်များနှင့် ပတ်သက်သော မူဝါဒဆိုင်ရာကိစ္စရပ်များ၊ (၂၁) ရာစု အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းကဏ္ဍအတွက် ပြုပြင်ပြောင်းလဲထားသော စစ်ဆေးအကဲဖြတ်မှုများနှင့် ပတ်သက်သည့် မူဝါဒဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ အလယ်တန်းနှင့် အထက်တန်း ပညာရေးသင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာဖိုရမ်နှင့်စပ်လျဉ်း၍ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက "အခြေခံပညာကဏ္ဍမှာ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးဆိုတဲ့ ကဏ္ဍတစ်ခုပါတယ်။ အဲဒီကဏ္ဍမှာ အလယ်တန်း၊ အထက်တန်း ပြုပြင်ပြောင်းလဲရေးနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ ဆွေးနွေးပြီး ပြုပြင်ပြောင်းလဲရေးမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာတွေ ဆွေးနွေးကြတယ်။ အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အမျိုးသားပညာရေးမူဝါဒက ကော်မတီဝင်တွေ၊ အမျိုးသားသင်ရိုးညွှန်းတမ်းပြုစုတဲ့အဖွဲ့ဝင်တွေနဲ့ အခြားဝန်ကြီးဌာနက ကိုယ်စားလှယ်တွေ တက်ရောက်ကြတယ်။ အကြံဉာဏ်တွေရယူနိုင်ဖို့ ဒီဖိုရမ်ကို ကျင်းပရခြင်းဖြစ်ပါတယ်။

"ပြောင်းလဲမှုတွေ ဘာကြောင့် လုပ်ရသလဲဆိုတဲ့ အဓိကအထောက်အထားတွေ သုတေသနနဲ့ ပတ်သက်တဲ့ အထောက်အထားတွေ၊ ဘက်စုံကျွမ်းကျင်သော ပညာရေးကဏ္ဍနဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေကနေထွက်လာတဲ့ အထောက်အထားတွေ အပေါ်မှာမူတည်ပြီး ဘာကြောင့်ပြောင်းလဲမှုတွေ လုပ်သလဲဆိုတာတွေကို ဆွေးနွေးကြတယ်။

"အဓိကစိန်ခေါ်မှုတွေကတော့ Text Book တွေကို ရေးသားတဲ့အခါ သင်ရိုးညွှန်းတမ်းရေးကြတဲ့အခါ လူအင်အားလိုအပ်ချက်တွေရှိတယ်။ နောက်တစ်ခုက ဘတ်ဂျက်တွေပေါ့၊ Text Book တွေရိုက်တယ်၊ ကျောင်းသားတွေကို အခမဲ့ပေးတယ်၊ စာအုပ်ရဲ့ အရည်အသွေးက အဟောင်းနဲ့အသစ်မတူဘူး။ အရည်အသွေးကောင်းနဲ့ရိုက်ပြီး ရှိသမျှ ကျောင်းသားတွေ အကုန်လုံးပေးနိုင်မလား။ ဒါလည်း အဓိက စိန်ခေါ်မှုပဲဖြစ်တယ်။

"ဆွေးနွေးမယ့်အကြောင်းအရာတွေထဲမှာ သင်ရိုးညွှန်းတမ်းနဲ့ သင်ကြားမှုပညာပိုင်းတွေ ရှင်းလင်းဖို့ရှိတယ်။ စစ်ဆေးအကဲဖြတ်မှုနဲ့ ပတ်သက်လို့ ဆွေးနွေးမယ်။ အလယ်တန်းနဲ့ အထက်တန်းကျောင်းပြီးသွားလို့ရှိရင် ကလေးတွေက ရသင့်ရထိုက်တဲ့ သင်ကြားမှုပညာပိုင်းရှိတယ်။ စစ်ဆေးမှုတွေရှိတယ်။ အဲဒါတွေဟာ လူ့ဘဝမှာ အရေးကြီးတဲ့ စကေးတွေဖြစ်တယ်။ အဲဒီလို စကေးတွေရဖို့အတွက် ဘယ်လိုလုပ်ကြမလဲဆိုတာကို ဒီနေ့ဖိုရမ်မှာဆွေးနွေးတယ်။ မူဝါဒပိုင်းနဲ့ အခက်အခဲတွေကို မူဝါဒပိုင်း အဖွဲ့အစည်းကို တင်ပြမယ်။ ပညာရေးအရည်အသွေးမှာ မြို့ပေါ်က ပိုကောင်းပြီးတော့ ကျေးလက်က မကောင်းဘူးလို့လည်းပြောလို့မရဘူး။ ကျောင်းဆရာရဲ့ ကြိုးစားအားထုတ်မှုပေါ်မူတည်တယ်။ ကျေးလက်မှာလည်း အရည်အသွေးကောင်းတဲ့ ကျောင်းသားတွေမွေးထုတ်နိုင်တယ်။ ပညာရေးနဲ့ပတ်သက်လို့ ဒီဖိုရမ်ကနေ ရလဒ်ကောင်းတွေ ထွက်ပေါ်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။"

Asian Development Bank မှ Principal Social Sector Specialist, Dr.Chris Spohr က "သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲတဲ့အခါကျရင် ဘာတွေကို ထည့်သွင်းရေးဆွဲမလဲ၊ စာမေးပွဲတွေအတွက် ဘယ်လိုပြင်ဆင်ပြီး မေးမြန်းသွားမလဲဆိုတာတွေ အားလုံးပါဝင်မယ်။ စာကျက်ပြီး ဖြေဆိုတဲ့နည်းလမ်းတွေကို အများကြီးပြင်ဖို့လိုတဲ့အပြင် ကလေးတွေ ကျောင်းထွက်သွားတာ၊ သင်ကြားရေးကို စိတ်မဝင်စားတာတွေနဲ့ပတ်သက်ပြီး အများကြီးပြင်ဆင်ဖို့ရှိတယ်။ ပိုမိုကောင်းမွန်တဲ့သင်ရိုးညွှန်းတမ်းတွေဖြစ်အောင် ရေးဆွဲသွားမှာဖြစ်ပါတယ်။

သင်ရိုးညွှန်းတမ်းတွေကို ပြုပြင်ပြောင်းလဲရေးဆွဲသလို တစ်ဖက်ကလည်း လူသားအရင်းအမြစ်တွေကို တိုးတက်အောင်လုပ်ဖို့လည်း လိုအပ်ပါတယ်။ ဒီလို နှစ်ဖက်နှစ်လမ်းလုပ်ခြင်းအားဖြင့် အားလုံးတိုးတက်သွားမယ်လို့ ယူဆပါတယ်" ဟု ပြောကြားသည်။

MAXWELL STAMP.,LTD မှ Managing Director Syed Nuruddin Ahmed က "ဖိုရမ်ဖြစ်မြောက်ဖို့အတွက် အဘက်ဘက်ကနေကူညီဆောင်ရွက်ပေးနေပါတယ်။ အစ၊ အလယ်၊ အဆုံး ကူညီပေးသွားမယ်။ ပါလီမန်နဲ့ ပညာရေးဌာနက အဆင့်မြင့်တဲ့သူတွေ ဒီဖိုရမ်ကို လာရောက်ဆွေးနွေးကြတဲ့အတွက် မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေတွေ ပြောင်းလဲသွားပြီး သင်ရိုးညွှန်းတမ်းအသစ်အပိုင်းမှာလည်း တိုးတက်သွားမယ်လို့ ယုံကြည်ပါတယ်။ မြန်မာလူငယ်တွေအတွက် ဘဝတိုးတက်လမ်းတွေရှိနေပါတယ်"ဟု ပြောကြားသည်။ **မွေးကြူဇင်**







## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**မုဒုံ ဇူလိုင် ၂၉**

မုဒုံမြို့နယ် ကျောက်တစ်လုံးကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို ဇူလိုင် ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ဆိုင်ကယ်စက်ပြင်၊ ဆံပင်ညှပ်အလှပြင်၊ အဝတ်လျှော်ဆပ်ပြာရည်ချက်လုပ်ငန်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာပေးသင်တန်းများကို ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကြာချိန် ၁၅ ရက်ခန့် သင်ကြားပေးသွားမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျေးရွာအရောက် လိုက်လံ၍ သင်ကြားပေးလျက်ရှိကြောင်း သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်က ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်း၌ လက်တွေ့ဆောင်ရွက်ရန်အတွက် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဗထူး**

# ပျက်ကျ Y-8 လေယာဉ်၏ အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရေအောက်ရှာဖွေရေးကိရိယာဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ ဒေသခံ ရေငုပ်ကျွမ်းကျင်သူများဖြင့် ရှာဖွေခြင်း၊ ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဒေသခံငါးဖမ်းစက်လှေ နှစ်စင်းက လေယာဉ်၏ အစိတ်အပိုင်း တချို့အား ယခင်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီး၌ ထပ်မံရှာဖွေ တွေ့ရှိဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပျက်ကျ Y-8 လေယာဉ်၏ ထပ်မံတွေ့ရှိရသည့် အစိတ်အပိုင်းများ

# မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မောင်တော ဇူလိုင် ၂၉**

မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၇) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားရာတွင် မောင်တောခရိုင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ကျေးရွာများသို့ ဝင်ရောက်စစ်ဆေးဆောင်ရွက်ရာတွင် မိမိတို့လိုချင်သည့် အချက်အလက်များ၊ ဥပဒေချိုးဖောက်နေသည့်ကိစ္စရပ်များ၊ တရားခံများဖမ်းဆီးရမိရေး ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်သည်မှာ အင်မတန်ကောင်းမွန်သည့်အခြေအနေဖြစ်ပါကြောင်း၊ ထိုအခြေအနေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်သည့်အတွက် ဤဒေသ၏ အုပ်ချုပ်ရေး စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် အခြားသောကဏ္ဍများကိုပါ ဆောင်ရွက်နိုင်သည့်အတွက် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးသည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် တာဝန်ပေးထားပါကြောင်း။

တရားဥပဒေစိုးမိုးရေးအတွက် ဖမ်းဆီးရမိသည့် တရားခံများ၊ ဥပဒေချိုးဖောက်သူများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဆိုလျှင် လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု ရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ-၁ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် ဒုတိယဥက္ကဋ္ဌ-၂ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်တို့က အောက်တိုဘာ ၉ ရက် ဖြစ်စဉ်နောက်ပိုင်း ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးအခြေအနေများ၊ လုံခြုံရေးကင်းစခန်းများ တိုးချဲ့ထားရှိမှုအခြေအနေများ၊ တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ချထားမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုံခြုံရေးအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။




ယင်းနောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က မောင်တော ရိုင်အတွင်း လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီအတွက် မော်တော်ယာဉ်နှစ်စီးနှင့် မီးသတ်ဝတ်စုံများကို ပေးအပ်ရာ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်နှင့် မောင်တောမြို့နယ် မီးသတ်တပ်ဖွဲ့ မြို့နယ်ဦးစီးဌာနမှူး ဦးသန့်စင်တို့က လက်ခံယူကြသည်။

**သတင်း- အေဝမ်းစိုး၊ မျိုးသူဟိန်း၊ ဓာတ်ပုံ- အောင်ကျော်စိန်**

# ဘူးသီးတောင်မြို့နယ် သပိတ်တောင်ကျေးရွာ ဘုန်းကြီးကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

**ဘူးသီးတောင် ဇူလိုင် ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့နံနက်၁၀ နာရီတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သပိတ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်သာမက ပြည်ထောင်စုအစိုးရအဖွဲ့ကပါ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် ဒေသများဖွံ့ဖြိုးရေးအတွက် အထူးဦးစားပေး ဆောင်ရွက်ပေးနေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရ၊ အခြားပုဂ္ဂလိကနှင့် နိုင်ငံတကာမှ ဤဒေသအတွက် အထူးအာရုံစိုက်ပံ့ပိုးကူညီပေးခဲ့ပါကြောင်း။

ဘူးသီးတောင်မြို့နယ် သပိတ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် မိမိတို့ထံသို့ တင်ပြလာသည့်အခါ အပြည့်အဝကူညီဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည့်အတွက် ယနေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်မှုကြောင့် ဤဒေသဖွံ့ဖြိုးရေးအတွက်ကိုပါ တစ်ဆက်တစ်စပ်တည်း အကျိုးပြုသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဘူးသီးတောင် မောင်တောဒေသတွင် လုံခြုံရေးပိုမိုအရေးကြီးပါကြောင်း၊ မိမိတို့ပြည်သူများအတွက် စိုးရိမ်ကြောင့်ကြမှုများ နည်းပါးအောင်ဖြစ်နိုင်လျှင် စိုးရိမ်ကြောင့်ကြမှု ကင်းရှင်းအောင် ဦးစားပေးဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်တို့က ဒေသခံပြည်သူတို့အား အားပေးစကားများ ပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သပိတ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သိန်း ၃၀၀ အား သပိတ်တောင်ကျေးရွာဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘူးသီးတောင်မြို့နယ်တွင် ရေနစ်သေဆုံးသွားကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကျန်ရစ်သူ မိသားစုလေးစုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသည့် လူနာများအား လှည့်လည်ကြည့်ရှုကြပြီး ဆေးရုံဝန်ထမ်းနေအိမ်လေးခန်းတွဲ လေးထပ်အဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**သတင်း- အေဝမ်းစိုး၊ မျိုးသူဟိန်း**
**ဓာတ်ပုံ- အောင်ကျော်စိန် (မြန်/ဆက်)**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရခိုင်ပြည်နယ်) နှစ်ပတ်လည်စည်းဝေးကျင်းပ

**စစ်တွေ ဇူလိုင် ၂၉**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရခိုင်ပြည်နယ်)၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက စစ်တွေမြို့ရှိ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ကျွန်းသားငမန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး လေးဝတီထွန်းစောခိုင်က အသင်း၏ တစ်နှစ်တာဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်အစည်းအဝေးတက်ရောက်လာကြသူများက တင်ပြဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးမှ အသင်းတိုးတက်ရေးအတွက် ရန်ပုံငွေရရှိရေးကို စနစ်တကျကြိုးစားဆောင်ရွက်သွားရန်၊ သတင်းသမားများ လွတ်လပ်စွာသတင်းရယူခွင့်ရရှိရေးအတွက် လိုအပ်လာပါက ပူးပေါင်းဆောင်ရွက်သွားရန်၊ သတင်းမီဒီယာဥပဒေ၌ လိုအပ်နေသော အားနည်းချက်များကို ပြုပြင်နိုင်ရေးအတွက် အကြံပြုတင်ပြသွားရန်၊ စက်တင်ဘာ ၉ ရက်တွင်ကျရောက်မည့် (၇၈)နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရန်၊ အသင်း၏ အလုပ်အမှုဆောင်အစည်းအဝေးကို သုံးလတစ်ကြိမ် ပုံမှန်ပြုလုပ်ပြီး အသင်း၏ လိုအပ်ချက်များကို ဆောင်ရွက်သွားရန်ဟူသော ဆုံးဖြတ်ချက်ငါးရပ်ကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုကြီးစော**



# မအူပင်စက်မှုဇုန် ဆိုလာစနစ်ဖြင့်ဓာတ်အားပေးနိုင်ရေး စာချုပ် ချုပ်ဆို



**ပုသိမ် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေး IPP(Independent power producer)စနစ်ဖြင့် ဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရနှင့် Won Toll Co.,Ltd. တို့ကြား သဘောတူစာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသဘောတူစာချုပ်ကို တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ဝမ်တိုးကုမ္ပဏီ ဥက္ကဋ္ဌ ဦးကွန်းဇော်ထွန်းတို့က လက်မှတ်ရေးထိုးကြသည်။

“ဒီ၂၀၁၇ ခုနှစ်အကုန်မှာ ပထမအဆင့်ဖွင့်လှစ်မယ့် မအူပင်စက်မှုဇုန်အတွက် လိုအပ်တဲ့ ဓာတ်အားပေးနိုင်ဖို့ မဂ္ဂါဝပ်၃ဝထုတ်လုပ်နိုင်တဲ့ Solar Power Plant ကို အမြန်ဆုံးတည်ဆောက်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်”ဟု ဦးကွန်းဇော်ထွန်းက ပြောသည်။

အဆိုပါ ဆိုလာဓာတ်အားပေးရေးစီမံကိန်းကို မြန်မာနိုင်ငံသားပိုင်ဝမ်တိုးကုမ္ပဏီနှင့် ထိုင်းနိုင်ငံအခြေစိုက် Green Energy Max ကုမ္ပဏီတို့က ပူးပေါင်းရင်းနှီးမြှုပ်နှံ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ထိုင်းဘတ်ငွေ ၅ ဒသမ ၅ သန်းရှိကြောင်း သိရသည်။

မအူပင်စက်မှုဇုန် စတင်အကောင်အထည်ဖော်ခြင်းနှင့် ပန္နက်တင်အခမ်းအနားကို မေ ၉ ရက်တွင် ကျင်းပခဲ့ပြီး ယခုနှစ်ကုန်ပိုင်းတွင် ပထမအဆင့်ကို ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့် အကောင်အထည်ဖော်ပြီးစီးပါက အလုပ်အကိုင်နေရာ ၇၇၀၀၀ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်း ဆိုလာစီမံကိန်းအတွက် လိုအပ်သော မြေအကျယ်အဝန်းကို စိုက်ပျိုးမြေမဟုတ်သော မြေလွတ်မြေရိုင်း ဧက ၁၅၀ ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မအူပင်စက်မှုဇုန်စီမံကိန်းနှင့်အတူ ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး**

# ဗြဟ္မဝိဟာရတရားလေးပါး

**အရှင်အာဒိစ္စဝံသ(သာသနာ့တက္ကသိုလ်)**

**ဗြဟ္မဝိဟာရအဓိပ္ပာယ်**

ဗြဟ္မဝိဟာရပုဒ်သည် ဗြဟ္မဟူသောပုဒ်နှင့် ဝိဟာရဟူသောပုဒ်ကို တွဲစပ်ထားခြင်းဖြစ်သည်။ ဗြဟ္မဟူသည်မှာ မြင့်မြတ်ခြင်း၊ ဖြူစင်သန့်ရှင်းခြင်းပင် ဖြစ်သည်။ ဝိဟာရကား နေထိုင်ကျင့်သုံးခြင်း ဖြစ်သည်။ ဗြဟ္မာတို့ကဲ့သို့ နေထိုင်ကျင့်သုံးခြင်းဟုလည်း အဓိပ္ပာယ်ရသည်။ ဗြဟ္မာတို့သည် ဖြူစင်သန့်ရှင်းသောစိတ်ဖြင့် နေထိုင်ကြသကဲ့သို့ပင် ဗြဟ္မဝိဟာရတရားကို ပွားများသူတို့သည်လည်း ဖြူစင်သန့်ရှင်းသောစိတ်ဖြင့်ပင် နေထိုင်တတ်ကြသည်။ မဟာဂေါဝိန္ဒသုတ်၌ ဗြဟ္မဝိဟာရကို ဗြဟ္မစရိယတရားအဖြစ် ဟောကြားတော်မူထားသည်။ ဗြဟ္မစရိယ အဓိပ္ပာယ်မှာ မြတ်သောအကျင့်ဖြစ်သည်။ အဘိဓမ္မာဝေါဟာရအနေအားဖြင့်ကား အပ္ပမညာ ဖြစ်သည်။ အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြုသောကြောင့် ဖြစ်သည်။ ဗြဟ္မဝိဟာရတရားတို့သည် လေးပါးမျှရှိသည်။ ယင်းတို့မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတို့ ဖြစ်သည်။

**မေတ္တာ**

မေတ္တာဟူသည်မှာ သတ္တဝါတို့၏ အကျိုးကို လိုလားသော အခြင်းအရာအားဖြင့် ဖြစ်သော အဒေါသစေတသိက်ပင် ဖြစ်သည်။ မိခင်သည် မိမိသားငယ်၏ အကျိုးကို လိုလား သကဲ့သို့ပင် သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားခြင်းသည် မေတ္တာသဘောပင်ဖြစ်သည်။ ဗျာပါဒ၏ ပျက်စီးခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်းပင် ဖြစ်သည်။ တဏှာချစ် ချစ်ခြင်းသည် မေတ္တာ၏ ပျက်စီးခြင်းဖြစ်သည်။ ရာဂသည် မေတ္တာ၏ အနီးကပ် ရန်သူဖြစ်သည်။ ဗျာပါဒကား မေတ္တာ၏ဝေးသော ရန်သူဖြစ်သည်။

မေတ္တာ၏ လက္ခဏာကား အကျိုးလိုလားခြင်းဖြစ်သည်။ အကျိုးစီးပွားဆောင်ရွက်ခြင်းသည် မေတ္တာ၏ ကိစ္စဖြစ်သည်။ မေတ္တာ၏ သရုပ်သကန်(ပစ္စုပဋ္ဌာန်)ကား ဒေါသကို ပယ် ဖျောက်ခြင်းဖြစ်သည်။ အကောင်းဘက်မှ ရှုမြင်ခြင်းသည် မေတ္တာ၏ နီးကပ်သော အကြောင်း (ပဒဋ္ဌာန်)ဖြစ်သည်။

**မေတ္တာပွားများပုံမှာ-**

သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ= သတ္တဝါအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေဟူ၍ ဖြစ်သည်။

**ကရုဏာ**

ကရုဏာသည် ကရုဏာစေတသိက်ပင် ဖြစ်သည်။ မိခင်သည် သားငယ်ကို မကျန်းမမာဖျားနာမှုမှ သက်သာစေလိုသကဲ့သို့ပင် သတ္တဝါတို့ကို ဒုက္ခမှလွတ်မြောက်စေလိုမှုသည် ကရုဏာ၏ သဘောဖြစ်သည်။ ကရုဏာ၏ ဆန့်ကျင်ဘက် တရားကား ဝိဟိံသာ(ဒေါသ) ဖြစ်သည်။ ဝိဟိံသာသည် ညှဉ်းဆဲလိုသော သဘောရှိသော်လည်း ကရုဏာကား ဒုက္ခမှလွတ်မြောက်စေလိုသော သဘောရှိသည်။ မိမိနှင့်ဆွေမျိုးနီးစပ်တော်သူတို့ ဒုက္ခရောက်နေသည်ကို မြင်ရ၊ ကြားရလျှင် ကရုဏာနှင့် ဆင်တူသော စိတ်ခံစားမှုတစ်မျိုးဖြစ်ပေါ်လာတတ်သည်။ ယင်းကား ကရုဏာအစစ် မဟုတ်ပေ။ ဒေါမနဿ(စိတ်ပူပန်မှု)သာ ဖြစ်သည်။ ကရုဏာ၏ အနီးကပ်ရန်သူကား (ဂေဟသိတဒေါမနဿ)ဖြစ်သည်။ ဝေးသောရန်သူမှာ ဝိဟိံသာ(ညှဉ်းဆဲမှု) ဖြစ်သည်။

ကရုဏာ၏ လက္ခဏာကား ဆင်းရဲဒုက္ခကို ပယ်ဖျောက်ပေးခြင်း ဖြစ်သည်။ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို သည်းမခံနိုင်ခြင်းကိစ္စရှိသည်။ အဝိဟိံသာ (မညှဉ်းဆဲလိုခြင်း)သည် ကရုဏာ၏ သရုပ်သကန် (ပစ္စုပဋ္ဌာန်) ဖြစ်သည်။ ကရုဏာ၏ နီးသောအကြောင်း(ပဒဋ္ဌာန်)ကား ဒုက္ခိတသတ္တဝါ ဖြစ်သည်။

**ကရုဏာပွားများပုံမှာ-**

သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု= သတ္တဝါအားလုံး ဆင်းရဲဒုက္ခမှ လွတ်မြောက်ပါစေဟူ၍ ဖြစ်သည်။

**မုဒိတာ**

မုဒိတာသည်လည်း စေတသိက်တစ်မျိုးပင် ဖြစ်သည်။ ဝမ်းမြောက်ခြင်းဟု မြန်မာပြန်ဆိုနိုင်သည်။ မိခင်သည် သားငယ်ကို ငယ်ရွယ်နုပျိုမှု၌ ကြာမြင့်စွာ တည်စေလိုသကဲ့သို့ပင် သူတစ်ပါးတို့၏ ရပြီးစည်းစိမ်ကို မပျက်စီးစေလိုခြင်း၊ တည်မြဲစေလိုခြင်းသည် မုဒိတာ၏ သဘောဖြစ်သည်။ မုဒိတာသည် အရတိ (မမွေ့လျော်ခြင်း)ကို ပယ်ဖျောက်ကြောင်း ဖြစ်သည်။ အရတိကင်းပျောက်ခြင်းသည် မုဒိတာ၏ ပြည့်စုံခြင်း ဖြစ်သည်။ သို့သော် မိမိနှင့် ဆွေမျိုးနီးစပ်တော်သူတို့၏ ကြီးပွားတိုးတက်မှုကို မြင်ရ၊ တွေ့ရသဖြင့် ရွှင်လန်းနှစ်သက်ခြင်းသည် မုဒိတာအစစ် မဟုတ်ပေ။ လောဘမူ သောမနဿသဟဂုတ်စိတ် (လောဘနှင့်တကွဖြစ်သော ရွှင်လန်းနှစ်သက်သည့်စိတ်)သာဖြစ်သည်။ မုဒိတာ၏ အနီးကပ်ရန်သူမှာ (ဂေဟသိတသောမနဿ) ဖြစ်သည်။ ဝေးသောရန်သူမှာ အရတိဖြစ်သည်။

ဝမ်းမြောက်ခြင်းသည် မုဒိတာ၏ လက္ခဏာ ဖြစ်သည်။ သူတစ်ပါးကြီးပွားသည်ကို မနာလိုမဖြစ်ခြင်းသည် မုဒိတာ၏ ကိစ္စဖြစ်သည်။ ပဋိဃ(အမျက်ထွက်ခြင်း)ကင်းပျောက်ခြင်းသည် မုဒိတာ၏ သရုပ်သကန် (ပစ္စုပဋ္ဌာန်) ဖြစ်သည်။ သတ္တဝါတို့၏ ကြီးပွားတိုးတက်မှုသည် မုဒိတာ၏ နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်သည်။

**မုဒိတာ ပွားများပုံမှာ-**

သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော= သတ္တဝါအားလုံး ရပြီးစည်းစိမ်မှ မဆုတ်ယုတ်ကြပါစေကုန်လင့်၊ ရပြီးစည်းစိမ်တို့ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ကြပါစေဟူ၍ ဖြစ်သည်။

**ဥပေက္ခာ**

ဥပေက္ခာဟူသည်မှာ တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာ စေတသိက်ပင်ဖြစ်သည်။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြံအရံ အကျော်အစောရရှိခြင်း၊ မရရှိခြင်းဟူသော လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံသောအခါ စိတ်ကိုအလယ်အလတ်ထားခြင်း၊ မျှမျှတတ ရှုမြင်တတ်ခြင်းသည်လည်း ဥပေက္ခာပင်ဖြစ်သည်။ မိခင်သည် သူတစ်ပါး အကူအညီမပါဘဲ တစ်စုံတစ်ရာကိစ္စဆောင်ရွက်နိုင်သော သားကိုမြင်သောအခါ မိမိစိတ်ကို အလယ်အလတ်ထား မျှမျှတတ ရှုမြင်တတ်သကဲ့သို့ တစ်စုံတစ်ခုသောကိစ္စကို သူတစ်ပါး၏ အကူအညီမပါဘဲ ဆောင်ရွက်နိုင်သောသတ္တဝါတို့အပေါ်တွင် စိတ်ကို အလယ်အလတ်ထားခြင်း၊ မျှမျှတတရှုမြင်ခြင်းသည် ဥပေက္ခာသဘောပင်ဖြစ်သည်။ ချစ်ခြင်း၊ မုန်းခြင်း အစွန်းနှစ်ဖက်ကို ရှောင်ရှားနိုင်ခြင်း(ဝါ)ချစ်ခြင်း၊ မုန်းခြင်းတို့၏ မရှိခြင်းသည် ဥပေက္ခာ၏ ပြည့်စုံခြင်းဖြစ်သည်။ ဥပေက္ခာ၏ အနီးကပ်ရန်သူမှာ ဂေဟသိတအညာနုပေက္ခာ (လူမှုဘဝကို အလေးမထားခြင်း)ပင် ဖြစ်သည်။ ဝေးသောရန်သူကား ရာဂ(တပ်မက်မှု)နှင့် ပဋိဃ(အမျက်ထွက်မှု)တို့ ဖြစ်သည်။

ဥပေက္ခာသည် သတ္တဝါတို့အပေါ် အလယ်အလတ်ထားခြင်း လက္ခဏာ ရှိသည်။ ညီမျှစွာရှုခြင်း (မျှမျှတတ ရှုခြင်း) ကိစ္စရှိသည်။ ရန်လိုမှုကို ငြိမ်းစေလိုသော သရုပ်သကန်(ပစ္စုပဋ္ဌာန်) ရှိသည်။ ကံအတိုင်း ဖြစ်ကြ၏ဟု ရှုမြင်ခြင်း အနီးကပ်အကြောင်းတရား (ပဒဋ္ဌာန်) ရှိသည်။

**စင်စစ်ဗြဟ္မဝိဟာရတရားတို့သည် လူသားတစ်ဦး၏ ဘဝကိုမြှင့်တင်ပေးနိုင်သည်။ လူ့ဘဝကို မြင့်မြတ်စေသည်။ သာမန်လူသားဘဝမှသည် ကြီးကျယ်မြင့်မြတ်သူ ဖြစ်စေနိုင်သည်။ လူတိုင်းလည်း ဤတရားတို့ကို ပွားများနိုင်သည်။ ဘာသာရေး၊ အသားအရောင်၊ လူမျိုးရေး၊ အဖိုအမ မခွဲခြားဘဲ အားလုံးသော ပုဂ္ဂိုလ်တို့အနေဖြင့် ဤတရားတို့ကို ပွားများမည်ဆိုလျှင် ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းစွာ မွေ့လျော်ဖွယ်ရာ သုခဘုံဖြစ်လာမည်မှာ ဧကန်မုချပင်ဖြစ်သည်**



အရှင်အာဒိစ္စဝံသ

**ဥပေက္ခာပွားများပုံမှာ-**

သဗ္ဗေ သတ္တာ ကမ္မဿကာ=သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်ဟူ၍ ဖြစ်သည်။

**ဗြဟ္မဝိဟာရ ပွားများခြင်း အကျိုး**

ဗြဟ္မဝိဟာရတရားတို့ကို ပွားများခြင်းဖြင့် ဝိပဿနာ ချမ်းသာ (ဝိပဿနာသုခ)၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း (ဘဝသမ္ပတ္တိ)၊ ချက်ချင်းလက်ငင်း ချမ်းချမ်းသာသာ နေနိုင်ခြင်း (ဒိဋ္ဌဓမ္မသုခဝိဟာရ)ဟူသော အကျိုးတရားတို့ကိုရရှိခံစား နိုင်သည်။ ထို့အပြင် အောက်ပါ အကျိုး ၁၁ မျိုးကိုလည်း ရရှိခံစားနိုင်သည်။

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးထရခြင်း၊
၃။ မကောင်းသော အိပ်မက် မမြင်မက်ခြင်း၊
၄။ လူတို့ ချစ်ခင်ခြင်း၊
၅။ နတ်တို့ ချစ်ခင်ခြင်း၊
၆။ နတ်တို့ အစောင့်အရှောက်ကို ရခြင်း၊
၇။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့ မသင့်ခြင်း၊
၈။ သမာဓိရလွယ်ခြင်း၊
၉။ ရုပ်ရည်အဆင်း ကြည်လင်ခြင်း၊
၁၀။ မတွေမဝေ(ကြည်လင်စွာ) သေရခြင်း၊
၁၁။ သေသောအခါ ဗြဟ္မာ့ပြည်သို့ လားရခြင်း။

**နိဂုံး**

ဤဗြဟ္မဝိဟာရတရားလေးပါးကို အမြဲမပြတ်ပွားများ အားထုတ်သင့်ပေသည်။ အကြောင်းမှာ ဤတရားတို့သည် ဒေါသ၊ ဝိဟိံသာ၊ ဣဿာ (ငြူစူခြင်း) နှင့် ရာဂနှင့်ပဋိဃ (အမျက်ထွက်မှု) တို့ကို ပယ်ဖျောက်ပေးနိုင်သောကြောင့် ဖြစ်သည်။ ဒေါသသည် လူတို့သန္တာန်၌ရှိသော အဖျက်စွမ်းအား ကြီးမားသည့် မကောင်းသော စရိုက်တစ်မျိုး ဖြစ်သည်။ မေတ္တာ၏ ဆန့်ကျင်ဘက်လည်း ဖြစ်သည်။ ဝိဟိံသာကား ကြောက်မက်ဖွယ်ရာ အနိဋ္ဌာရုံတို့ကို ဖြစ်စေသော စရိုက်ဆိုး ဖြစ်သည်။ ကရုဏာ၏ ဆန့်ကျင်ဘက်လည်း ဖြစ်သည်။ ဣဿာ (ငြူစူမှု)သည်ကား မိမိဘဝကို အဆိပ်သင့်စေသော စရိုက်ဆိုးတစ်မျိုးဖြစ်သည်။ မုဒိတာနှင့်လည်း ဆန့်ကျင်သည်။ ရာဂနှင့် ပဋိဃတို့ကား ဥပေက္ခာ၏ ရန်သူများ ဖြစ်ကြသည်။

စင်စစ် ဗြဟ္မဝိဟာရတရားတို့သည် လူသားတစ်ဦး၏ ဘဝကို မြှင့်တင်ပေးနိုင်သည်။ လူ့ဘဝကို မြင့်မြတ်စေသည်။ သာမန်လူသားဘဝမှသည် ကြီးကျယ်မြင့်မြတ်သူ ဖြစ်စေနိုင်သည်။ လူတိုင်းလည်း ဤတရားတို့ကို ပွားများနိုင်သည်။ ဘာသာရေး၊ အသားအရောင်၊ လူမျိုးရေး၊ အဖိုအမ မခွဲခြားဘဲ အားလုံးသော ပုဂ္ဂိုလ်တို့အနေဖြင့် ဤတရားတို့ကို ပွားများမည်ဆိုလျှင် ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းစွာ မွေ့လျော်ဖွယ်ရာ သုခဘုံဖြစ်လာမည်မှာ ဧကန်မုချပင်ဖြစ်သည်။

**အရှင်အာဒိစ္စဝံသ**
**ဌာနစုမှူး**
**သုတေသန ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်**
**ကမ္ဘာအေးကုန်းမြေ**
**ရန်ကုန်မြို့**

**(ယခုဆောင်းပါးအား ၃၀-၇-၂၀၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)**

## မြန်မာ့ရုပ်မြင်သံကြား

၃၀-၇-၂၀၁၇(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - **လေးဆူဓာတ်စံ ရွှေစာရံစေတီတော်**
၈း၃၅ - **ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ်** (လားရှိုးမြို့)
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **“ပြိုမှာလေလားမိုးရဲ့”** ကောလိပ်ဂျင်နေဝင်း၊ မောင်ရှုပ၊ ချိုပြုံး (ဒါရိုက်တာ-မောင်ဝဏ္ဏ)

**ညပိုင်း**

၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **“ည”** ချမ်းမင်းရဲထွဋ်၊ ငြိမ်းသော်၊ Russell၊ နက်ရှိုင်းကို၊ အောင်ရဲထိုက်၊ မိုးယသော်၊ နန်းထရေစီ၊ နန်းခေးမို၊ မြတ်နိုးအေး (ဒါရိုက်တာ-ထူးပိုင်ဇော်ဦး)
၁၇း၃၅ - Sunday Talk
၁၈း၄၀ - Road to SEA Games
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြေပျိုမယ်ရဲ့မာယာလှည့်ကွက်** (အပိုင်း-၁၂)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၀ - **ငြိမ်းချမ်းရေးဂီတပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်** (လားရှိုးမြို့)

## သုံးခွမြို့တွင် အရုဏ်ဆွမ်းများ တစ်နှစ်ပတ်လုံးလောင်းလှူလျက်ရှိ

**သုံးခွ ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် သီတင်းသုံးလျက်ရှိသော သံဃာတော်များ အရုဏ်ဆွမ်း အဆင်ပြေစေရန် ခုနစ်နေ့ မဟာသံဃိကသံဃာဒါန အရုဏ်ဆွမ်းလောင်းအသင်း ဓမ္မာရုံများကို မြန်မာသက္ကရာဇ်(၁၂၉၂) ခုနှစ်မှစ၍ ဖွဲ့စည်းတည်ထောင်ကာ ခေတ်အဆက်ဆက် အစဉ်အလာမပျက် အရုဏ်ဆွမ်းများ လောင်းလှူလာသည်မှာ ယခုဆိုလျှင် ၈၇ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

သုံးခွမြို့တွင် အရုဏ်ဆွမ်းလောင်းအသင်းဓမ္မာရုံများကို (တနင်္ဂနွေမှ စနေနေ့အထိ) ရပ်ကွက် ၁၊ ၂၊ ၄၊ ၆၊ ၁၂၊ ၉၊ ၅ တို့တွင် ဖွဲ့စည်းတည်ထောင်ကာ နေ့စဉ်ရက်များအလိုက် တစ်နှစ်ပတ်လုံး လောင်းလှူလျက်ရှိသည်။

ခုနစ်နေ့ အရုဏ်ဆွမ်းလောင်း အသင်းတစ်သင်းချင်းစီအား တိုက်ရိုက်ဖြစ်စေ ခုနစ်နေ့အသင်းအားလုံးသို့ဖြစ်စေ အလှူငွေများ လှူဒါန်းလိုပါက ဖုန်း-၀၅၆-၄၀၀၈၁၊ ၀၉-၄၂၀၀၅၃၈၃၄၊ ၀၉-၄၀၁၆၀၀၈၃၄၊ ၀၅၆-၄၀၀၀၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရောဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုနှင့် ကမ်းပြိုမှုအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့်အတူ ရေကြီးနစ်မြုပ်သော ကျေးရွာများမှ ယာယီရေဘေးစခန်းများ၌ နေထိုင်သော ပြည်သူ ၆၃၀ ကို ယနေ့ နံနက်ပိုင်းက ဓနုဖြူမြို့ ကျိုက္ကလွန်ပွန်းစေတီပရိဝုဏ်အတွင်းရှိ ဦးဖိုးရွှေ တန်ဆောင်းတော်ကြီး၌ တွေ့ဆုံအားပေးစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ပုံမှန်ကျရောက်နိုင်သည့် နိုင်ငံစာရင်းတွင် ပါဝင်နေသဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံကာ ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ယမန်နှစ်က အတွေ့အကြုံအရ ကြိုတင်ပြင်ဆင်မှုများကို ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် စိုးရိမ်ရေအမှတ်သို့ ရောက်ရှိခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှု များစွာသက်သာလျော့နည်းခဲ့ပါကြောင်း၊ ထို့ကြောင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့်အတူ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယာယီစခန်းများ၌ သဘာဝဘေးကြောင့် ခေတ္တနေထိုင်စဉ်ကာလအတွင်း ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် မပြန့်ပွားနိုင်ရေးအတွက် ကြိုတင်သတိပြု နေထိုင်ကြရန်၊ လက်ကို မကြာခဏဆေးကြောခြင်းဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အထူးဂရုပြုနေထိုင်ကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောမင်းသူက သဘာဝဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးပြီး ဓနုဖြူမြို့ စည်ပင်တာပေါင်အဆင့်မြှင့်တင်ခြင်းအတွက် ငွေကျပ်သိန်း ၂၄၀၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးတွင် အသုံးပြုရန်အတွက် ဖိုက်ဘာစက်တပ်လှေသုံးစင်းနှင့် အသက်ကယ်အင်္ကျီ အထည် ၃၀ အတွက် ငွေကျပ် ၆၉ သိန်း၊ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း အခု ၄၀၀ နှင့် ဆပ်ပြာအပိုင်း ၂၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့ ရတနာသိင်္ဂီကျောင်းတိုက်သို့ ရောက်ရှိကြပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များ ပြောင်းရွှေ့ခဲ့ကြရသည့် မိသားစု ၁၂၅ စု၊ လူဦးရေ ၅၅၈ ဦးတို့ကို တွေ့ဆုံအားပေးစကား ပြောကြားပြီး လတ်တလော စားသုံးရန်အတွက် ဆန်ရိက္ခာ တစ်ပတ်စာထောက်ပံ့ငွေကျပ် ၁၁၇၁၈၀၀၊ တစ်အိမ်ထောင်လျှင် အိမ်ပြောင်းရွှေ့စရိတ် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၁၂၅ သိန်း၊ ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ၁၂၅ ပုံးနှင့် နှာခေါင်းစည်း အခု ၄၀၀၊ ဆပ်ပြာအပိုင်း ၂၀၀၊ ဖိုက်ဘာစက်တပ်လှေ သုံးစင်းနှင့် အသက်ကယ်အင်္ကျီအထည် ၃၀ အတွက် ငွေကျပ် ၆၉ သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ယနေ့ ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ် ၅၄၁၄၆၈၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရာသီဥတုအခြေအနေကြောင့် ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပမည့်ရက် ပြောင်းလဲမည်

**နေပြည်တော် ဇူလိုင် ၂၉**

မိုးရာသီကာလအတွင်း ဒေသတချို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီး မြေပြိုခြင်း၊ ရာသီဥတုအခြေအနေဆိုးရွားခြင်းတို့ကြောင့် တိုက်ရိုက်ထုတ်လွှင့်မှုအတွက် အသုံးပြုရမည့် OB Van (Outdoor Broadcasting Van)၊ DSNG(Digital Satellite News Gathering) ယာဉ်ကြီးများ၊ Audio နှင့် Lighting ပစ္စည်းများတင်ဆောင်သော Box Truck ယာဉ်ကြီးများသည် အချိန်မီသွားရောက်ရန် အခက်အခဲရှိနေပါသဖြင့် ကလေးမြို့တွင် ဩဂုတ် ၁၃ ရက်၌ ကျင်းပရန်လျာထားသည့် အသံစစ်ဆေးခြင်းနှင့် ပြိုင်ပွဲယှဉ်ပြိုင်မှုအား တိုက်ရိုက်ထုတ်လွှင့်ပေးမည့် အစီအစဉ်များကို ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ဘားအံမြို့တွင် ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပထုတ်လွှင့်ပြီးမှသာ ကလေးမြို့တွင် ဂီတပွဲတော်ကို ပြောင်းလဲကျင်းပရန် လျာထားပြီး ကလေးမြို့တွင် ပြုလုပ်မည့် အသံစစ်ဆေးမှုနှင့် ပြိုင်ပွဲယှဉ်ပြိုင်မှုအား တိုက်ရိုက်ထုတ်လွှင့်ပေးမည့် အစီအစဉ်များကို အသေးစိတ် ထပ်မံကြေညာပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ဒါးကမြစ်ရေကြီးမှုကြောင့် ကန်ကြီးထောင့်မြို့တွင် မိုးစပါး ၁၉၅၄ ဧက ရေနစ်မြုပ်၊ စာသင်ကျောင်းအချို့ ယာယီပိတ်ထားရ

**ကန်ကြီးထောင့် ဇူလိုင် ၂၉**

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေကြီးမှုနှင့် မိုးအဆက်မပြတ်ရွာသွန်းမှုတို့ကြောင့် မြို့နယ်အတွင်းရှိ စိုက်ပျိုးပြီး မိုးစပါး ၁၉၅၄ ဧက ရေဝင်နစ်မြုပ်ခဲ့ပြီး အခြေခံပညာ ကျောင်းအချို့ကိုလည်း ယာယီပိတ်ထားရကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ဆပ်ကွင်း၊ ကွင်းယားအရှေ့၊ လဟာကလူ၊ အဓလောက်၊ ဒီးဒုတ်၊ ကွမ်းသီးပင်ဆိပ်၊ ဒါးက၊ ဘုရားချောင်း၊ ဆိပ်သာ ကျေးရွာအုပ်စုများမှ တောင်သူ ၃၄၀ စိုက်ပျိုးထားသော မိုးစပါးစိုက်ပြီး ဧက ၁၂၃၄၁ ဧကတွင် ၁၉၅၄ ဧကမှာ ရေဝင်နစ်မြုပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

ထို့အပြင် အဆိုပါမြစ်ရေမြင့်တက်မှု ကြောင့် ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင်လည်း မြို့နယ်အတွင်း အခြေခံပညာကျောင်းများထဲမှ အလက(ခွဲ) ဒါးကမြို့မ၊ အမက-ရေကျော်ကုန်း၊ အမက-ပိုက်သောင်၊ အမက-ဇန်းမော်ချောင်း၊ အမက-ကြိမ်ချောင်းနှင့် ညောင်ချောင်း-မူလွန်ကျောင်းတို့ကို ထပ်မံပိတ်ထားရပြီး ယခင်ပိတ်ထားရသော (အမက)ကျောင်းနှစ်ကျောင်းအပါအဝင် စုစုပေါင်း ကျောင်းရှစ်ကျောင်းအား ယာယီပိတ်ထားရကာ မြစ်ရေပြန်လည်ကျသွားပါက စာသင်ချိန်များကို အဖိတ်နေ့နှင့် တနင်္ဂနွေနေ့များတွင် အစားထိုးသင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းထိုက် (မြန်/ဆက်)**

# ဥက္ကံမြို့တွင် လှိုင်မြစ်ရေမြင့်တက်မှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းစတင်ဖွင့်လှစ်

**တိုက်ကြီး ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဂေါ့ကျေးရွာအုပ်စုတွင် လှိုင်မြစ်ရေမြင့်တက်မှုကြောင့် အိမ်ခြေ ၄၀၀ ကျော် ရေနစ်မြုပ်နေပြီး မြသက်သာဘုန်းကြီးကျောင်း ရေဘေးကယ်ဆယ်ရေစခန်းသို့ အိမ်ထောင်စု ၅၀၊ လူဦးရေ ၁၇၀ တို့အား ဇူလိုင် ၂၇ ရက်က ကယ်ဆယ်ရေးစခန်းဖွင့်ထားကြောင်း ဂေါ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ပြောသည်။

"လှိုင်မြစ်ရေမြင့်တက်ခြင်းကြောင့် အိမ်တွေကတော့ မြုပ်နေကြတာတော့ များတယ်။ ဇူလိုင် ၂၄ ရက်က မြစ်ရေ တစ်ရှိန်ထိုး တက်လာပေမယ့် ရေမြုပ်နေအိမ်တွေမှာ ဒေသခံများ နေလို့ရသရွေ့ နေအိမ်အတွင်းအဆင့်ထိုးနေကြပြီး နေလို့မရပါက ကယ်ဆယ်ရေးစခန်းသို့ လာကြတယ်"ဟု ဂေါ့ကျေးရွာအုပ်စု ရပ်မိရပ်ဖများက ပြောသည်။

ဂေါ့ကျေးရွာ ရပ်မိရပ်ဖများနှင့် အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ရှိသူများက ရေဘေးသင့် ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်းသို့ စက်လှေများဖြင့် သွားရောက်ခေါ်ကြသော်လည်း နေလို့ရသရွေ့နေရစေရန် တောင်းပန်ခြင်း၊ ၎င်းတို့ တိရစ္ဆာန်များဖြင့် ကယ်ဆယ်ရေးစခန်းသို့ မသွားနိုင်ကြောင်း ပြောသည်။

အဆိုပါရေကြီးမှုကြောင့် ဇူလိုင် ၂၁ ရက်မှ စတင်၍ ဘိန္နောကျေးရွာ အုပ်စုမှ အလက(ခွဲ)ကျောင်း ရေပေါ်သောင်အုပ်စု အလယ်ကင်းကျေးရွာ မူလွန်ကျောင်းနှင့် သဲရိုးအမကတို့ ပိတ်ထားပြီး ဇူလိုင် ၂၄ ရက်က ဂေါ့ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ အမက၊ သနပ်ကုန်းကျေးရွာအမက၊ ပျဉ်မကုန်းကျေးရွာအုပ်စု ဇောင်တော်ကန်းကျေးရွာ အမက၊ ပျော်ဘွယ်စုကျောင်းစု အမက၊ ကျောင်း ဥတိုအုပ်စုကျောင်းစု အမက ကျောင်းနှင့် ရေနက်ကွေ့ အမက စာသင်ကျောင်း စုစုပေါင်း ကိုးကျောင်း၊ ကျောင်းသား ၇၆၀ တို့ရှိကြောင်း တိုက်ကြီးမြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယပညာရေးမှူး ဦးမောင်မောင်လတ်က ပြောသည်။

၂၀၁၇ ခုနှစ် ဇူလိုင်လ တတိယပတ်မှစတင်၍ လှိုင်မြစ်ရေကြီးမှုကြောင့် ဥက္ကံမြို့ ကျေးရွာအုပ်စု လေးစုမှ ရေဘေးသင့်အိမ်ထောင်စု ၉၀၀ ကျော်တို့ကို ကယ်ဆယ်ရေးစခန်း ကိုးခု ဖွင့်လှစ်ထားခဲ့ကြောင်း ဥက္ကံမြို့အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်ဦးက ပြောကြားသည်။ ယခုနှစ် ကယ်ဆယ်ရေးစခန်းများနှင့် ရေနစ်မြုပ်ကျေးရွာများတွင် တာဝန်ရှိသူများမှအပ အလှူရှင်များ လာရောက်မှုနည်းပါးလျက်ရှိပြီး ရေသန့်ရရှိမှုခက်ခဲသော ကျေးရွာများရှိကြောင်း ရေမြုပ်ကျေးရွာများမှ သိရသည်။

**ထွန်းလှိုင်**

# ရေကြီး၍ ပြောင်းရွှေ့နေအိမ်များအား ကွင်းဆင်းစစ်ဆေး

**တနင်္သာရီ ဇူလိုင် ၂၉**

သိန်ခွန်းချောင်းနှင့် ငဝံချောင်းဆုံရာနေရာဖြစ်သည့် တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းလမုရွာ ကမ်းနားလမ်းတစ်လျှောက်တွင် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်က မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်တို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ ချောင်းလမုကျေးရွာမှ အိမ်ထောင်စု ၁၁ စုသည် နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေရပြီး ၎င်းတို့အတွက် မြို့နယ်အစီအစဉ်ဖြင့် ဆန် ၁၀ အိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ဆက်လက်၍ သောက်ရေသန့်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**နန်းသာရီ-ထိန်ဝင်း(မြန်ဆက်)**

# ကားလမ်းများရေကျော်သည့်နေရာတွင် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အန္တရာယ်မဖြစ်စေရေးကူညီဆောင်ရွက်ပေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အောက်သက်န်းချောင်းနှင့် သံပုရာကျေးရွာကြား ဦးယုချောင်းအနီးတံတား မိုင်တိုင်အမှတ် (၈/၄ နှင့် ၂/၉ )ကြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၉ ရက်မှစတင်ကာ ရေတစ်ပေခွဲခန့် ရေကျော်လျက်ရှိရာ လတ်တလောဖြတ်သန်းသွားလာလျက်ရှိသည့် ယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးညီညီ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ သံပရာကျေးရွာမှ အုပ်ချုပ်ရေးအဖွဲ့များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များဖြင့် မှတ်တိုင်များ စိုက်ထူပေးခြင်း၊ ကူညီဖြတ်သန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# ကလေးဝ ဆည်ကြီး- အင်ဒုတ်ကြိုးတံတားနှင့် ယုဇလယ်-ဆည်ကြီးလမ်းရှိ သစ်သားတံတား ရေတိုက်စားမျောပါ

**ကလေးဝ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ယခုရက်ပိုင်းမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၂၉ ရက် နံနက် ၀၀း ၅၅ နာရီက တောင်ကျချောင်းရေများစီးဆင်းခဲ့ရာ ဆည်ကြီးကျေးရွာနှင့် အင်ဒုတ်ကျေးရွာကြား ဆက်သွယ်ထားသော ကလေးဝမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ရွှေကံဦးကုမ္ပဏီက တည်ဆောက်ထားသည့် အရှည် ပေ ၄၅၀ ရှိ ဆည်ကြီး- အင်ဒုတ်ကြိုးတံတား အရှေ့ဘက်ခြမ်း ရေတိုက်စားမှုကြောင့် ကြိုးတံတားမှာ ချောင်းအတွင်း မျောပါသွားခဲ့သည်။

အလားတူ ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကောင်းကင်ဇေယျာ ကုမ္ပဏီက တည်ဆောက်သော ယုဇလယ်-ဆည်ကြီးလမ်းရှိ ပေ ၄၀ သစ်သားတံတားသည်လည်း ရေတိုက်စားမှုကြောင့် တောင်ဘက်ကမ်းချဉ်းကပ်ခုံ ချောင်းအတွင်းမျောပါသွားခဲ့ပြီး လူနှင့် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ချင်းတွင်းသား**



# ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားနေမှုအခြေအနေ၊ ကြိုတင်ကာကွယ်မှုနှင့် ရှောင်ရန်ဆောင်ရန်များ

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏ္ဍိတ)၊ မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-ဇော်မင်း**

**လက်ရှိကာလတွင် ပြည်သူများစိုးရိမ်နေသည့် ရာသီတုပ်ကွေးရောဂါ (H1 N1) ဗိုင်းရပ်စ်ရောဂါပိုးနှင့်ပတ်သက်၍ ဖြစ်ပွားနေမှုအခြေအနေ၊ ကြိုတင်ကာကွယ်မှုနှင့် ရှောင်ရန် ဆောင်ရန်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးကျွမ်းကျင်မှုဆိုင်ရာ အကြံပေးပညာရှင် ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းနှင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆေးပညာဌာန၊ ပါမောက္ခဌာနမှူး ဒေါက်တာဝင်းနိုင်တို့နှင့် တွေ့ဆုံ မေးမြန်းခဲ့မှုများကို ပြည်သူများ သိရှိနိုင်ရန် ဖော်ပြပေးလိုက်ပါသည်။**



ဒေါက်တာဝင်းနိုင်

**“ ကုသလို့ရပါတယ်။ တစ်ခုတော့ရှိတာပေါ့။ သူကဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တာ ဖြစ်တဲ့အတွက် ဒီရောဂါဖြစ်ပွားလို့ရှိရင် ဘယ်အဆင့်ဖြစ်သလဲ၊ ဘယ်လောက်ဆိုးသလဲ၊ နောက်ဆက်တွဲ ဆိုးကျိုးတွေအနေနဲ့ ဘယ်လောက်ရှိသလဲဆိုတဲ့ အချက်တွေအပေါ်မှာ မူတည်ပြီးတော့ ကုသရတာဖြစ်ပါတယ် ”**

**မေး ။ ပြည်သူလူထုအနေနဲ့ လက်ရှိကာလမှာ ရာသီတုပ်ကွေးရောဂါ H1 N1 ဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေဖြစ်နေတဲ့အပေါ်ကို ရှင်းပြပေးပါ။**

ဒေါက်တာဝင်းနိုင် **(ဖြေ)** ။ ရာသီတုပ်ကွေးဆိုတာကတော့ ရာသီအလိုက်ပေါ်လာတဲ့ တုပ်ကွေးဖြစ်ပါတယ်။ နှစ်တိုင်းနှစ်တိုင်း ဖြစ်တတ်တယ်။ တကယ်တော့ နှစ်တိုင်းဆိုတဲ့နေရာမှာ တစ်နှစ်ကို ကြိုကြား ကြိုကြား နှစ်ကြိမ် သုံးကြိမ် ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ဒီလို မိုးအဝင်ကာလနဲ့ ဆောင်း အကူးကာလတွေမှာ ပိုပြီးတော့ အဖြစ်များပါတယ်။ ရာသီတုပ်ကွေးက နှစ်စဉ် ဖြစ်နေကျ တုပ်ကွေးဖြစ်ပါတယ်။

**မေး ။ ရာသီတုပ်ကွေးရောဂါဟာ အသက်ဆုံးရှုံးစေနိုင်တဲ့အထိ ဖြစ်စေပါသလား။**

ဒေါက်တာဝင်းနိုင် **(ဖြေ)** ။ ရာသီတုပ်ကွေးကတော့ နိုင်ငံတော်တော်များများမှာ ဖြစ်သလို ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဖြစ်ပါတယ်။ ပြန်ကြည့်လိုက်ရင် ရောဂါပြင်းပြင်းထန်ထန် ဖြစ်ပေါ်ပြီး အသက်အန္တရာယ်ထိခိုက်နိုင်တဲ့အထိ ဖြစ်ပေါ်နိုင်ပါတယ်။ ဒါဟာလည်း ရောဂါဖြစ်ပွားနေရတဲ့ လူရဲ့ကိုယ်ခံအားအပေါ်မှာ မူတည်ပြီးခံစားရတာပါ။ နောက်ထပ် ကမ္ဘာမှာ ကြည့်ရင်လည်း ရာသီတုပ်ကွေးရောဂါပိုးတွေက ပိုးအသစ်တွေ ဖြစ်ပေါ်လာပြီးတော့ ကပ်ရောဂါအသွင်ဖြစ်ပွားကာ လူတွေရဲ့ အသက်အန္တရာယ် ဆုံးရှုံးခဲ့တဲ့ရာဇဝင်တွေလည်း ရှိခဲ့ဖူးပါတယ်။ ဒါကြောင့် ပြည်သူလူထုကိုပြောချင်တာကတော့ ရာသီတုပ်ကွေးဖြစ်တဲ့အခါမှာ အချို့လူတွေမှာ သိပ်ပြင်းထန်မှုမရှိပေမယ့် တချို့လူတွေမှာတော့ ပြင်းပြင်းထန်ထန်ခံစားပြီး အသက်ဆုံးရှုံးမှုတွေ ရှိတတ်ပါတယ်။

**မေး ။ ဒီတုပ်ကွေးရောဂါကို ကုသလို့ ရနိုင်ပါသလား။ ကြိုတင်ကာကွယ်လို့ရတဲ့ဆေးရှိပါသလား။**

ဒေါက်တာဝင်းနိုင် **(ဖြေ)** ။ ကုသလို့ရပါတယ်။ တစ်ခုတော့ရှိတယ်။ သူကဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်တာဖြစ်တဲ့အတွက် ဒီရောဂါဖြစ်ပွားရင် ဘယ်အဆင့်ဖြစ်သလဲ၊ ဘယ်လောက်ဆိုးသလဲ၊ နောက်ဆက်တွဲ ဆိုးကျိုးတွေအနေနဲ့ ဘယ်လောက်ရှိသလဲဆိုတဲ့ အချက်တွေအပေါ်မှာမူတည်ပြီးတော့ ကုသရတာဖြစ်ပါတယ်။ သာမန်ပြောမယ်ဆိုရင် ရာသီတုပ်ကွေးဖြစ်တဲ့အခါမှာ ဖျားမယ်။ ခေါင်းကိုက်မယ်။ ကိုယ်လက်တွေ မအီမသာဖြစ်ပြီး ကိုက်ခဲနေမယ်။ နှာစေး၊ ချောင်းဆိုးဖြစ်မယ်။ ဒီလိုခံစားနေရတာတွေဟာ သာမန်ဆိုရင်တော့ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့အတွက် သူ့အလိုအလျောက် ပျောက်တတ်ပါတယ်။ ဖြစ်တတ်တဲ့ကာလအနေနဲ့ကတော့ သုံးရက်ကနေ တစ်ပတ်လောက် ကြာတတ်ပါတယ်။ အဲဒီရက်ပိုင်းတွေမှာ သိပ်ပြီးတော့ ပြင်းပြင်းထန်ထန်မရှိဘူးဆိုရင် အကိုက်အခဲပျောက်ဆေးတို့ ဘာမီတွန်တို့ သောက်မယ်၊ ချောင်းဆိုးရင်လည်း ချောင်းဆိုးပျောက်ဆေးလေး သောက်လိုက်ရုံနဲ့ပျောက်ကင်းသွားနိုင်ပါတယ်။ သာမန်ဆိုရင် ဒီလောက်နဲ့ပဲ ပျောက်ကင်းပါတယ်။ သို့သော်လည်းပဲ သိပ်ဆိုးလာပြီး နောက်ဆက်တွဲ ဆိုးကျိုးတွေဝင်လာနိုင်မယ်။ အဖျားက မကျသေးဘဲ ဆက်ပြီးတော့ နမိုးနီးယားတွေ ဝင်လာတာတွေလည်း ရှိပါတယ်။ နမိုးနီးယားပိုးကျတော့ ဗက်တီးရီးယားပိုးကြောင့် ဖြစ်တာပါ။ အဲဒီပိုးကျတော့ ဆေးကုသရေးအပိုင်းမှာ ပိုပြီးတော့ အရေးကြီးပါတယ်။ ပိုးသတ်ဆေး၊ တစ်နည်းအားဖြင့်ပြောရရင် ပဋိဇီဝဆေး သုံးရပါတယ်။ လူနာရဲ့ အခြေအနေပေါ်မှာမူတည်ပြီး ကုသမှုတွေလုပ်ရပါတယ်။ ဆေးရုံရောက်ရင်လည်း အခြေအနေပေါ်မှာမူတည်ပြီး အထူးကြပ်မတ်ဆောင်မှာ ကုသရတဲ့ကုထုံးတွေလည်းရှိပါတယ်။

**မေး ။ နှာခေါင်းစည်း (Mask ) တွေနဲ့ ပတ်သက်ပြီး ဘယ်လို နှာခေါင်းစည်းတွေ သုံးသင့်လဲဆိုတာ ပြောပြပေးပါဦး။**

ဒေါက်တာဝင်းနိုင် **(ဖြေ)** ။ ဒီမေးခွန်းကိုပြောရရင် တုပ်ကွေးရောဂါ ဘယ်လိုကူးစက်သလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ တုပ်ကွေးရောဂါဟာ တစ်ယောက်နဲ့တစ်ယောက် ကူးစက်လွယ်ပါတယ်။ ဘယ်လောက်ကူးစက်လွယ်သလဲဆိုရင် ရောဂါရှိတဲ့ လူတစ်ဦးက နှာချေလိုက်မယ်ဆိုရင် သူ့ထံကထွက်ရှိလာတဲ့ အမှုန်အမွှားတွေနဲ့ ချောင်းဆိုးလိုက်တဲ့အခါမှာထွက်လာတဲ့ သလိပ်တွေ၊ ပိုးမွှားတွေက လေထဲကိုရောက်ပြီး အနီးနားမှာရှိတဲ့ သူတွေဆီကို ကူးစက်နိုင်ပါတယ်။ အဲဒီလို ကူးစက်နိုင်တဲ့အတွက် နှာခေါင်းစည်းတွေသုံးကြတယ်။ နှာခေါင်းစည်းဆိုတာကလည်း သာမန်နဲ့ အထူးပြုလုပ်ထားတဲ့ အမျိုးအစားဆိုပြီး အမျိုးအစားများစွာရှိပါတယ်။ ဒါတွေက သုံးပုံ သုံးနည်းတွေတော့ကွာပါတယ်။ တော်ရုံ အမှုန်အမွှားတွေကိုကာကွယ်နိုင်ဖို့အတွက်ကတော့ သာမန်ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းနဲ့တင်အဆင်ပြေပါတယ်။ အထူးပြုလုပ်ထားတဲ့ N95 Mask ကျတော့ အပေါက်ကလေးတွေက အင်မတန်သေးငယ်တယ်။ (5 ) မိုက်ခရွန်လောက်၊ အရွယ်ပမာဏလောက်အထိ စစ်ထုတ်တဲ့အတွက် လေထုထဲကလာတဲ့ ဗိုင်းရပ်စ်ကို ကာကွယ်ဖို့ လုံလောက်ပါတယ်။ သာမန်နှာခေါင်းစည်းကတော့ (5) မိုက်ခရွန်လောက်၊ အရွယ်ပမာဏလောက်ရှိတဲ့ ပိုးမွှားတွေကို မကာကွယ်နိုင်ပါဘူး။ N95 နှာခေါင်းစည်းကိုတပ်တဲ့အခါမှာလည်း လုံခြုံအောင် တပ်ဖို့လိုပါတယ်။ ယင်းကိုတပ်ထားရင် အသက်ရှူကျပ်တဲ့အတွက် တကယ်အသုံးလိုမှတပ်ပါ။ အဲဒီလိုနည်းနဲ့ ကာကွယ်လို့ရပါတယ်။

ဒေါက်တာစိုးလွင်ငြိမ်း **(ဖြေ)** ။ အခုအချိန်မှာ လူတော်တော် များများကတော့ သာမန်ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းတွေ တပ်နေတာရှိသလို တချို့လည်း N 95 နှာခေါင်းစည်းတွေ တပ်နေတာကိုလည်း တွေ့ရပါတယ်။ ဒါဟာလည်း ပြည်သူလူထုအနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ရာသီတုပ်ကွေးအပေါ်မှာ ကျန်းမာရေး အသိပညာ တော်တော်တိုးတက်လာတဲ့ သဘောပါပဲ။ ကောင်းတဲ့လက္ခဏာပါ။ ဒါပေမယ့်လည်း စနစ်တကျတော့ သုံးစွဲတတ်ဖို့လိုပါတယ်။

ရာသီတုပ်ကွေးရောဂါ (H1N1) ကာကွယ်မှုအပိုင်းနဲ့ပတ်သက်ပြီး ပြည်သူတွေအတွက် အရေးကြီးတဲ့ အချက်ကတော့ ရောဂါပိုးကူးစက် ပြန့်ပွားမှုလမ်းကြောင်းကို သေချာသိဖို့လိုပါတယ်။ တုပ်ကွေးရောဂါဖြစ်ပွားနေတဲ့ လူတစ်ဦးက နှာချေလိုက်မယ်၊ ချောင်းဆိုးလိုက်မယ်ဆိုရင် လူနာဆီက ထွက်တဲ့ ရောဂါပိုးအမှုန်တွေက တည့်တည့်ပဲ သွားပါတယ်။ တည့်တည့် ခြောက်ပေလောက် အကွာအဝေး အထိရောက်ပါတယ်။ တကယ်လို့သာ ခြောက်ပေအတွင်းမှာရှိတဲ့ လူတစ်ယောက်က ဘာအကာအကွယ်မှမရှိဘဲ နေမယ်ဆိုလို့ရှိရင် အဲဒီလူဟာ တုပ်ကွေးရောဂါပိုးတွေပါတဲ့ အမှုန်အမွှား (Droplet)တွေကို ရှူရှိုက်မိပြီး ရောဂါရနိုင်ပါတယ်။ နောက်တစ်နည်းကတော့ ရောဂါပိုးရှိတဲ့လူနာက ချောင်းဆိုးလိုက်တဲ့ အမှုန်အမွှားတွေဟာ အနီးမှာရှိတဲ့ အသုံးအဆောင်ပစ္စည်းတွေရဲ့ မျက်နှာပြင်တွေပေါ်တွေလည်း ရောက်ရှိသွားနိုင်ပါတယ်။ အဲဒီနေရာကို တခြားတစ်ယောက်က အကြောင်းအမျိုးမျိုးနဲ့ ထိတွေ့ကိုင်တွယ်ပြီး အဲ့ဒီကိုင်တွယ်မိထားတဲ့လက်နဲ့ သူတို့ရဲ့နှာခေါင်း၊ပါးစပ်တို့ကို ထိတွေ့မိရင်လည်း ရောဂါပိုးတွေက အသက်ရှူလမ်းကြောင်းထဲကိုရောက်ပြီး ကူးစက်တာမျိုးလည်း ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် ဒီလိုပစ္စည်းတွေကို ကိုင်တွယ်ပြီးတိုင်း၊ လူနာကိုထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာနဲ့ သေချာဆေးကြောပေးဖို့လိုပါတယ်။ အဲဒီလိုလိုက်နာလုပ်ဆောင်ခြင်းအားဖြင့် ဒီရောဂါပိုးက တော်ရုံနဲ့ မကူးစက်နိုင်ပါဘူး။

နှာခေါင်းစည်းတပ်ဆင်မှုနဲ့ပတ်သက်ပြီး အဓိကအားဖြင့် ရောဂါဖြစ်ပွားနေတဲ့ လူနာအနေနဲ့ကတော့ နှာခေါင်းစည်း တပ်ထားဖို့လိုပါတယ်။ ကျန်တဲ့သူတွေ အကုန်လုံး နှာခေါင်းစည်းတပ်ထားပြီး ရောဂါဖြစ်ပွားနေတဲ့သူက နှာခေါင်းစည်း မတပ်ထားရင်လည်း ကျန်တဲ့သူတွေကို ကူးစက်နိုင်ပါတယ်။ တချို့ပြည်သူတွေက နှာခေါင်းစည်းတော့ တပ်ထားတယ်၊ ဒါပေမယ့် နည်းလမ်းမမှန်တာတွေ တွေ့နေရတယ်။ မေးစေ့မှာ ချိတ်ထားတဲ့သူတွေရှိသလို ပါးစပ်ကိုအုပ်ထားပြီး နှာခေါင်းကို ဖော်ထားတာမျိုးတွေလည်း တွေ့နေရတယ်။ တပ်မယ်ဆိုရင်လည်း စနစ်တကျ တပ်သင့်ပါတယ်။ နှာခေါင်းစည်းတပ်ထားရင်းနဲ့လည်း တခြားရောဂါတွေရရှိလာနိုင်တဲ့ အခြေအနေမျိုးတွေလည်း ရှိနိုင်ပါတယ်။ နှာခေါင်းစည်းဆိုတာ ကြာကြာတပ်ထားရင် ပါးစပ်ကထွက်တဲ့ အာငွေ့တွေကြောင့် စိုထိုင်းလာမယ်။ အဲဒီလို စိုထိုင်းလာတာကြောင့် နှာခေါင်းစည်းရဲ့ အပြင်မျက်နှာပြင်မှာ တုပ်ကွေးရောဂါတင် မဟုတ်ဘူး၊ တခြားရောဂါတွေပါ လာကပ်ပြီး ရောဂါကူးစက်လာနိုင်ပါတယ်။ အဲဒီနှာခေါင်းစည်းကိုပဲ အိမ်ရောက်တဲ့အခါမှာ တွေ့တဲ့နေရာမှာ တင်ထားလိုက်မယ်ဆိုပါစို့၊ အဲဒီအချိန်မှာ မိသားစုဝင်တစ်ယောက်က နှာခေါင်းစည်းကို ကိုင်တွယ်တာမျိုးတွေလုပ်ရင်းနဲ့ နှာခေါင်းစည်းကတစ်ဆင့် မိမိ မိသားစုကို ရောဂါပိုးတွေ ကူးစက်နိုင်ပါတယ်။ ဒါကြောင့် အသုံးပြုပြီးသား နှာခေါင်းစည်းတွေကိုလည်း စနစ်တကျသုံးစွဲဖို့နဲ့ သေသေချာချာစွန့်ပစ်ဖို့ အရေးကြီးပါတယ်။

N95 Mask သုံးသင့်တဲ့သူတွေကတော့ ရောဂါဖြစ်ပွားနေတဲ့ လူနာတွေနဲ့ သူတို့ကို အနီးကပ်ပြုစုစောင့်ရှောက်ပေးနေတဲ့ ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေဖြစ်ပါတယ်။ ဒါပေမယ့် အပြင်မှာ N95 Mask တွေ တပ်နေတာလည်း တွေ့ရပါတယ်။ N95 Mask တပ်ဆင်မှုမှာတော့ တပ်ဆင်ပုံနည်းစနစ်က ရောဂါပိုးမဝင်နိုင်အောင် စနစ်တကျ သင်တန်းပေး လေ့ကျင့်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ပိုပြီးဂရုတစိုက် တပ်ဆင်အသုံးပြုကြဖို့လိုပါတယ်။

**မေး ။ တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်မှုအနေနဲ့ တုပ်ကွေးကာကွယ်ဆေးထိုးပြီး ထိရောက်စွာ ကာကွယ်လို့ ရနိုင်ပါသလား။**

ဒေါက်တာဝင်းနိုင် **(ဖြေ)** ။ တုပ်ကွေးကာကွယ်ဆေးဆိုတာ တုပ်ကွေးမဖြစ်ခင်မှာ ကြိုတင်ပြီး ထိုးရတာပါ။ ဒီနှစ် ဒီရာသီမှာ တုပ်ကွေးမဖြစ်ပွားခင်ကတည်းက ကြိုတင်ပြီး ထိုးထားရမှာ ဖြစ်ပါတယ်။ ဆေးတွေကတော့ တစ်နှစ်တစ်ခါ ထိုးဖို့လိုပါတယ်။ တစ်ချိန်တည်းမှာ တစ်နှစ်နဲ့တစ်နှစ် တုပ်ကွေးဖြစ်စေတဲ့ ဗိုင်းရပ်စ်ကလည်းမတူပါဘူး။ ပြောင်းပြောင်း သွားပါတယ်။ ဒီနှစ်ဆိုရင် H1N1 အဖြစ်များပါတယ်။ နောက်နှစ်မှာ အဲတာဖြစ်ချင်မှ ဖြစ်တော့မှာပါ။ ဆေးကြိုတင်ထိုးထားခြင်းအားဖြင့်တော့ ဆေးအာနိသင် ၅၀ ရာခိုင်နှုန်းကနေ အများဆုံး ၈၀ ရာခိုင်နှုန်းအထိ ရရှိနေမှာဖြစ်ပါတယ်။ ဖြစ်ရင်တောင်မှ ရောဂါလက္ခဏာအားဖြင့် သက်သာပါတယ်။ ထိုးထားသင့်ပါတယ်။ ကြိုတင်ကာကွယ်ဆေး မထိုးရသေးသူတွေအတွက်လည်း အားငယ်စရာမလိုပါဘူး။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ ပုံစံမျိုးနေထိုင်ပြီး မကူးစက်အောင်နေဖို့လိုပါတယ်။ ဆေးထိုးသင့် တာကတော့ ဥပမာ အသက်အရွယ်ပိုင်းကြီးတဲ့သူတွေ၊ ကိုယ်ခံအားကျနေတဲ့သူတွေ၊ ရောဂါအခံရှိနေတဲ့သူတွေ ဖြစ်ပါတယ်။ သူတို့က တုပ်ကွေးဖြစ်ရင် သာမန်လူတွေလို မခံနိုင်တော့ ပိုပြီးတော့ ဦးစားပေးထိုးသင့်ပါတယ်။ ကိုယ်ဝန်ဆောင်တွေလည်း ထိုးမယ်ဆို ထိုးထားသင့်ပါတယ်။ ဒါပေမယ့် ကိုယ်ဝန်ဆောင်ရဲ့ ပထမ သုံးလမှာ မထိုးပါနဲ့၊ အဲဒီရဲ့နောက်ပိုင်းမှာထိုးပါ။ ကလေးတွေကိုလည်း ခြောက်လ၊ တစ်နှစ်အထက်ဆိုရင် ထိုးလို့ရပါပြီ။ ကလေးတွေမှာတော့ တော်ရုံတန်ရုံနဲ့ဖြစ်ခဲပါတယ်။ လူလတ်ပိုင်းတွေအနေနဲ့လည်း ထိုးထားရင် ကောင်းပါတယ်။

ဒေါက်တာစိုးလွင်ငြိမ်း **(ဖြေ)** ။ ကမ္ဘာ့နိုင်ငံအလိုက် ဖြစ်ပေါ်တဲ့ တုပ်ကွေးရောဂါပိုးပေါ်မှာမူတည်ပြီး ကာကွယ်ဆေးကို သုံးစွဲရတာဖြစ်တဲ့အတွက်ကြောင့် တစ်ခါတလေ အံကိုက်မဖြစ်ဘူး။ ဒါ့ကြောင့်လည်း အပြည့်အဝကာကွယ်မှု မပေးနိုင်ဘူး။ ဒါကြောင့် အခြား ကြိုတင်ကာကွယ်ရေး နည်းလမ်းတွေကိုလည်း လိုက်နာဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဒေါက်တာဝင်းနိုင် **(ဖြေ)** ။ ရာသီတုပ်ကွေးကာကွယ်ဆေးက တုပ်ကွေးမဖြစ်ခင် ကြိုထိုးရတယ်။ ဒီနှစ် ဒီရာသီမှာ တုပ်ကွေးလာတော့မယ်ဆိုရင် မလာခင်ကတည်းက ကြိုပြီးထိုးရတယ်။ ဆေးတွေကတော့ တစ်နှစ်တစ်ခါ အသစ်အသစ်တွေ ထိုးပေးရတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကာကွယ်ဆေးက တစ်ခါထိုးလိုက်ရင် တစ်နှစ်ပဲခံတယ်၊ နှစ်ပြည့်ပြီဆို သူ့အာနိသင်က ရပ်သွားတယ်၊ တစ်ချိန်တည်းမှာ တစ်နှစ်ထက်တစ်နှစ် တုပ်ကွေးဖြစ်စေတဲ့ တုပ်ကွေးဗိုင်းရပ်စ်ပိုး မတူဘူး၊ ပြောင်းပြောင်းသွားတယ်၊ ဒီနှစ်မှာဆို H1N1 အဖြစ်များတယ်၊ နောက်နှစ်မှာ သူဟုတ်ချင်မှ ဟုတ်တော့မယ်၊ အဲ့ဒီတော့ ကြိုပြီးတော့ မှန်းရခက်တယ်၊ ကမ္ဘာ့ကျန်းမာရေးကထုတ်တဲ့ တုပ်ကွေးကာကွယ်ဆေး ထုတ်တာရှိတယ်။ တုပ်ကွေးဖြစ်တာတွေ စုံစမ်းထောက်လှမ်းထားတာရှိတယ်။ ဘယ်နေရာမှာ ဘယ်တုပ်ကွေးအမျိုးအစားကဖြစ်တယ်၊ ဒီနေရာမှာဖြင့် ဒီတုပ်ကွေး ဒီနှစ်လာတော့မယ်၊ ကြိုပြီးတော့ သူတို့က သိတယ်၊ သိပြီးရင် အဲ့ဒီတုပ်ကွေးအတွက် ဆေးဖော်ရတယ်၊ ဆေးထိုးရမယ်၊ ထိုးသင့်တဲ့သူတွေက ဘယ်သူတွေထိုးသင့်တယ်၊ တစ်ချက်တော့သိရမယ်၊ ထိုးသင့်တဲ့သူတွေက အသက်အရွယ်အားဖြင့် ဘယ်သူက ကိုယ်ခံအားကျလည်းပေ့ါ၊ ကိုယ်ခံအားကျပြီဆိုတဲ့ အချိန်ကျတော့ သာမန်လူတွေလို မခံနိုင်တော့ဘူးပေ့ါ၊ ဒီတော့သူတို့ကို ကြိုပြီး ထိုးထားဖို့ ကောင်းတယ်၊ တစ်ချိန်တည်းမှာပဲ ရောဂါအခံရှိတဲ့သူတွေ၊ ဥပမာ ရင်ကျပ်ပန်းနာရှိတဲ့သူတွေ၊ ကင်ဆာရောဂါရှိတဲ့သူတွေ၊ ဆီးချိုရောဂါရှိတဲ့သူတွေ၊ ဒါမျိုးတွေ ပိုပြီးတော့ ဦးစားပေးသင့်တာပေ့ါ၊ ကိုယ်ဝန်ဆောင်တွေလည်း ထိုးမယ်ဆို ထိုးလို့ရတာပေ့ါ၊ ကိုယ်ဝန်ဆောင်တွေရဲ့ပထမသုံးလမှာ ထိုးလို့မရဘူး၊ နောက်ပိုင်းမှာထိုးလို့ရတယ်၊ ကလေးတွေရော ထိုးလို့ရလားဆိုရင် ခြောက်လ တစ်နှစ် အထက်ဆို ထိုးလို့ရတယ်၊ကလေးတွေမှာ တော်ရုံတန်ရုံဖြစ်ခဲတယ်၊ လူလတ်ပိုင်းတွေရောထိုးသင့်လားမေးရင် ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေက အဓိကပဲ တုပ်ကွေးဖြစ်ပြီဆိုရင် ဆေးခန်းလာမယ်၊ ဆေးရုံလာမယ်၊ လာပြီဆိုရင် သူများတွေက တစ်ကြိမ်ပဲ တွေ့တယ်၊ ကျွန်တော်တို့က အကြိမ်ကြိမ်တွေ့ရတယ်၊ ဒီတော့ ကျန်းမာရေးဝန်ထမ်းတွေ ထိုးသင့်တယ်၊ အကုန်လုံးတော့အရေးကြီးတာပဲ အရေးမကြီးတာတော့ သိပ်မရှိဘူး၊ ဒါပေမယ့် ဆေးက ၅၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်း၊ တစ်နှစ်လောက်ပဲ ခံတယ်၊ ဒါတွေတော့ရှိတာပေ့ါ၊

*စာမျက်နှာ ၉ သို့*

# အခုထက်ထိတော့ တစ်နေရာတည်းမှာ အစုလိုက် အပြုံလိုက်ကြီးရောဂါဖြစ်ပွားတာ အတော်လေးကို နည်းပါတယ်။ ပြင်းထန်တဲ့လူနာတွေ၊ အဆုတ်ရောင်ရောဂါတွေ ကူးစက်တာ ကျွန်တော်တို့ဘက်က စနစ်တကျ တုံ့ပြန်ဆောင်ရွက်နေပါတယ်။

*စာမျက်နှာ ၈ မှ*

**မေး ။ တုပ်ကွေးရောဂါပိုးအမျိုးမျိုးနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦးခင်ဗျ။**

ဒေါက်တာဝင်းနိုင်(ဖြေ) ။ လူတွေမှာလှည့်နေတဲ့တုပ်ကွေးတွေရှိတယ်၊ နောက် ကြက်ငှက်တွေမှာဖြစ်တဲ့ တုပ်ကွေးတွေရှိတယ်၊ တစ်ခါတလေကျတော့ တုပ်ကွေးအချင်းချင်း ပေါင်းဖက်မိတဲ့အခါမှာ ပေါင်းဖက်လို့ရတဲ့ အခြေအနေမျိုးတွေရှိတယ်၊ မျိုးမတူတာတွေလည်း ရှိတယ်၊ အဲတော့ တုပ်ကွေးပိုးတွေပြန်ကြည့်တဲ့အခါမှာ ဖြစ်စဉ်အရ မျိုးရိုးဗီဇပြောင်းသွားတာ၊ နည်းနည်းပြောင်းတာနဲ့ များများပြောင်းတာပဲရှိတယ်၊ မျိုးဗီဇပြောင်းသွားတယ်ဆိုတာရှိနိုင်တယ်၊ တုပ်ကွေးကို နှစ်မျိုးစဉ်းစားရတယ်၊ တစ်ခုက ပြင်းတဲ့အားအဖြစ်နှုန်း၊ လူကို ဘယ်လောက်အထိတိုက်ခိုက်နိုင်လဲပေါ့၊ နောက်တစ်ခုက တစ်ယောက်နဲ့ တစ်ယောက်ကို ကူးစေနိုင်တဲ့ တစ်ခုနဲ့တစ်ခုကမတူဘူး၊ တစ်ခုက ပျော့ပျော့လေးနဲ့ ၊ တချို့က ပြင်းတယ်၊ လူကိုထိရင်။ ဒါပေမယ့် ကူးစက်ဖို့တော့နှေးတယ်၊ ဗီဇဓာတ်လုံးဝကြီးပြောင်းသွားလို့ရှိရင် ပြင်းအား ဖြစ်အားလည်းများမယ်၊ ကူးစက်တာလည်းများမယ်၊ အဲဒီလိုဖြစ်လာပြီဆိုရင်တော့ အတိုင်းအတာကတော်တော်ဆိုးမှာဖြစ်တယ်။ တစ်ယောက်နဲ့တစ်ယောက်ကူးတယ်၊ တော်တော်ကြီးဆိုးတယ်၊ ပျံ့တာလည်း လွယ်တယ်။ ရာသီတုပ်ကွေးက တကယ်လို့ ဗီဇပြောင်းခဲ့ရင်တော့ အဲဒီလိုပြောင်းဖို့အတွက် အခြေအနေပေးလာရင် ကြက်ငှက်တုပ်ကွေး၊ အဲဒီကြက်ငှက်တုပ်ကွေးအမျိုးအစားဟာ အိမ်မွေးသတ္တဝါဖြစ်တဲ့ ဝက်မှာကျတော့ သူလည်းတုပ်ကွေးရှိတယ်၊ ကြက်ငှက်တုပ်ကွေးကိုလည်း လက်ခံတယ်။ လက်ခံပြီးတော့ ပေါင်းဖက်မိပြီး တုပ်ကွေးနှစ်မျိုး ပေါင်းလိုက်ရင် အမျိုးအစားသစ်ထွက်လာမယ်၊ ဒါမျိုးတွေကလည်းရှိသေးတယ်၊ အဲဒီတော့ (Swine Flu)လို့ခေါ်တဲ့ ဝက်တုပ်ကွေးပေါ့ ခုနောက်ပိုင်းမှုဖြစ်တာ၊ ကျွန်တော်တို့ H1N1 ပြောတော့ ရာသီတုပ်ကွေး၊ ဗိုင်းရပ်စ်အတူတူပဲ မှတ်လိုက်တာပေါ့၊ တကယ်လို့ သူ့ရဲ့ဗီဇကိုပြန်ကြည့်ရင် မတူတာလေးတွေတွေ့ရမယ်၊ အဲ့ဒီအနေအထား ကွဲပြားခြားနားချက်ပေါ်မှုတည်ပြီး ကူးစက်တာတွေ၊ ဖြစ်အားများတာတွေ ဖြစ်ကုန်တာပဲ၊ စောစောကပြောတဲ့ ကပ်ရောဂါအသွင်ဖြစ်တယ်ဆိုတာ ဒါမျိုးတွေရှိတယ်။

**မေး ။ အခုဖြစ်နေတဲ့ ရာသီတုပ်ကွေးကို ကပ်ရောဂါလို့ ပြောလို့ရမလား။**

ဒေါက်တာစိုးလွင်ငြိမ်း(ဖြေ) ။ ၂၀၀၉ ခုနှစ်က တစ်ကမ္ဘာလုံးမှာ A(H1N1) pdm 2009 တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံမှာတော့ ဖြစ်ပွားသေဆုံးမှုနည်းပါးခဲ့ပါတယ်။ ဒီရောဂါပိုးက ပညာရှင်တွေခန့်မှန်းထားသလောက် မပြင်းထန်ခဲ့ဘူး၊ ကြက်ငှက်တုပ်ကွေး H5N1 ကျတော့ သေဆုံးနှုန်းများတယ်၊ အဲ့ဒီ A(H1N1) pdm 2009 ဗိုင်းရပ်စ်ပိုးကို ၂၀၁၀ နောက်ပိုင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ရာသီတုပ်ကွေးရောဂါအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် ဒီရောဂါပိုးက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအသွင် မဟုတ်တော့ဘဲ ရိုးရိုးရာသီတုပ်ကွေးဖြစ်သွားပြီ ဒါကိုလည်း ပြည်သူလူထုက သိရှိနားလည်ဖို့ လိုအပ်ပါတယ်၊ ကျွန်တော်တို့ ခုနကပြောသလို ရာသီတုပ်ကွေးရဲ့သဘောသဘာဝအရ ကြက်ငှက်တို့ ဝက်တို့ရဲ့ တုပ်ကွေးနဲ့ ပူးပေါင်းနိုင်တဲ့ အနေအထားမှာ ရှိတဲ့အတွက် မျိုးကွဲတွေက ထပ်ပြီးဖြစ်လာနိုင်တယ်၊ အသစ်တွေကတော့ ပြင်းထန်တယ်၊ ဒီအချိန်မှာကျတော့ ကျွန်တော်တို့က ရာသီတုပ်ကွေးနဲ့ပတ်သက်ပြီး ဗိုင်းရပ်စ်တွေကို ဓာတ်ခွဲစစ်ဆေးလိုက်တဲ့အခါကျတော့ အရင်ပုံမှန်တွေ့နေတဲ့ ရာသီတုပ်ကွေး H1N1 ရယ်၊ နောက် ၂၀၀၉ ခုနှစ်ကနေ ရာသီတုပ်ကွေးအနေနဲ့ ပြောင်းသွားတဲ့ A(H1N1)pdm 2009 ကလည်းရှိနေတာ တွေ့ရပါတယ်၊ အမျိုးသားဓာတ်ခွဲဌာနနဲ့ ကူးစက်ရောဂါဌာနအနေနဲ့ ဒါတွေကို စောင့်ကြပ်ကြည့်ရှုနေတယ်။


ဒေါက်တာစိုးလွင်ငြိမ်း

အိန္ဒိယနိုင်ငံမှာ ကျွန်တော်တို့လိုပဲ၊ နှစ်မျိုးပဲ A(H1N1) pdm 2009 ပျံ့နှံ့နေတယ်၊ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ ထိုင်းတို့မှာလည်း ပျံ့နှံ့နေတယ်၊ ကပ်ရောဂါအနေနဲ့ ကြေညာတော့မယ်ဆိုရင် တိုင်းပြည်ရဲ့ရောဂါဖြစ်ပွားသေဆုံးမှုနဲ့ ပတ်သက်ပြီး ဘယ်အဆင့်သတ်မှတ်မလဲ ဆိုတာကို နိုင်ငံတကာ ကျန်းမာရေးပြဋ္ဌာန်းချက်အရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ညှိနှိုင်းပြီး သတ်မှတ်ကြေညာရတာဖြစ်ပါတယ်။

အခုလက်ရှိအခြေအနေကတော့ ကပ်ရောဂါဖြစ်ပွားမှုနှုန်းမဟုတ်သေးဘူး၊ ဒါပေမယ့် တချို့မှာတော့ ပြင်းထန်တုပ်ကွေးဆန်တဲ့ လူနာတွေတွေ့နေရတယ်။ ရောဂါရဲ့ သဘောသဘာဝအရ ဘယ်အဆင့်ကို ပြောင်းသွားမလဲဆိုတာ ကျွန်တော်တို့က မပြောနိုင်သေးဘူး၊ ကပ်ရောဂါလို့သတ်မှတ်ဖို့ဆိုတာ အစုလိုက်အပြုံလိုက် တစ်နေရာတည်းမှာ ဖြစ်ပွားမှသာ သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ အခုကတော့ ကြိုတင်ပြင်ဆင် ရောဂါထိန်းချုပ်တဲ့အဆင့်အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကာကွယ်ရေးနဲ့ ကုသရေးလုပ်ငန်းတွေကို အပြည့်အဝစီမံချက်ချမှတ် ဆောင်ရွက်နေတာဖြစ်ပါတယ်။

**မေး ။ လက်ရှိမှာ ရာသီတုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး ဆေးကုသနေတဲ့ လူနာတွေရှိတဲ့အတွက် ဆေးကုသမှုပေးတဲ့အပိုင်းကိုလည်း သိချင်ပါတယ်။**

ဒေါက်တာဝင်းနိုင် (ဖြေ) ။ ရာသီတုပ်ကွေးကအများကြီးပေါ့၊ မိုးကုန်ပြီ၊ ဆောင်းကူးပြီဆို ရာသီပြောင်းပြီဆို ကိုယ်ခံအားတွေက ပြောင်းသွားပြီ။ ကျသွားပြီပေါ့။ အအေးမိတဲ့အခါမျိုးတွေမှာ ဖျားနိုင်ပါတယ်၊ သာမန်ဖြစ်တာဆိုရင်တော့ ပါရာစီတမော၊ ဘာမီတွန်လေးနဲ့ ပြီးသွားတာလည်းရှိတယ်၊ အဲဒီကနေဆိုးလာရင် ဆေးရုံဆေးခန်း ရောက်တာလည်းရှိတယ်၊ ပုံမှန်ဆိုရင်တော့ ပိုးအတွက် ဗိုင်းရပ်စ်ကိုသတ်တဲ့ဆေးသောက်ရင် သူ့ဟာသူပျောက်သွားတယ်၊ ဖျားတာ ငါးရက်၊ ခုနစ်ရက် အဖျားကမကျဘဲ အဲဒီထက်ဆိုးလာရင် နမိုးနီးယားဝင်မယ်၊ အဆုတ်ရောင်မယ်ဆို ဆေးရုံတက်ရမယ်၊ ဆေးထိုးရမယ်၊ ကျွန်တော်တို့မှာ သတ်မှတ်ချက်တွေရှိတယ်၊ ဘယ်လောက် ပြင်းထန်သလဲ၊ နမိုးနီးယားဖြစ်တိုင်းလည်း အိမ်မှာကုလို့ရတာရှိတယ်၊ လွယ်လွယ် သတ်မှတ်ရင် ကျောက်ကပ် ကောင်းသလား၊ သွေးပေါင်ချိန်ကောင်းသလား၊ အသက်ရှူ မြန်နေသလား၊မောနေသလား၊ အသက် ၆၅ နှစ်ကျော်နေပြီလား၊ အဲဒီ ငါးချက်ကို ရွေးလိုက်တယ်၊ အဲဒီ ငါးချက်မှာ တစ်ချက်လောက်ပဲဆို အကြောင်းမဟုတ်ဘူး၊ နှစ်ချက်လောက်ဆို ဆေးရုံတက်ရဖို့များတယ်၊ သုံးချက်ဆို အထူးကြပ်မတ်ဆောင်ထဲ ဝင်ရတယ်၊ ဘာကြောင့်လဲဆိုတော့ အဆုတ်ရောင်လို့ နမိုးနီးယားဖြစ်ပြီဆို ခုနကပြောတဲ့ အချက်သုံးချက်လောက်ဖြစ်ပြီဆို ဆေးရုံတင်ပြီး ကုပါတယ်၊ သူက ဗက်တီးရီးယားပိုးတွေရဲ့ နောက်ဆက်တွဲပေါ့။

ဗက်တီးရီးယားပိုးတွေကို သတ်ဖို့ကျတော့ ပဋိဇီဝဆေးတွေ ပိုးသတ်ဆေးတွေပေးတယ်၊ ပိုးသတ်ဆေးတွေ ပေးတိုင်းလည်း ဒီပိုးက သေချင်မှ သေတာ၊ ပိုးသတ်ဆေးကို ယဉ်ပါးနေတဲ့ ပိုးတွေရှိတယ်၊ အဲဒီပိုးတွေဝင်ရင်တော့ အဲဒီပိုးသတ်ဆေးကို ထိုးပေးလည်းမရဘူး၊ ဖြစ်တဲ့ပိုးရယ်၊ ပေးတဲ့ဆေးရယ် ကိုက်ညီရမယ်၊ ဆေးအာနိသင်ကလည်း ရှိရမယ် အဲဒီအခါကျရင် နိုင်သွားပြီ၊ တစ်ခါတလေကျတော့ သိပ်ကိုဆိုးနေတယ်ဆိုရင် ပိုးသတ်ဆေးပေးလို့ မပြီးပြန်ဘူး၊ သူက မောနေသလား၊ ဒါဆိုရင် အောက်ဆီဂျင်ပေးရတာပေါ့၊ အောက်ဆီဂျင်ပေးတာကို သူမရှုနိုင်ဘူး၊ တစ်ခါတလေကျတော့ နောက်ဆက်တွဲဆိုးကျိုးတွေ၊ နမိုးနီးယားတင်မကဘူး၊ နှလုံးကိုလည်းသွားဖောက်တယ်၊ နောက်တစ်ခါ ကျောက်ကပ်က အလုပ်မလုပ်ဘူး ဖြစ်လာတယ်၊ အဲဒီတော့ ဆီးအဆိပ်တွေတက်တယ်၊ ကျောက်ကပ်က ပျက်စီးလာတယ်၊ ဒီလိုမျိုးနောက်ဆက်တွဲတွေ ထပ်ဝင်လာတာရှိတတ်တယ်၊ စောစောစီးစီးလာတယ်၊ ကုမယ်ဆိုအများစုက လွယ်လွယ်ကူကူနဲ့ ကုသလို့ရမှာပါ။ အခုဖြစ်သွားတဲ့ကိစ္စတွေမှာလည်း လောလောဆယ် ပြန်ကြည့်ရင် နမိုးနီးယားကြောင့် ဆိုပြီးတော့ တော်တော်လေးကို မောနေတဲ့ လူနာတွေတွေ့တယ်၊ အဲဒီလူတွေမှာ ပိုးသတ်ဆေးပေးကြတယ်၊ ကုကြတယ်။

**မေး ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)ကို အခုဖြစ်နေတဲ့ တုပ်ကွေးရောဂါနဲ့ပတ်သက်ပြီး အကူအညီတောင်းခံထားတယ်လို့သိရပါတယ်၊ ဒါနဲ့ပတ်သက်ပြီး သိချင်ပါတယ်။ ရာသီတုပ်ကွေးက တစ်နေရာတည်းမှာ အစုလိုက်အပြုံလိုက်ဖြစ်တာရှိလား။**

ဒေါက်တာစိုးလွင်ငြိမ်း(ဖြေ) ။ WHO နဲ့ ပူးပေါင်းဆောင်ရွက်တာပဲရှိပါတယ်။ လတ်တလောဖြစ်နေတဲ့ တုပ်ကွေးရောဂါရဲ့ မျိုးရိုးဗီဇကို အသစ်ဟုတ်မဟုတ် ဓာတ်ခွဲစစ်ဖို့ ကိစ္စတွေ၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးနဲ့ ပတ်သက်ပြီး နည်းပညာပိုင်းဆိုင်ရာ အကူအညီတွေ၊ အဖွဲ့ဝင်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စတွေ၊ နိုင်ငံတကာကျန်းမာရေး စည်းမျဉ်းနဲ့အညီ ဆောင်ရွက်ရမယ့်ကိစ္စတွေမှာတော့ WHO နဲ့ ဝန်ကြီးဌာန ညှိနှိုင်းဆောင်ရွက်ရတဲ့အပိုင်းတွေ ရှိပါတယ်။ လောလောဆယ်ကတော့ WHO က ရာသီတုပ်ကွေးအနေနဲ့ပဲ သတ်မှတ်ဆောင်ရွက်ထားပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနရှိတယ်၊ အမျိုးသားဓာတ်ခွဲဌာနရှိတယ်၊ ဒီဌာနတွေနဲ့ ပေါင်းပြီး ကျွန်တော်တို့က (Influenza Like Illness) (Severe Acute Respiratory Infection) တုပ်ကွေးရောဂါဆန်တဲ့ ရောဂါစောင့်ကြပ်ကြည့်ရှုလုပ်ငန်းတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းမှာ ဆောင်ရွက်လျက်ရှိပါတယ်။

အခုထက်ထိတော့ တစ်နေရာတည်းမှာ အစုလိုက်အပြုံလိုက်ကြီး ရောဂါဖြစ်ပွားတာ အတော်လေးကို နည်းပါတယ်။ ပြင်းထန်တဲ့လူနာတွေ၊ အဆုတ်ရောင်ရောဂါတွေ ကူးစက်တာ ကျွန်တော်တို့ဘက်က စနစ်တကျ တုံ့ပြန်ဆောင်ရွက်နေပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ဌာနဆိုင်ရာတွေနဲ့ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးသလို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ နှိုးဆော်ချက်တွေကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ။

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

- ❖ ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန် ဆောင်းအကူးကာလများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ❖ ရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်နိုင်ပါသည်။
- ❖ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်သည်။ ကူးစက်ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပါသည်။
- ❖ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။
- ❖ ရောဂါလက္ခဏာများမှာ - ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ ဖြစ်ပါသည်။

**ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။**

- ❖ နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများကူးစက်မှုကို ဟန့်တားရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေ၊ ချောင်းဆိုးရန် တိုက်တွန်းအပ်ပါသည်။ (လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းတို့ အသုံးပြုနိုင်ပါသည်။)
- ❖ ရောဂါပိုးများသည် လက်တွင် ကပ်ငြိနေနိုင်သဖြင့် ချောင်းဆိုး၊ နှာချေပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့်ဆပ်ပြာတို့ဖြင့် လက်ဆေးပါရန် တိုက်တွန်းပါသည်။
- ❖ တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။
- ❖ ရောဂါလက္ခဏာများပေါ်ပေါက်ပါက လုံလောက်စွာ အနားယူခြင်း၊ အရည်များများ သောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ်တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**မိမိတွင် တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက ဆေးရုံ/ ဆေးခန်းတို့တွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ရာသီတုပ်ကွေးကာကွယ်ရေးဟောပြောပွဲများ ကျင်းပ

ပြည် ဇူလိုင် ၂၉

ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲနယ်မြေ စည်ကြီးဆွဲရပ်ကွက် အောင်ရတနာလမ်းရှိ အကျွတ်အလွတ်အောင်စကြာစေတီဓမ္မာရုံ၌ ဇူလိုင် ၂၈ ရက်က အသိပညာပေးဟောပြောပွဲပြုလုပ်ရာ မြို့နယ် ဒုတိယမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရောဂါနှိမ်နင်းရေးမှ ဒေါက်တာသဋ္ဌာက အသိပညာပေးဟောပြောခဲ့ကြောင်း၊ ယင်းကဲ့သို့ဟောပြောမှုများကို ရွာဘဲ၊ ဆံတော် ၊ ခေတ္တရာမြို့သစ်၊ ပြည်သာယာ၊ ရွာဘဲနယ်မြေဖက်တန်းရပ်ကွက်၊ ရွှေကူရပ်ကွက်၊ မူယာပင်ရပ်ကွက်၊ ဂန္ဓမာရပ်ကွက်တို့တွင် ဟောပြောကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ရာသီတုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်နှင့် ကာကွယ်ရေးလှုပ်ရှားမှု နတ်မောက်မြို့၌ဆောင်ရွက်

**နတ်မောက်** ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ဇူလိုင် ၂၉ ရက် နံနက်၉နာရီက H1N1ရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်နှင့် ကာကွယ်ရေး လှုပ်ရှားမှုဆောင်ရွက်ချက်များကို မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ပြီး ပရဟိတအဖွဲ့များ၊ စေတနာရှင်များနှင့်ပူးပေါင်း၍ သတိပေးနှိုးဆော်ချက်များ ဆောင်ရွက်ခဲ့သည်။

အဆိုပါ H1N1ရောဂါဆိုင်ရာသတိပေးနှိုးဆော်ချက်နှင့် ကာကွယ်ရေးလှုပ်ရှားမှု လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်း(Mask)တို့ကို မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့မှ စတင်ပြီးမြို့မစည်ပင်သာယာရေးဈေးအတွင်းရှိ ဈေးရောင်းဈေးဝယ်ပြည်သူများ၊ ကြက်သား၊ အမဲသား၊ ဝက်သား၊ ငါးများ ရောင်းချနေသည့်ဈေးသည်များအား အဓိကထားဖြန့်ဝေပေးခဲ့ပြီး နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၊ (၂)နှင့် (၃)တို့တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေနှင့် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့တို့က မြို့မစည်ပင်သာယာရေးဈေးနှင့် အခြေခံပညာအထက်တန်း ကျောင်းများကို လက်ကမ်းစာစောင် ၈၀၀၀ ၊ နှာခေါင်းစည်း ၆၇၁၄ ခုတို့ကို စေတနာရှင်ပြည်သူများက အကုန်အကျခံ လှူဒါန်း၍ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# မြန်အောင်မြို့ဥစားကြက်ခြံတစ်ခြံ၌ ကြက်ကောင်ရေ ၁၅၀ ခန့်သေဆုံး

**မြန်အောင် ဇူလိုင် ၂၉**

မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ဥစားကြက်မွေးမြူသော ကြက်ခြံတစ်ခြံ၌ ဇူလိုင် ၂၈ ရက်က ကြက်ကောင်ရေ ၁၅၀ ခန့် သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ ကြက်ခြံတွင် ဥစားကြက်အကောင်ရေ ၄၀၀ ခန့် မွေးမြူထားကြောင်း၊ သေဆုံးသောကြက်များကို ကြက်ခြံပိုင်ရှင်က မြေမြှုပ်ခဲ့ပြီး ကျန်ရှိသော ကြက်ကောင်ရေ ၂၅၀ ကို ဇူလိုင် ၂၉ ရက်တွင် သုတ်သင်၍ မြေမြှုပ်ခဲ့ကြောင်း သိရှိရသည်။ ကြက်များသေဆုံးမှု ဖြစ်ပွားသော ကြက်ခြံသို့ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ ကြက်ခြံအားဆေးဖျန်းခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပြီး သေဆုံးသောကြက်များနှင့် ကြက်ဥများကို ပြည်သူလူထုအတွင်း ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန် တားမြစ်ထားကြောင်း၊ သေဆုံးသော ကြက်များကို ဌာနမှ ခွဲစိတ်စစ်ဆေးရာတွင် အပြင်းစားလည်လိမ်ရောဂါဟု ယူဆရကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာလှိုင်ဆွေထံမှ သိရသည်။ မြန်အောင်မြို့နယ်အတွင်းရှိ ဥစားကြက်၊ အသားစားကြက်မွေးမြူသော ကြက်ခြံများတွင် ကြက်များ သေဆုံးမှုဖြစ်ပွားခြင်းရှိ၊ မရှိကိုလည်း ဌာနပေါင်းစုံပါဝင်သော အဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ ထံမှ သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

# ရေးမြို့နယ်မှ H1N1 သံသယရှိသူတစ်ဦး ရန်ကင်းကလေးဆေးရုံ၌ သေဆုံး

**ရေး ဇူလိုင် ၂၉**

မွန်ပြည်နယ် ရေးမြို့နယ် ကျောက်မိချောင်းကျေးရွာအုပ်စု ဝယ်ဇင်ဖလံကျေးရွာအနီးရှိ ရော်ဘာခြံတွင်နေထိုင်သော ဦးကြယ်နီ၏သားဖြစ်သူ မောင်သန်းမင်းဦး (၃ နှစ် ၆ လ) သည် ဖျားနာ၍ နေမကောင်းစတင်ဖြစ်ရာမှ ရေးမြို့ပြည်သူ့ဆေးရုံတွင် ဇူလိုင် ၂၂ရက်မှ စမ်းသပ်ကုသခဲ့ကြောင်း သိရသည်

ဆက်လက်ပြီး ပြင်းထန်သောရောဂါနှင့်အတူ မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ဇူလိုင်၂၈ ရက်အထိ မနက် ၄ နာရီတွင် လွှဲပြောင်းစမ်းသပ်ကုသပေးခဲ့ရာ ထပ်မံ၍ ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံသို့ ဇူလိုင်၂၈ ရက် ညနေ ၆ နာရီတွင် ရောက်ရှိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ ရန်ကင်းကလေးဆေးရုံ၌ ဆေးကုသမှုခံယူနေသော မောင်သန်းမင်းဦးသည် အဆုတ်အလွန်ပွ၍ အသက်ရှူကျပ်ကာ ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီတွင် သေဆုံးသွားခဲ့ပြီး အဆိုပါကလေး၏ မိဘဆွေမျိုးများထံ ဆက်သွယ်မေးမြန်းမှုအရ H1N1 သံသယရောဂါဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အတည်ပြုပြောကြားသည်။

အဆိုပါ ရေးမြို့နယ်အတွင်း H1N1 သံသယရောဂါဖြစ်ပွားခဲ့သည့် ကျောက်မိချောင်းကျေးရွာအုပ်စု ဝယ်ဇင်ဖလံကျေးရွာ အနီးဝန်းကျင်တွေမှာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို လတ်တလောအခြေနေမှာ သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့ဝင်တွေက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ် (ရေး)**

# ထိုင်းနိုင်ငံမှပြန်လာသည့် အလုပ်သမားများအား H1N1 ရောဂါလက္ခဏာ ရှိ၊ မရှိ အထူးစစ်ဆေး

**မြဝတီ ဇူလိုင် ၂၉**



ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ ဇွန် ၂၉ ရက် နံနက်ပိုင်းမှစပြီး ပြန်လည်ရောက်ရှိလာရာ မြဝတီမြို့ ရွှေ့ပြောင်းအလုပ်သမားရုံး၌ ဖွင့်လှစ်ထားသည့် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းတွင် ခရိုင်ကျန်းမာရေးဝန်ထမ်းများက ဇူလိုင် ၂၇ ရက် နံနက်ပိုင်းမှစတင်ပြီး ပုံမှန်ဆေးကုသခြင်းလုပ်ငန်းများအပြင် H1N1 ရောဂါရှာဖွေရေးလုပ်ငန်းများကိုပါ အထူးစစ်ဆေးဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံကပြန်လာတဲ့ အလုပ်သမားတွေကို ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ပုံမှန်ဆောင်ရွက်ပေးနေပါတယ်။ အခု H1N1 ရောဂါတွေရှိမှုတွေ ရှိနေတာကြောင့် ဒီပြန်လည်ကြိုဆိုလက်ခံရေးစခန်းမှာပါ အပူချိန်တိုင်းကိရိယာနဲ့ တိုင်းတာစစ်ဆေးပါတယ်။ အဲဒီလို စစ်ဆေးတဲ့အခါ ဖျားနေတာကိုတွေ့ရင် ဖျားနေတာဘယ်နှစ်ရက်ရှိပြီလဲ၊ သုံးရက်နဲ့အထက်ဖျားနေပြီး ချောင်းတွေဆိုးနေမယ်၊ နှာတွေစေးနေမယ် စတဲ့လက္ခဏာတွေတွေ့ရင် H1N1 ရောဂါနဲ့ပတ်သက်နိုင်တာကြောင့် ဆေးရုံတင်ပြီး ကုသဖို့လိုအပ်တဲ့အတွက် မြဝတီဆေးရုံကြီးကို ပို့ဆောင်ကုသရမှာဖြစ်ပါတယ်။ ဆေးရုံကြီးမှာလည်း ဒီသံသယရှိလူနာ တွေ့ရှိခဲ့ရင် ကုသဆောင်ရွက်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒါ့အပြင် ရပ်ကွက်တွေမှာလည်း ဒီရောဂါနဲ့ပတ်သက်ပြီး ဟောပြောပွဲတွေ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ခရိုင်ပြည်သူ့ဆေးရုံကြီး မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ တာဝန်ခံ ဆရာမ ဒေါ်စန်းစန်းမြင့်က ပြောသည်။

အဆိုပါ ပြန်လည်ကြိုဆိုလက်ခံရေးစခန်းတွင် ဇူလိုင် ၂၇ ရက်က ထိုင်းမှ ပြန်လာသူ ၈၅ ဦး၊ ၂၈ ရက်၌ ၆၂ ဦးနှင့် ၉ ရက် နံနက်ပိုင်းတွင် ၆၀ ကျော်ခန့်ရှိပြီး စုစုပေါင်း ၂၀၀ ကျော်ခန့် ကျန်းမာရေးစစ်ဆေးခဲ့ပြီး H1N1 ရောဂါနှင့်ပတ်သက်သည့် လက္ခဏာများရှိသူ မတွေ့ရသေးကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# အနံ့ဆိုးနှင့် ယင်ကောင်များကြောင့် ပတ်ဝန်းကျင်ထိခိုက်နေသည်ဆိုသည့် ပဲခူးမြို့နယ်ရှိ ကြက်ခြံကို တိုင်းဒေသကြီးဝန်ကြီး သွားရောက်စစ်ဆေး

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးမြို့ အင်းတကော်နယ်မြေရဲစခန်းအပိုင် အင်းတကော်မြို့ အမှတ်(၆)ရပ်ကွက် ကုန်းသံဒင်းကျေးရွာရှိ မြတ်မင်းကုမ္ပဏီက ငှားရမ်းလုပ်ကိုင်နေသော Myanmar cp livestock Co.Ltd ကြက်ခြံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်သို့ ယင်ကောင်များ ပျံ့နှံ့နေမှုအပေါ် ဒေသခံများမှ ကျန်းမာရေးအခြေအနေများ စိုးရိမ်နေကြောင်း လူမှုကွန်ရက်သတင်းအရ တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးသည် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက သက်ဆိုင်ရာဌာနများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး ပတ်ဝန်းကျင်ရှိ ပြည်သူများထံသို့ အနံ့ဆိုးများမရောက်ရှိရန် အနံ့ဆိုးထိန်းသိမ်းမှုစနစ်နှင့် ယင်ကောင်များ မပေါက်ပွားစေရန်နှင့် စနစ်တကျပြုလုပ်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ကိုလွင် (ဆွာ)**

# မော့တောင်မြို့၌ မွေးမြူရေးကြက်အချို့ သေဆုံးလျက်ရှိ

**တနင်္သာရီ ဇူလိုင် ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မော့တောင်မြို့ မြို့မရပ်ကွက် ပြည်ထောင်စု ၂ လမ်းနေ ဦးကျော်ဦး၏နေအိမ်၌ ကြက်ခြောက်ကောင်နှင့် မြို့မဈေးအနောက်လမ်းနေ ဦးထွန်းနိုင်၏နေအိမ်၌ ကြက်နှစ်ကောင်တို့သည် ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက သေဆုံးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကြက်များသေဆုံးမှုနှင့်ပတ်သက်၍ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်စဉ်ဟုတ်၊ မဟုတ် သိရှိနိုင်ရေး ကွင်းဆင်းဆောင်ရွက်ရန်နှင့် ဆောင်ရွက်မှု အခြေအနေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြရန် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိအား အကြောင်းကြားထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# နိုင်ငံတစ်ဝန်း H1N1 တုပ်ကွေးရောဂါကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

## ဖြူး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက အခြေခံပညာအထက(၁)ကျောင်း၌ ကျင်းပရာ ဆေးပညာရှင်အရာရှိ ဒေါက်တာအောင်မြင့်သူက H1N1 တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဖြူးမြို့ပရဟိတဝါဆိုဦးလှူငယ်အသင်းက ဦးစီးပြီး မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် H1N1 နှာခေါင်းစည်း စုစုပေါင်း ၆၉၈၀ ကို ပေးဝေလှူဒါန်းခဲ့ပြီး ကျန်းမာရေးပညာပေးစာစောင် ၃၀၀၀ ကိုလည်း ပေးဝေလှူဒါန်းခဲ့ကြောင်း ဖြူးမြို့ဝါဆိုဦးလှူငယ်ပရဟိတအသင်းထံမှ သိရသည်။

**ဖြူး- မြင့်ဦး**

## ညောင်ရွှေ

ရာသီတုပ်ကွေး H1N1 ရောဂါကူးစက်မှု မရှိစေရေးအတွက် ညောင်ရွှေမြို့၌ ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက အမှတ်(၁၈) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ၊ အမှတ်(၁၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တောင်ကြီး)၊ ညောင်ရွှေတပ်ဖွဲ့စိတ်မှ ရဲအုပ် ကြည်စိုးနှင့် တပ်ဖွဲ့ဝင်များက မြို့အဝင်လမ်းမ၊ လမ်းဆုံလမ်းခွများတွင် သွားလာနေသော ပြည်သူများ၊ မော်တော်များယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများကို H1N1 ရောဂါနှင့် အခြားရောဂါများ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများကို အခမဲ့ ဖြန့်ဝေတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အောင်လံ

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဟန်စိန် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီခန့်က H1N1 ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးကြိုတင်ကာကွယ်ရေးအတွက် အောင်လံမြို့စမ်းချောင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ရွာထောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် အသိပညာပေး လက်ကမ်းစာစောင်များကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူ ၅၁၂၀ တို့အတွက် နှာခေါင်းစည်း အခု ၅၁၂၀ တို့ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## ကျိုက်မရော

ကျိုက်မရောမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စီးပွားဖြစ်ကြက်မွေးမြူထားသော လုပ်ငန်းရှင်များအား အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ H5N1 ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟင်္သာခန်းမ၌ ကျင်းပရာ ကြက်မွေးသူလုပ်ငန်းရှင် ၂၀၀ ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဌေးတို့က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ ဟေသူနှင်းက ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဟောပြောခဲ့ကာ တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။ ကျိုက်မရောမြို့နယ်အတွင်း မွေးမြူရေး ကြက်ခြံပေါင်း ၂၀၀ ကျော်ရှိပြီး ကြက်ကောင်ရေ ၁၇၆၂၅၀ ကောင်ကို မွေးမြူထားကာ လုပ်ငန်းလိုင်စင် လျှောက်ထားသူမှာ ၁၀၀ ကျော်သာရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နေပြည်တော်

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်၌ ဇူလိုင် ၂၈ ရက်က ရာသီတုပ်ကွေးရောဂါ (H1N1) ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေက ရာသီတုပ်ကွေးနှင့် ကူးစက်မြန်တုပ်ကွေးအကြောင်း၊ (H1N1)ရာသီတုပ်ကွေး၏ သမိုင်းကြောင်းနှင့် ရောဂါလက္ခဏာများ၊ ကာကွယ်ရေးနည်းလမ်းများကို လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောသတောက ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကူးစက်ပုံနှင့် ကာကွယ်ရေးနည်းလမ်းများကို လည်းကောင်း ရှင်းလင်းကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## မိတ္ထီလာ

မိတ္ထီလာမြို့နယ်၌ SHWE YI Co.Ltd နှင့် အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မိတ္ထီလာ)တို့ ပူးပေါင်းပြီး ဒေသခံပြည်သူများအား ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီက မိတ္ထီလာကန်ကူးတံတားပေါ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မိတ္ထီလာ)မှ ဒုရဲမှူး မြင့်စိုးက ရာသီတုပ်ကွေးရောဂါ H1N1 ဗိုင်းရပ်စ်ကူးစက်ခံရမှု မရှိစေရေးအတွက် ရောဂါကာကွယ်ရန် နည်းလမ်းများအတိုင်း စနစ်တကျဆောင်ရွက်ရန်၊ ရောဂါလက္ခဏာတွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူရန် ရှင်းလင်းပြောကြားပြီး တပ်ဖွဲ့ဝင်များက မိတ္ထီလာကန်ကူးတံတားပေါ် ဖြတ်သန်းသွားလာလျက်ရှိသော ဒေသခံပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**



ညောင်ရွှေ၌ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက H1N1 တုပ်ကွေးရောဂါကာကွယ်ရေး နှာခေါင်းစည်းများ ဝေငှပေးစဉ် နေမျိုးသူရိန်

# (၅)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံပြိုင်ပွဲသို့ မြန်မာဗိုဗီနမ် အားကစားသမားများ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၂၉**

အိန္ဒိယနိုင်ငံနယူးဒေလီ၌ ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည့် (၅)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံ (5th World Vovinom Championship 2017) ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ဗိုဗီနမ်အားကစားသမားများ ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကမ္ဘာ့ဗိုဗီနမ်ပြိုင်ပွဲမှာ အားကစားနည်း ၄၃ မျိုး ကျင်းပမယ်လို့ သိရပါတယ်။ မြန်မာအသင်းအနေနဲ့ ပြိုင်ပွဲအမျိုးအစား ၁၅ မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အာရှအဆင့်ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို အခု ကမ္ဘာ့အဆင့်ကို ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ အောင်မြင်မှုတွေ ရရှိနိုင်ဖို့အတွက် ဇွန်လမှစတင်ပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အားကစားရုံ လေ့ကျင့်ရေးစခန်းမှာ တစ်လတာ စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

အဆိုပါ မြန်မာဗိုဗီနမ်အားကစားအဖွဲ့တွင် အုပ်ချုပ်သူနှစ်ဦး၊ နည်းပြတစ်ဦး၊ အားကစားသမား အမျိုးသား ငါးဦး၊ အမျိုးသမီးသုံးဦးတို့က ကစားနည်း ၁၅ မျိုးဖြင့် ဇူလိုင် ၃၁ ရက်တွင် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကမ္ဘာ့ဗိုဗီနမ်အဖွဲ့ချုပ်တွင် ကမ္ဘာ့နိုင်ငံများမှ အဖွဲ့ဝင်နိုင်ငံပေါင်း ၄၅ နိုင်ငံရှိပြီး ယခုကျင်းပမည့် (၅)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ကျော်၊ ကစားသမား ၃၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာဗိုဗီနမ်အသင်းသည် နိုင်ငံတကာပြိုင်ပွဲများကို ၂၀၁၃ ခုနှစ်မှ စတင်ယှဉ်ပြိုင်ခဲ့ပြီး (၂၇) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာအဆင့်ပြိုင်ပွဲသုံးကြိမ်အပါအဝင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာပြိုင်ပွဲ ခြောက်ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ရွှေ ၂၄ ခု၊ ငွေ ၂၂ ခု၊ ကြေး ၄၁ ခုဖြင့် နိုင်ငံ့ဂုဏ်ကို ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**မော်တော်ယာဉ်မောင်းနှင်ရာတွင် ယာဉ်များကျော်တက်နိုင်ကြောင်း အချက်ပြမီးမှားယွင်းအသုံးပြုနေခြင်းနှင့် နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို တာချီလိတ်-ကျိုင်းတုံ အဝေးပြေးလမ်းမကြီး ဟောင်လိတ်လမ်းဆုံနှင့် ပါဆပ်အဆင့်မြင့်ကားလေးကွင်းတို့၌ တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိတ်ဖက်ဌာနများက ဇူလိုင် ၂၈ ရက်က ဒုတိယအကြိမ် ဖြန့်ဝေပေးစဉ်**

မြင့်မိုရ်(တာချီလိတ်)



## ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ရှုံး/ ထွက်ပွဲစဉ် ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

၂၀၁၇ ခုနှစ် နဝမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ရှုံး/ ထွက်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များကို ယနေ့နံနက် ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားရာ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ် (၁)၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အသင်းပွဲတွင် ပွဲပြီးချိန်၌ တစ်ဂိုးစီသရေဖြစ်နေပြီး ပယ်နယ်တီဖြင့် ထပ်မံကစားရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းက ငါးဂိုး- သုံးဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ နေပြည်တော်စည်ပင်သာယာရေး ကော်မတီအသင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းကို ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဇူလိုင် ၃၁ ရက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃) နှင့် ဝဏ္ဏသိဒ္ဓိအားကစား ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်ချက်

၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ "မော်တော်ယာဉ်တွင် တပ်ဆင်ထားသော မီးများနှင့်ယာဉ်မောင်းသူ၏လက်ဖြင့် အချက်ပြပုံများ"အခန်း၌ မော်တော်ယာဉ်အားကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှ ကျော်တက်လိုသော ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ အထူးသဖြင့် ကားကြီးယာဉ်မောင်း အများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေကြပါသည်။ထိုသို့ လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ကျော်တက်ရန် အချက်ပြမှု အမှန်သို့ ချောမွေ့စွာပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးနောက် ၁-၉-၂၀၁၇ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်း အားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည်ဖြစ်ပါသည်။

ထိုသို့ ပြောင်းလဲကျင့်သုံးမှု မတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများရှိနိုင်သည့်အတွက် မော်တော်ယာဉ်ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်ပါမည်။

ယာဉ်မောင်းအားလုံးအနေဖြင့် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊အမြန်လမ်းအားလုံး၌ နောက်မှ ကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာဘက်မီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှန်သို့တစ်ပြေးညီပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# တိရစ္ဆာန်ဥယျာဉ် နေပြည်တော်၌ ဆင်မလေးတစ်ကောင်မွေးဖွား



**နေပြည်တော် ဇူလိုင် ၂၉**

တိရစ္ဆာန်ဥယျာဉ် နေပြည်တော်၌ အသက် (၁၈နှစ်)အရွယ်ရှိ ဆင်မ ဆွေရတနာမှ ဆင်မလေးတစ်ကောင်ကို ဇူလိုင် ၂၉ ရက် (ကမ္ဘာ့ကျားများနေ့)က မွေးဖွားခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် နေပြည်တော် ဆင်ပြကွက်တွင် ဆင်ထီးငါးကောင်၊ ဆင်မ ကိုးကောင်ရှိသည့်အနက်မှ ဆင်ထီးမောင်မောင်လွင်(၂၄ နှစ်)နှင့် ဆင်မ ဆွေရတနာ (၁၈နှစ်)မှ ဇူလိုင် ၂၉ ရက် နံနက် ၁ နာရီ (ကမ္ဘာ့ကျားများနေ့)တွင် ဆင်မလေး (ကျားမေ) အား အောင်မြင်စွာမွေးဖွားခဲ့ပြီး ဆင်မိခင်နှင့် ကလေးမှာ ကျန်းမာလျက်ရှိကြောင်း တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အုပ်ချုပ်ရေးမှူး ဦးသိန်းမင်းအောင်ထံမှ သိရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် နို့တိုက်သတ္တဝါ ၃၅၁ မျိုး၊ ကျေးငှက် ၃၁၂ မျိုး၊ တွားသွားသတ္တဝါ ၆၈ ကောင် စုစုပေါင်း ၇၃၁ ကောင်ရှိကြောင်း သိရသည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- TMA**

# စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သောအစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများကိုလုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | ငါးပိ | ငါးမင်း | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၂။ | လက်ဖက်အခါးနှပ် | ပွင့်သစ် | Sudan III, Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၃။ | လက်ဖက်အညွန့် | ဒေါ်မြတ်တင် | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၄။ | လက်ဖက်ချဉ်စပ်နှပ် | ဒေါ်မြတ်တင် | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၅။ | ထိုင်ဝမ်ဆီးယို | ရှမ်းမလေး | Sodium Hydrosulfite (ခွင့်မပြုဓာတုပစ္စည်း) |
| ၆။ | ချစ်သူသီး (အစိမ်းရောင်) | ရှမ်းမလေး | Sodium Hydrosulfite (ခွင့်မပြုဓာတုပစ္စည်း) |
| ၇။ | ခရမ်းချဉ်သီးယို | သီဟဇော် | Sodium Hydrosulfite (ခွင့်မပြုဓာတုပစ္စည်း) |
| ၈။ | ဂျယ်လီ | သဲသဲ (ဂျယ်လီနှင့် အချိုရည်အမျိုးမျိုး) | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၉။ | Jelly (ရောင်စုံ) | Melody (Juice & Jelly) | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၀။ | ဖလိပ်ပြား (လိမ္မော်ရောင်) | F4 | Orange II (ခွင့်မပြုဆိုးဆေး) |
| ၁၁။ | ကြက်သွန်ခြောက် (လိမ္မော်ရောင်) | ရွှေညွန့်ဖူး | Orange II (ခွင့်မပြုဆိုးဆေး) |
| ၁၂။ | ငါးပိ | ရွှေပြည်စိုး | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၃။ | ပဲကြီးလှော် | ထူးလျှံ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၁၄။ | ပဲကြီးလှော် | ရွှေသရဖီ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၁၅။ | ငါးပိ(အချို) | မချို | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၆။ | အရောင်တင်မှုန့် | ဒါးနှစ်လက် | Sudan III (ခွင့်မပြုဆိုးဆေး) |
| ၁၇။ | အရောင်တင်မှုန့် | ရွှေအိုး | Sudan III (ခွင့်မပြုဆိုးဆေး) |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**စားသုံးရန်မသင့်သောအစားအသောက်နမူနာများ**




ငါးမင်းအမှတ်တံဆိပ် ငါးပိ ပွင့်သစ်အမှတ်တံဆိပ်လက်ဖက်အခါးနှပ်

# ဝမ်းတွင်းမြို့နယ်၌ ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ တစ်ဦးသေဆုံး၊ ၂၅ ဦးဒဏ်ရာရ

**မိတ္ထီလာ ဇူလိုင် ၂၉**

ဝမ်းတွင်းမြို့နယ် ဒိုင်းကောင်းကုန်းကျေးရွာအနီး မိုင်တိုင်အမှတ်(၃၆၆/၀)၌ ဇူလိုင် ၂၉ ရက် နံနက် ၅ နာရီက "အာကာသ"ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်တစ်ဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဝင်းထွန်း မောင်းနှင်ပြီး အကူယာဉ်မောင်း ဖြိုးဟန်ဦး၊ ယာဉ်နောက်လိုက် ခိုင်ဇော်အောင်တို့ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်မှာ မိုင်တိုင်အမှတ်(၃၆၆/၀) ဝမ်းတွင်းမြို့နယ် ဒိုင်းကောင်းကုန်း ကျေးရွာအနီး၌ အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည် ဒေါ်ဖြူမှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး သံဃာနှစ်ပါး၊ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီးကိုးဦး ဒဏ်ရာရရှိခဲ့ပြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်း ဝင်းထွန်းကို ဝမ်းတွင်းမြို့နယ် ရွှေတောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# လူမှုကူညီရေးအသင်းယာဉ်နှစ်စီးတိုက်၍ ခြောက်ဦးဒဏ်ရာရ

**မြင်းမူ ဇူလိုင် ၂၉**

မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာနှင့် မြောင်လမ်းခွဲအကြား မန္တလေး-မြင်းမူ-မုံရွာကားလမ်း မိုင်တိုင် (၅၅/၆ နှင့် ၇) အကြား၌ လူမှုကူညီရေးအသင်းယာဉ်နှစ်စီး တိုက်မိ၍ ခြောက်ဦးဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးဝင်းညွန့် မောင်းနှင်ပြီး ဦးသိန်းနိုင် လိုက်ပါလာသည့် မြတ်စေတနာ (၂) လူမှုကူညီရေးအသင်း စူပါကာစတန်ယာဉ်သည် ရှေ့ဘီးပေါက်ပြီး တစ်ဖက်ယာဉ်ကြောမှ မုံရွာဘက်သို့ သူရမောင် (၂၁ နှစ်) ကိုးပင်ကျေးရွာ မြောင်မြို့နယ်နေသူ မောင်းနှင်ကာ ကျော်ရဲအောင်၊ ဒေါ်နွယ်၊ ဒေါ်လှချော၊ ဒေါ်မိုးကြည်တို့ လိုက်ပါစီးနင်းသည့် SGG 5K/---- ALPHARD စိတ္တသုခ ကျန်းမာရေးကူညီမှုအသင်းယာဉ်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။



အဆိုပါ ဖြစ်စဉ်ကြောင့် ယာဉ်မောင်း ဦးဝင်းညွန့်၊ ဦးသိန်းနိုင်၊ ကျော်ရဲအောင်၊ ဒေါ်နွယ်၊ ဒေါ်လှချော၊ ဒေါ်မိုးကြည် စုစုပေါင်း ခြောက်ဦးတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မြင်းမူမြို့ မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းယာဉ်နှစ်စီးဖြင့် မြင်းမူဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြင်းမူမြို့မရဲစခန်းက ယာဉ်မောင်း ဦးဝင်းညွန့်ကို အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၇၇)**

# ယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေးသစ်ပင်ဝင်တိုက် ယာဉ်မောင်းဖြစ်သူ သေဆုံး

**ကျောက်တံခါး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၂၃/၁ နှင့် ၂)အကြား ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကျော်မျိုးအောင် (၂၆ နှစ်) နံ့သာရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 5B/---- ၁၂ ဘီးယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်ကာ လမ်းဘေးကုက္ကိုပင်ကို ဝင်တိုက်ခဲ့၍ ယာဉ်မောင်း ကျော်မျိုးအောင်မှာ ရရှိသောဒဏ်ရာများဖြင့် နေရာ၌ သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲနွယ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းများ၌ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်စုံနှင့် လက်ကောက်ကွင်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၈ စီး၊ သွင်းကုန် ၅၆၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၁၀၀ ခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ၄၀၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀ ဒသမ ၄၀၅ သန်းခန့်ကိုဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၈ ရက်က မန္တလေးမှ မူဆယ်သို့သွားရောက်မည့် AD Van နှစ်စီးနှင့် Ipsum တစ်စီးတို့ကို သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်၏ခေါင်မိုးပေါ်၌ ငှက်ပျောသီးများဖြင့် ဖုံးအုပ်၍လည်းကောင်း၊ ယာဉ်၏ ရှေ့နောက်ထိုင်ခုံအောက်ဘက်၌ အံဝှက်များပြုလုပ်၍လည်းကောင်း၊ ယာဉ်၏ ရှေ့နောက်ခြေနင်းနှင့် နောက်ဖုံး၌ လည်းကောင်း ဖုံးအုပ်သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်စုံ ၇၂၁ တုံး (1505)kg၊ ကျောက်စိမ်းလက်ကောက်ဟုယူဆရသော ကျောက်လက်ကောက်ကွင်း (အကြမ်း) ၃၅၀ ကွင်း (25)kg နှင့် သယ်ဆောင်သည့်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၀၀ ခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုလားတန်မြစ်အတွင်း စက်လှေတစ်စင်းနှင့်အတူ တစ်ဖက်နိုင်ငံသို့ပို့မည့် ကျွဲ၊ နွား ၂၉ ကောင်နှင့် မသင်္ကာသူ ကိုးဦး ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၉**

ရခိုင်ပြည်နယ် ကုလားတန်မြစ်အတွင်း ယမန်နေ့နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံသို့ပို့မည့် ကျွဲ၊ နွား ၂၉ ကောင်နှင့်အတူ မသင်္ကာသူ ကိုးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တပ်မတော်ရေယာဉ်ဖြင့် ကုလားတန်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၄ နာရီခန့်က မသင်္ကာဖွယ် စက်လှေတစ်စင်းကို တွေ့ရှိသဖြင့် မီးတုတ်ပြ ခေါ်ယူသော်လည်း ထွက်ပြေးသဖြင့် လက်နက်ဖြင့် ပစ်ခတ်၍ လိုက်လံဖမ်းဆီးရာ ပေါက်တောမြို့နယ် သဲခုံရွာအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းစက်လှေပေါ်၌ ပေါက်တောမြို့နယ် စစ်ကဲပြင်ကျေးရွာနေ နိုလူလောက်(ခ)နိုနို အပါအဝင် ကိုးဦးနှင့်အတူ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်မည့် ကျွဲ ၁၀ ကောင်၊ နွား ၁၉ ကောင် စုစုပေါင်း ကျွဲ၊ နွား ၂၉ ကောင်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ဇူလိုင် ၂၈ ရက် ညပိုင်းက မြို့မကညင်တန်း အနောက်ရွာတွင် မသင်္ကာသူတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ည ၁၀ နာရီခန့်က မောင်တောမြို့နယ် မြို့မကညင်တန်း အနောက်ရွာ၌ မသင်္ကာသူ အဒူဟာမီအား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏နေအိမ်ဝင်းအတွင်းရှိ ပိန်းပင်ချုံအတွင်းမှ အရှည် ငါးပေ တစ်လက်မခန့်ရှိ တစ်ဖက်ချွန် သုံးမတ်လုံး သံချောင်းတစ်ချောင်း၊ အရှည် ခြောက်ပေ သုံးလက်မခန့်ရှိ တစ်ဖက်ချွန် ငါးမူးလုံး သံချောင်းတစ်ချောင်း၊ ၁၀ လက်မသစ်သားရိုးတပ် အသွားနှစ်ပေ လေးလက်မခန့်ရှိ အဖျားချွန် ဓားတစ်ချောင်း၊ ရှစ်လက်မ သစ်သားရိုးတပ် အသွားတစ်ပေခန့်ရှိ ဓားတစ်ချောင်း၊ ကိုးလက်မသံရိုးတပ် အသွား တစ်ပေ ကိုးလက်မခန့်ရှိ အဖျားချွန် အသွားထက် ဓားတစ်ချောင်းနှင့် လက်ကိုင်ရိုးမပါ အရိုးအသွား နှစ်ပေ ငါးလက်မခန့်ရှိ အဖျားချွန် အသွားထက် ဓားတစ်ချောင်းတို့ကို သိမ်းဆည်းရမိသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ ရွာသားတစ်ဦးပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ချွတ်ပြင်ကျေးရွာမှ ရွာသားတစ်ဦးမှာ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက မေယုတောင်အနီးသို့ ခရုကောက်ရန်သွားရာမှ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် နယ်မြေ (၁၁) ချွတ်ပြင်ကျေးရွာနေ ဦးသန်းဌေး အပါအဝင် သုံးဦးသည် ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီခန့်က မေယုတောင်အနီး ခရုကောက်ရန် ထွက်ခွာသွားရာမှ ဦးတင်မောင်ဝင်း အပါအဝင် နှစ်ဦးသည် ကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့သော်လည်း ဦးသန်းဌေးမှာ ပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံးနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရွာသားများပူးပေါင်းပြီး လိုက်လံရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ပြည်ထဲရေးဝန်ကြီးဌာန
## မီးသတ်ဦးစီးဌာန
## ရခိုင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မီးသတ်စခန်းများတွင် အောက်ဖော်ပြပါအဆောက်အအုံများ ဆောက်လုပ်ရန်နှင့် မီးသတ်ဝတ်စုံပစ္စည်းများဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြို့နယ်မီးသတ်စခန်း (၂)ထပ်အဆောက်အအုံ (ရမ်းဗြဲမြို့)
(ခ) (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေအိမ် (ရမ်းဗြဲမြို့)
(ဂ) (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေအိမ် (ဘူးသီးတောင်မြို့)
(ဃ) (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေအိမ် (စစ်တွေမြို့)
(င) မီးသတ်တပ်ဖွဲ့ဆိုင်ရာဝတ်စုံများဝယ်ယူခြင်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၇-၂၀၁၇ ရက်
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မေယုလမ်း၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁-၈-၂၀၁၇ ရက် ညနေ ၄း၃၀နာရီ
၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ရခိုင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

**ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှကုသိုလ်ယူနိုင်ပါသည်-**
**(နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)**

| | | | | | |
|---|---|---|---|---|---|
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | ဂယာ ၂၉,၀၀၀ | ကုသိနာရုံ ၁၀,၀၀၀ | နယူးဒေလီ ၂၀,၀၀၀ | ဗုဒ္ဓဂယာ ၃၀,၀၀၀ | ရာဇဂြိုဟ် ၁၀,၀၀၀ |
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ဂယာ ၂၇,၀၀၀ | ကုသိနာရုံ ၂၀,၀၀၀ | သာဝတ္ထိ ၂၅,၀၀၀ | ဗုဒ္ဓဂယာ ၃၀,၀၀၀ | ရာဇဂြိုဟ် ၁၀,၀၀၀ |

*** ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။**

**ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။**
**☎ ၀၁-၆၅၅၅၂၀၊ ၀၉-၅၆၀၀၁၂၃**
**ရုံးခွဲ - အမှတ်(၁၁၀)၊ မြေညီထပ်၊ (၃၉)လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။**
**☎ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၁၂**

## အမည်ပြောင်း

ဦးမျိုးအောင်၏သမီး အုတ်တွင်းမြို့နယ် အထက (ဟင်းဒုတ်ပင်) အဋ္ဌမတန်းမှ မခိုင်သဉ္ဇာအား မခိုင်သဉ္ဇာလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မခိုင်သဉ္ဇာလင်း**

## ဖခင်အမည်မှန်

ပုသိမ်အမှတ်(၃) အထက တက္ကသိုလ်ဝင်တန်းမှ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် အသ ၃၆၂၀ဖြင့် ဖြေဆိုအောင်မြင်သူ မောင်အောင်ဖြိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဦး ၁၄/ပသန(နိုင်)၂၄၄၃၈၃ဖြစ်ပါသည်။ **ဦးသန့်ဇော်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5648 Honda Acty HA6.1 P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကြိုင် ၁၂/မဂဒ(နိုင်)၀၈၅၂၅၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အထက(၃၃) နဝမတန်း(A)မှ မသီရိအောင်၏ ဖခင် ဦးသိန်းတန် ၉/မနတ(နိုင်)၀၈၃၈၂၃ နှင့် ဦးသိန်းနိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသိန်းတန် (ခ) ဦးသိန်းနိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးပွန်ကြောင်၏သား ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့၊ မြို့နယ်ပညာရေးမှူးရုံးတွင် ဒုတိယမြို့နယ်ပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးလဲင်မွေးနှင့် မောင်လင်မောအီ ၄/ဖလန(နိုင်)၀၀၈၆၅၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလဲင်မွေး(ခ)မောင်လင်မောအီ**

## မွေးသက္ကရာဇ်အမှန်

မြောင်းမြမြို့နယ်၊ မြင်းကကွင်းကျေးရွာ (ဘ) ဦးစဂန္ဒီးယား၏သမီး မြောင်းမြမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (ခ) မှ နန့်ဟေမွန်စနိုးဝိုက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၄-၂၀၀၂ ဖြစ်ပါကြောင်း။

အေစီလီဒါ အမ်အက်ဖ်အိုင် မြန်မာ ကုမ္ပဏီ လီမိတက်၏ ရှယ်ယာရှင်ကိုယ်စားလှယ်၊ ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲခန့်အပ်ကြောင်း အများပြည်သူသိရှိစေရန်ကြေညာချက်

အေစီလီဒါ အမ်အက်ဖ်အိုင် မြန်မာ ကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါပုဂ္ဂိုလ်အား ကုမ္ပဏီ၏ ရှယ်ယာရှင် ကိုယ်စားလှယ်နှင့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပြောင်းလဲခန့်အပ်ကြောင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားချက်အရ အများပြည်သူသိရှိစေရန် အသိပေးကြေညာ အပ်ပါသည်။

| ခန့်အပ် | နုတ်ထွက်/အနားယူ |
|---|---|
| 1. Mr. Sebastien NAHON PP No 14FV01110 | 1. Mr.Vincent GROS PP No. 14DL21751 |

ဒါရိုက်တာအဖွဲ့

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ အထကကျောင်းမှ မလှိုင်ဇင်ဦး အဋ္ဌမတန်း (E) ခန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လင်း ၉/ညဥန(နိုင်)၂၂၂၈၀၆ ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်လင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦး အထက ကျောင်းမှ မောင်ထွန်းနိုင်လင်း တက္ကသိုလ်ဝင်တန်း (A) ခန်း၏ ဖခင်အမည်မှန်မှာ ဦးကိုကို ၉/ညဥန(နိုင်)၀၀၅၇၈၂ ဖြစ်ပါကြောင်း။ **ဦးကိုကို**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၇၂၉၂ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲကျော်ထက် ၅/ကလန(နိုင်)၀၅၄၇၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/8204 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# မြောက်ကိုရီးယား တိုက်ချင်းပစ်ဒုံးကျည် ဟွာဆောင်း-၁၄ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း ဇူလိုင် ၂၉**

မြောက်ကိုရီးယားသည် မကြာသေးမီက ဒုတိယအကြိမ်မြောက် တိုက်ချင်းပစ်ဒုံးကျည် ဟွာဆောင်း-၁၄ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ဇူလိုင် ၂၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းသည် ဇူလိုင် ၂၇ ရက်က ဒုတိယအကြိမ်မြောက် တိုက်ချင်းပစ်ဒုံးကျည်ပစ်လွှတ်စမ်းသပ်ရန် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထို့နောက် ဇူလိုင် ၂၈ ရက်တွင် ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက ဖော်ပြခဲ့သည်။ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စမ်းသပ်ပစ်လွှတ်လိုက်သော ဒုံးကျည်သည် အမြင့် ၃၇၂၄ ဒသမ ၉ ကီလိုမီတာအထိရောက်သလို အကွာအဝေးအားဖြင့် လည်း ၉၉၈ ကီလိုမီတာ အထိပစ်လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ပစ်လွှတ်စမ်းသပ်ရာတွင် အဆိုပါဒုံးကျည်သည် ဝေဟင်၌ အချိန် ၄၇ မိနစ်နှင့် ၁၂ စက္ကန့်ကြာခဲ့ကြောင်းနှင့် ပင်လယ်ပြင်ရှိ ပစ်မှတ်ကိုတိကျစွာ ပစ်ခတ်နိုင်ကြောင်း နိုင်ငံပိုင်သတင်းတွင်ဆက်လက်ဖော်ပြထားသည်။ ယခုလိုပစ်ခတ်စမ်းသပ်ခြင်းဖြင့် မြောက်ကိုရီးယားနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်များကို အားကိုးအားထားပြုကြောင်းနှင့် မည်သည့်အချိန်နှင့် တည်နေရာတွင်မဆို တိုက်ချင်းပစ်ဒုံးကျည်များကို ပစ်ခတ်နိုင်ကြောင်း သက်သေပြလိုက်သကဲ့သို့ဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တိကျသည့် သတိပေးမှုများပြုလုပ်ခဲ့သလို တရုတ်ကလည်း ဖိအားပေးနေသည့်ကြားမှ မြောက်ကိုရီးယားစမ်းသပ်လိုက်သော တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်နိုင်ငံထိ ပစ်ခတ်နိုင်ကြောင်း သိရသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းက ယခုလို တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်ခြင်းသည် အမေရိကန်အတွက် တင်းမာသည့် သတိပေးမှုဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံပိုင်သတင်းတွင်ဆက်လက်ဖော်ပြထားသည်။ ယခုအကြိမ် စမ်းသပ်ပစ်လွှတ်ခြင်းသည် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးအပေါ် ထိခိုက်မှုမရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇူလိုင် ၁၄ရက်ကလည်း ပထမအကြိမ်တိုက်ချင်းပစ်ဒုံးကျည် ဟွာဆောင်း-၁၄ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**(ရိုက်တာ၊ ဆင်ဟွာ)**



မြောက်ကိုရီးယားနိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည် ဟွာဆောင်း-၁၄ ကိုမြင် တွေ့ရစဉ်

# အိမ်ဖြူတော်အကြီးအကဲနေရာတွင် ဂျွန်ကယ်လီဖြစ်လာမည်ဟု ထရန့်ပြော

**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ခြောက်လတာတာဝန်ထမ်းဆောင်ခဲ့သော အိမ်ဖြူတော်အကြီးအကဲ ရိန့်စ်ပရီဘတ်စ်နေရာတွင် အငြိမ်းစားဗိုလ်ချုပ်ကြီး ဂျွန်ကယ်လီကို အစားထိုးခန့်အပ်လိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အသက် ၆၄ နှစ်ရှိပြီဖြစ်သော ကြယ်လေးပွင့်အဆင့်ရှိ ကမ်းတက်တပ်ဖွဲ့ဗိုလ်ချုပ်ကြီးကယ်လီသည် လတ်တလောတွင် အမိမြေလုံခြုံရေးဝန်ကြီး တာဝန်ထမ်းဆောင်လျက်ရှိကာ လာမည့်ဇူလိုင် ၃၁ ရက်နေ့တွင် အိမ်ဖြူတော်အကြီးအကဲသစ်အဖြစ် တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။



အိမ်ဖြူတော်အကြီးအကဲအတွက် ဂျွန်အက်ဖ်ကယ်လီကို ကျေနပ်မိကြောင်း အမေရိကန်သမ္မတထရန့်က ပြောကြားခဲ့သည်။

သူက အမေရိကန်နိုင်ငံသားကောင်းတစ်ယောက်ဖြစ်သလို ခေါင်းဆောင်ကောင်း တစ်ယောက်လည်းဖြစ်ကြောင်း၊ ထို့အပြင် ဂျွန်သည် အမိမြေလုံခြုံရေးမှာလည်း အံ့ဖွယ်တာဝန်တွေကို ထမ်းဆောင်ခဲ့သူတစ်ယောက်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂျွန်သည် မိမိတို့အစိုးရအဖွဲ့တွင် စစ်မှန်သည့် ကြယ်တစ်ပွင့်ဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

ရာထူးမှ နုတ်ထွက်သွားခဲ့သည့် ရိန့်စ်ပရီဘတ်စ်ကိုလည်း ကျေးဇူးတင်ကြောင်းနှင့် ၎င်းနှင့်အတူ လက်တွဲပြီး လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အတွက် ဂုဏ်ယူကြောင်း အမေရိကန်သမ္မတထရန့်က တွစ်တာတွင်ရေးသား ဖော်ပြခဲ့သည်။

**(ရိုက်တာ၊ ဆင်ဟွာ)**

# ရုရှားအပေါ်ဒဏ်ခတ်ပိတ်ဆို့ရန် ဥပဒေကြမ်းတစ်ရပ်ကို ထရန့်လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိ

**ဝါရှင်တန် ဇူလိုင် ၂၉**

ရုရှားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်ပြုလုပ်ရန် ဥပဒေကြမ်းတစ်ရပ်ကို အမေရိကန်သမ္မတဒေါ်နယ်ထရန့်က လက်မှတ်ရေးထိုးနိုင်ချေရှိကြောင်း အိမ်ဖြူတော်က မကြာသေးမီက ပြောခဲ့သည်။

ရုရှား၊ အီရန်နှင့် မြောက်ကိုရီးယား နိုင်ငံများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ပိုမိုချမှတ်နိုင်မည့် ဥပဒေမူကြမ်းကို အမေရိကန်အောက်လွှတ်တော်နှစ်ရပ်က သဘောတူခဲ့ကြောင်းသိရသည်။ ရုရှားနိုင်ငံရှိ အမေရိကန်သံရုံးဝန်ထမ်းအရေအတွက် ၄၅၅ ဦး လျှော့ချသွားမည့်အစီအစဉ်နှင့် နေအိမ်တစ်လုံးနှင့် ဂိုဒေါင်တစ်လုံးကို သိမ်းဆည်းမည်ဟူသော ရုရှား၏ကြေညာချက် ထွက်လာပြီးနောက် အမေရိကန်သမ္မတ ထရန့်က ယခုလို စဉ်းစားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်အခြေအနေပြန်ရောက်ရန် ဆန္ဒရှိသလို အမေရိကန်၏ပိတ်ဆို့မှုများကိုလည်း တုံ့ပြန်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောခဲ့သည်။

**(ဆင်ဟွာ)**

# တရုတ်နိုင်ငံ အရှေ့ပိုင်းကို တိုင်ဖွန်းနီဆက်ဝင်ရောက်

**ဖူကျို့ဇူလိုင် ၂၉**

တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျန်ပြည်နယ်၌ တိုင်ဖွန်းမုန်တိုင်းနီ ဆက်တိုက်ခတ်မှုကြောင့် လူပေါင်း ၃၁၀၀ကျော်ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ဖူကျန်မိုးဇလဌာနက နီဆက်မုန်တိုင်းသည် ထိုင်ဝမ်သို့ ဇူလိုင် ၂၉ ရက်တွင် ဝင်ရောက်နိုင်ပြီး ဇူလိုင် ၃၀ ရက်တွင် အားကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ် ဖူကျန်သို့ ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းခဲ့သည်။ အဆိုပါမုန်တိုင်းသည် ယခုနှစ်တွင်ဝင်ရောက်ခဲ့သော ကိုးခုမြောက်မုန်တိုင်းဖြစ်ကာ မုန်တိုင်းအရှိန်ကြောင့် ဇူလိုင် ၂၉ ရက်မှနောက်လ ဩဂုတ်လပထမပတ်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးမှုများ ထုတ်ပြန်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဒုံးကျည်ဖွံ့ဖြိုးရေးသည် နိုင်ငံ၏ မူပိုင်အခွင့်အရေးဖြစ်ကြောင်း အီရန်ပြော

**တီဟီရန် ဇူလိုင် ၂၉**

ဒုံးကျည်စီမံကိန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် အီရန်နိုင်ငံ၏ မူပိုင်အခွင့် အရေးဖြစ်သောကြောင့် မည်သည့်နိုင်ငံ၏ ခွင့်ပြုချက်မျှမလိုအပ်ကြောင်း အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့က ပြောခဲ့သည်။

အီရန်နိုင်ငံ၏ နည်းပညာတိုးတက်ရေးနှင့် စူးစမ်းလေ့လာရေးသည် အကန့်အသတ်မရှိကြောင်း၊ အီရန်နိုင်ငံ၏ ကဏ္ဍပေါင်းစုံအောင်မြင်မှုများသည် လူငယ်သိပ္ပံပညာရှင်နှင့် ပညာရှင်တို့၏ကြိုးပမ်းမှုကြောင့်သာဖြစ်ကြောင်း၊ ထို့ကြောင့် မည်သည့်နိုင်ငံ၏ ခွင့်ပြုချက်မျှမလိုအပ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ အီရန်သည် နျူကလီးယားအရေးဘက်စုံသဘောတူညီမှုစာချုပ်ကိုလိုက်နာခဲ့ကြောင်း၊ ယင်းစာချုပ်ကိုလည်း နိုင်ငံတကာ အဏုမြူစွမ်းအင်အဖွဲ့အစည်းအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကလည်း အတည်ပြုပေးခဲ့ကြောင်း၊ အမေရိကန်နိုင်ငံအနေနှင့် အီရန်နိုင်ငံအပေါ်ထားရှိသော နျူကလီးယားဆိုင်ရာ အမြင်များကိုလည်း ရပ်တန့်ရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အီရန်နိုင်ငံအနေဖြင့် ဇူလိုင် ၂၇ ရက်က နိုင်ငံတော်အာကာသစင်တာမှ အသေးစား ဒုံးကျည်တစ်စင်းပစ်ခတ်မှုသည် ရန်ပြုသည့် ဆောင်ရွက်မှုတစ်ခုဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် အမေရိကန်က အီရန်ဒုံးကျည်စီမံကိန်းအပေါ်ထောက်ခံခဲ့သော အီရန်နိုင်ငံ လုပ်ငန်းကုမ္ပဏီခြောက်ခုအပေါ် ပိတ်ဆို့ အရေးယူခဲ့သည်။ အမေရိကန်သည် အီရန်နိုင်ငံအပေါ် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို အကြောင်းပြုကာ ဖိအားပေးဆောင်ရွက်မှုများအဆက်မပြတ်လုပ်ဆောင်ခဲ့ကြောင်း၊ ထို့အပြင် အီရန်နိုင်ငံသားများ အမေရိကန်သို့ လာရောက်ခြင်းကိုလည်း ကန့်ကွက်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**





ဆေးပေးခန်းမှာရှိနေတဲ့ ဆရာဝန်က တက်ကရိဒ်ရဲ့ကျန်းမာရေးအခြေအနေဟာ ဒီမှာဆေးကုဖို့စပြီးခေါ်လာကတည်းကနေ အခုချိန်ထိတိုးတက်မှု သိပ်မရှိသလောက်ပါပဲ။ တက်ကရိဒ်လိုပဲ မရေမတွက်နိုင်တဲ့ ကလေးငယ်များစွာကို သူ့အနေနဲ့ အကူအညီပေးနိုင်ဖို့ကြိုးပမ်းခဲ့သမျှဟာလည်း ပဋိပက္ခဖြစ်ပွားမှုအတွင်းမှာ ပြိုလဲပျက်စီးသွားခဲ့ရတဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်နဲ့အတူ အရာမထင်ဖြစ်ခဲ့ရတယ်လို့ ဆရာဝန်က ပြောခဲ့ပါတယ်။

# ယီမင်မှ ကလေးတို့၏ ငိုရှိုက်သံ

## ကလျာမိုးမြင့်

ယီမင်နိုင်ငံ ဟိုဒီဒက်အနောက်ပိုင်းဆိပ်ကမ်းမြို့ရဲ့ လူနေရပ်ကွက်တစ်ခုဖြစ်တဲ့ အယ်လ်ဇေဒီရက်ရှိ ဆေးပေးခန်းငယ်လေးတစ်ခုမှာ အသက် ၁၂ နှစ်အရွယ်သာရှိသေးတဲ့ မိန်းကလေးငယ်တစ်ဦးဟာ အရိုးပေါ်အရေတင် အနေအထားနဲ့ လဲလျောင်းနေပါတယ်။ အလွန်အမင်းအာဟာရချို့တဲ့နေတဲ့ ဝေဒနာကို ခံစားနေရလို့ ကုသမှုခံယူနေရတဲ့ တက်ကရိဒ်ဟာဆန်ပါ။

တက်ကရိဒ်ရဲ့ခန္ဓာကိုယ်အလေးချိန်ဟာ ၎င်းကျန်းမာစဉ်တုန်းက ခန္ဓာကိုယ်အလေးချိန်ရဲ့ လေးပုံတစ်ပုံလောက်သာ ကျန်ပါတော့တယ်။ ဆိုးရွားလှတဲ့အာဟာရချို့တဲ့မှုက အသက်အရွယ်နဲ့မမျှအောင်ဖိစီး ခံစားရတဲ့အတွက် ကိုယ်အလေးချိန်ကီလို ၃၀ လောက်ရှိရမယ့်အစား ၇ ကီလိုပဲကျန်ပါတော့တယ်။ တက်ကရိဒ်ရဲ့ဖခင်ဖြစ်သူ အီဘရာဟင်က သမီးလေးကို ဒီကနေခေါ်သွားပြီးမြို့ပြင်မှာရှိတဲ့ ဆေးရုံတစ်ရုံမှာ ကုသပေးရမှာပါ။ ဒါပေမယ့် "ဆင်းရဲလွန်းလို့ အဲလိုလုပ်မပေးနိုင်ဘူးဗျာ။ ဘယ်မှမသွားနိုင်လည်း ဒီနေရာလေးမှာပဲ သူ့ကိုကယ်တင်နိုင်ဖို့ အကုန်လုပ်ပေးမယ်"လို့ ပြောပါတယ်။ သမီးအတွက် ဆေးဝါးအကူအညီရရှိဖို့ဆိုတာလည်း ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲလို့ဆိုပါတယ်။ သားသမီးအတွက် စိတ်သောကရောက်နေရတဲ့ ဖခင်တစ်ယောက်ရဲ့ မချိတင်ကဲ စကားသံတွေပါ။

ဆေးပေးခန်းမှာရှိနေတဲ့ဆရာဝန်က တက်ကရိဒ်ရဲ့ ကျန်းမာရေးအခြေအနေဟာ ဒီမှာဆေးကုဖို့စပြီးခေါ်လာကတည်းကနေ အခုချိန်ထိတိုးတက်မှုသိပ်မရှိသလောက်ပါပဲ။ တက်ကရိဒ်လိုပဲ မရေမတွက်နိုင်တဲ့ကလေးငယ်များစွာကို သူ့အနေနဲ့ အကူအညီပေးနိုင်ဖို့ကြိုးပမ်းခဲ့သမျှဟာလည်း ပဋိပက္ခဖြစ်ပွားမှုအတွင်းမှာ ပြိုလဲပျက်စီးသွားခဲ့ရတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နဲ့အတူ အရာမထင်ဖြစ်ခဲ့ရတယ်လို့ ဆရာဝန်ကပြောခဲ့ပါတယ်။

အာဟာရချို့တဲ့မှုကြောင့် သေလုမြောပါးဖြစ်နေကြရတဲ့ ကလေးငယ်တွေဟာ နေ့စဉ်နဲ့အမျှဆေးပေးခန်းတွေကိုစုပြုံရောက်ရှိလာကြပါတယ်။ ဒါပေမယ့် ကုသပေးဖို့ဆေးဝါးမရှိဘူး။ လိုအပ်တဲ့ပစ္စည်း ကိရိယာတွေမရှိဘူး။ ပဋိပက္ခဖြစ်ပွားမှုတွေအတွင်းမှာ ယီမင်မှာရှိတဲ့ဆေးရုံတွေရဲ့၄၅ရာခိုင်နှုန်းသာ အသုံးပြုလို့ရတဲ့အခြေအနေရှိခဲ့တယ်။ လိုအပ်နေတဲ့ အရေးပေါ်ဆေးဝါးအထောက်အပံ့ပစ္စည်းတွေရဲ့ ၃၀ရာခိုင်နှုန်းလောက်ပဲ ယီမင်ကို ရောက်ရှိလာနိုင်ခဲ့တယ်။ ဆေးရုံတွေမှာ တဖြည်းဖြည်းလျော့ပါးလာနေသလို ဆရာဝန်အရေအတွက်ကိုလည်း အခုဆိုရင်ယူနီဆက်ဖ်အဖွဲ့ရဲ့အရေးပေါ်ရန်ပုံငွေနဲ့ လုပ်ခလစာပေးပြီး ဆက်လက်လည်ပတ်နိုင်အောင်ထိန်းထားရတဲ့ အခြေအနေမျိုးပါ။

၂၀၁၅ ခုနှစ်မတ်လမှာ စတင်ခဲ့တဲ့ပြည်တွင်းစစ်ကြောင့် လူသန်းနဲ့ချီပြီး နေအိမ်တွေကနေ ထွက်ပြေးခဲ့ရတယ်။ လူခုနစ်သန်းဟာ အစာရေစာမလောက်ငမှုကို အပြင်းအထန်ခံစားနေရပြီး သန်းနှစ်ဆယ်ကျော်လောက်ဟာ အကူအညီအထောက်အပံ့တွေကို အားထားပြီး အသက်ဆက်နေကြရတယ်။ ဒါပေမယ့် ပြည်တွင်းစစ်ကတော့ အဆုံးသတ်မယ့်အရိပ်အယောင် ခပ်ရေးရေးတောင် မရှိခဲ့ပါဘူး။

ဒီတော့ဘာဆက်ဖြစ်သလဲ။ ပိုပြီးကြောက်လန့်စရာကောင်းတဲ့ ကပ်ဆိုးကြီးတစ်ခု ဆိုက်ရောက်လာပါတယ်။ အဲဒါကတော့ ကာလဝမ်းရောဂါကူးစက်ဖြစ်ပွားမှုပါပဲ။ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့တဲ့ ပဋိပက္ခကြီးရဲ့သားကောင်တွေဖြစ်ခဲ့ရတဲ့ ဆာလောင်ငတ်မွတ်နေကြတဲ့ ကလေးငယ်လေးတွေဟာ အခုဆိုရင် သမိုင်းမှာအဆိုးဆုံးသော ကာလဝမ်းရောဂါဖြစ်ပွားမှုကြီးရဲ့ခြိမ်းခြောက်မှုအောက်ကို ကျရောက်ခဲ့ရပါပြီ။

ယီမင်ဟာ ပြည်တွင်းစစ်ဖြစ်ပွားမှုသက်တမ်းသုံးနှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်တဲ့ အနောက်အာရှနိုင်ငံပါ။ ဒီနိုင်ငံဟာဘယ်တုန်းကမှ အခုလောက်ဆိုးဆိုးရွားရွားဖြစ်ဖူးခဲ့ခြင်းမရှိတဲ့ ကာလဝမ်းရောဂါဖြစ်ပွားမှုကို အလူးအလဲခုခံနေရပါတယ်။ ပြီးခဲ့တဲ့ ဧပြီလက စတင်ပြီး ကာလဝမ်းရောဂါဖြစ်ပွားခဲ့ရာက အခုဆိုရင် ဒီရောဂါကြောင့် လူ၁၀၀၀ကျော်အသက်ဆုံးရှုံးသွားခဲ့ပါပြီ။ နောက်ထပ်ကာလဝမ်းရောဂါကူးစက်ခံထားရတယ်လို့ သံသယရှိတဲ့လူနာ သုံးသိန်းခွဲလောက်တွေရှိထားပါတယ်။ ၂၀၁၇ ခုနှစ် နှစ်ကုန်လောက်မှာ ရောဂါဖြစ်ပွားမှုဟာအမြင့်ဆုံးအမှတ်ကိုရောက်ရှိသွားပြီး ခြောက်သိန်းကျော်လောက်အထိ ဖြစ်ပွားမှုရှိနိုင်တယ်လို့ ကျန်းမာရေးအဖွဲ့အစည်းတွေက သတိပေးခဲ့ကြပါတယ်။

ကာလဝမ်းရောဂါကူးစက်ဖြစ်ပွားမှုရဲ့ လက္ခဏာတွေကတော့ ဝမ်းပျက်ဝမ်းလျှောခြင်း၊ မကြာခဏပျို့အန်ခြင်းနဲ့ ဒီလိုဖြစ်တာတွေက ရေဓာတ်ကိုခန်းခြောက်လာစေပြီး မကုသဘဲ ထားလိုက်ရင်အသက်သေဆုံးနိုင်တဲ့အထိ အန္တရာယ်ရှိပါတယ်။ ကာလဝမ်းရောဂါဖြစ်ပွားစေတဲ့ ဘက်တီးရီးယားပိုးတွေပါဝင်တဲ့ညစ်ပတ်အစားအစာတွေနဲ့ ရေတွေကိုသောက်သုံးမိတဲ့အခါ ဒီရောဂါဖြစ်ပွားနိုင်ပါတယ်။ ရောဂါဖြစ်လာတဲ့အခါ အူထဲမှာ အဆိပ်တွေဖြစ်လာစေပြီး ဝမ်းပျက်ဝမ်းလျှောခြင်းကိုဖြစ်စေတာပါ။ ကာလဝမ်းရောဂါဟာ ပဋိပက္ခတွေကြောင့် ငတ်မွတ်ခေါင်းပါးမှုတွေက ဖန်တီးလိုက်တဲ့ မသန့်ရှင်းတဲ့ ပတ်ဝန်းကျင် ဧရိယာတွေမှာ ကူးစက်မှုမြန်မြန်ဆန်ဆန်ဖြစ်ပွားပါတယ်။

ဒီရောဂါကိုကုသတဲ့နေရာမှာ အဓိကအကျဆုံးကတော့ သန့်ရှင်းတဲ့သောက်သုံးရေရရှိမှုပါ။ ရောဂါကူးစက်ခံရပြီဆိုတာနဲ့ သန့်ရှင်းတဲ့သောက်သုံးရေကို စတင်သုံးစွဲဖို့မဖြစ်မနေလိုအပ်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောခြင်း ကြာရှည်စွာ မဖြစ်ပွားအောင် ပဋိဇီဝဆေးတွေက အကူအညီပေးနိုင်ပါတယ်။ ဒါပေမယ့် အဲဒီဆေးတွေက ရောဂါဒီထက် ပိုမိုဆိုးရွားမလာအောင် ထိန်းချုပ်ပေးနိုင်ရုံလောက်ကလွဲပြီး လုံးဝအမြစ်ပြတ်သွားအောင်ကုသပေးနိုင်စွမ်းမရှိပါဘူး။ ကုသမှုမခံယူခဲ့ဘူးဆိုရင်တော့ ကာလဝမ်းရောဂါဟာ သေဒဏ်ပါပဲ။

ယီမင်မှာ ၂၀၁၇ ဧပြီလကစပြီး ဒီရောဂါကူးစက်ပျံ့နှံ့လာခဲ့တာဟာ အခုဆိုရင် ရောဂါကူးစက်ခံရတယ်လို့ သံသယရှိတဲ့သူ ၃၅၀၀၀၀ ကျော်ကနေ ၃၉၀၀၀၀ အထိရှိလာခဲ့ပါပြီ။ ဆက်ပြီးတော့လည်း ပျံ့နှံ့နေဆဲပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေဟာ ဖျားနာသူတွေကိုကုသပေးရေးနဲ့ ရောဂါကူးစက်မှုရပ်တန့်စေရေးအတွက် နိုင်ငံတကာ ကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) ၊ ဒေသဆိုင်ရာ အာဏာပိုင်တွေနဲ့ အနီးကပ်ဆုံးပူးပေါင်းပြီး ယီမင်မှာ ဖြစ်ပွားနေတဲ့ ကာလဝမ်းရောဂါကိုတွန်းလှန်နေပါတယ်။

ဒေသဆိုင်ရာကျန်းမာရေးလုပ်သားတွေဟာ အခကြေးငွေတစ်ပြားတစ်ချပ်မှမရတဲ့အချိန်တွေရှိသော်လည်း လူနာတွေကို ကယ်တင်ဖို့ နာရီပေါင်းများစွာကြာအောင်မရပ်မနားအလုပ်လုပ်နေကြရပါတယ်။ ဒီရောဂါကပ်ဆိုးကြီးကို ဖြတ်ကျော်လွတ်မြောက်ဖို့အတွက်ကတော့ ယီမင်နိုင်ငံအနေနဲ့ နိုင်ငံတကာရဲ့အသိုင်းအဝိုင်းရဲ့ကူညီထောက်ပံ့မှုတွေကို ဒီထက်မကလိုအပ်နေဦးမှာ ဖြစ်ပါကြောင်း။ ။

**(ရိုက်တာ၊ အင်န်အီတ်ချ်ကေ၊ ဂူဂဲလ်)**



## နာမည်ကြီးဘလော့ဂါတစ်ဦးကို ပြန်လွှတ်ပေးရန် ဗီယက်နမ်အား ကုလသမဂ္ဂတိုက်တွန်း

**ဂျီနီဗာ ဇူလိုင် ၂၉**

နိုင်ငံတော်ဆန့်ကျင်သည့်ဝါဒဖြန့်မှုဖြင့် ထောင်ကိုးနှစ်ကျခံရန် အမိန့်ချမှတ်လိုက်သော နာမည်ကြီး အစိုးရအတိုက်အခံဘလော့ဂါတစ်ဦးကို ပြန်လွှတ်ပေးရန် ကုလသမဂ္ဂက ဗီယက်နမ်နိုင်ငံကို ဇူလိုင် ၂၈ ရက်က တိုက်တွန်းလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်တရားရုံးတစ်ရုံးက ဘလော့ဂါတစ်ဦးဖြစ်သူ ထရန်သီငါကို နိုင်ငံတော်ဆန့်ကျင်ဝါဒဖြန့်မှုဖြင့် ထောင်ကိုးနှစ်ချမှတ်လိုက်ကြောင်း ၎င်း၏ရှေ့နေက ပြောကြားခဲ့သည်။

တရားရေးဆောင်ရွက်ချက်များသည် စံသတ်မှတ်ချက်နှင့် မညီကြောင်း၊ ထောင်ဒဏ်ကိုးနှစ်ချမှတ်လိုက်ခြင်းသည် ပြင်းထန်လွန်းကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ပြောရေးဆိုခွင့်ပုဂ္ဂိုလ် လစ်ဇ်သရောဆယ်က ပြောခဲ့သည်။

လွတ်လပ်စွာထုတ်ဖော်ပြသခွင့်အတိုင်း ကျင့်သုံးသူများကို ဖမ်းဆီးထားမှုမှလွှတ်ပေးရန် ဗီယက်နမ်အာဏာပိုင်များကို တိုက်တွန်းကြောင်း ကုလသမဂ္ဂလူ့အခွင့်ရေးဆိုင်ရာ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်က ဆက်လက် ပြောကြားခဲ့သည်။

(ရိုက်တာ)













# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

၅၅။ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှ ပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၆။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

**အခန်း (၁၇)**

**စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာခြင်းနှင့်ပယ်ဖျက်ခြင်း**

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများကိုထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်းတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တရားမဝင်ကြောင်း ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၈။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက အဆိုပါစက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တရားမဝင်ကြောင်း ကြေညာခြင်းပြုနိုင်သည် -

(က) ပုဒ်မ ၁၃ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂ ပုဒ်မခွဲ(ဆ) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှုမရှိခြင်း၊

(ဂ) စက်မှုဒီဇိုင်းသည် အသစ်မဖြစ်ခြင်း၊

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(င) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းသည် လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန် တင်ပြ၍ဖြစ်စေ၊ ဖော်ပြထားသော အချက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားခြင်း၊

(စ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၅၉။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က)မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း သက်တမ်းတိုး လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်က ပိုင်ရှင်အဖြစ်မှ စွန့်လွှတ်ခြင်း၊

(ဂ) ပုဒ်မ ၅၈ ပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်းသဖြင့် တရားမဝင်ကြောင်း ကြေညာထားသော စက်မှုဒီဇိုင်းဖြစ်ခြင်း။

၆၀။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ ပယ်ဖျက်ပြီးကြောင်းကို စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

**အခန်း (၁၈)**

**အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း**

၆၁။ အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းမှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

**အခန်း (၁၉)**

**အယူခံခြင်း**

၆၂။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၆၃။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် တရားရုံးသို့ အယူခံလျှောက်ထားနိုင်သည်။

**အခန်း (၂၀)**

**တရားရုံး တည်ထောင်ခြင်း**

၆၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန်သင့်လျော်သော နယ်မြေဒေသတွင် တရားရုံးများကို တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ တရားရုံးများကို တည်ထောင်ခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အပ်နှင်းထားသည့် တရားရုံးအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အယူခံမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

**အခန်း (၂၁)**

**မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ လုပ်ပိုင်ခွင့်များ**

၆၅။ (က) နစ်နာသူ မည်သူမဆို ပုဒ်မ ၆၆ နှင့် ပုဒ်မ ၆၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ယာယီအရေးယူဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) နစ်နာသူမည်သူမဆို တရားမကြောင်းအရ အရေးယူ ဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

၆၆။ (က) တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၆၅ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ရှင်းလင်းပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည့်ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးရန်အတွက်သင့်သည်ထင်မြင်သည့် အမိန့်၊

(၂) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်အတွက် သင့်သည်ထင်မြင်သည့် အမိန့်၊

(ခ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားသူထံမှ အောက်ပါတို့ကို တောင်းဆိုနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ခိုင်လုံသေချာစေရန်အလို့ငှာ သင့်လျော်လုံလောက်သည့် မည်သည့် သက်သေခံ အထောက်အထားများကိုမဆို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံ တင်သွင်းစေခြင်း၊

(ဂ) တရားရုံးက ထုတ်ပြန်ထားသော အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် တရားရုံးသည်ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကိုအပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ရက်ပေါင်း ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလထက်မပိုသော အချိန်အတွင်းတရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်း မရှိလျှင် ပုဒ်မ ၆၇ ပုဒ်မခွဲ(ခ) ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆၇ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှု တစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်မျှတသော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၆၇။ (က) တရားရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍ မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ် ကျရောက်မည်ဟု စိုးရိမ်ဖွယ်ရာရှိခြင်း။

(ခ) တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) တရားရုံးက သတ်မှတ်သည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက်အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့် ကာလအတွင်း ဆောင်ရွက်ရမည်။

၆၈။ စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) အကောက်ခွန်ရှင်းလင်းပြီး စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးထိပါးချိုးဖောက်ထားသည့် တင်သွင်းလာသောကုန်ပစ္စည်းများနိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးခြင်းအပါအဝင် စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက် သင့်သည်ထင်မြင်သည့်အမိန့်၊

(ခ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ် တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူက ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်စလုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်။

၆၉။ (က) တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံးလုပ်နည်းများနှင့် အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက် အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ချမှတ်နိုင်သည်-

(၁) ထိပါးချိုးဖောက်ကြောင်း တွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် တားမြစ်စေခြင်းနှင့်

(၂) ထပ်မံထိပါးချိုးဖောက်မှုကို လျော့နည်းစေရေးအတွက်လျော်ကြေး တစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် တားမြစ်စေခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်

**မေး- ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ- ကိုကိုစိုးညွန့်**

**မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အများဆုံးရင်ဆိုင်ခံစားရသည့် နိုင်ငံများတွင်ပါဝင်နေသည့်အတွက် လက်ရှိအစိုးရလက်ထက်တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကို အဓိက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဇူလိုင် ၂၀ ရက်၌ ပြုလုပ်ခဲ့သည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးတွင် ပြောကြားခဲ့သည်။**

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ စနစ်တကျစီမံခန့်ခွဲနိုင်ရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လက်ရှိအစိုးရလက်ထက်တွင် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ နိုင်ငံအဆင့် စီမံခန့်ခွဲနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ လုပ်ငန်းကော်မတီ ၁၂ ရပ် ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းကော်မတီ ၁၂ ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီတွင် တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် တွေ့ဆုံကာ အဆိုပါလုပ်ငန်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ ။ လုပ်ငန်းကော်မတီ ဖွဲ့စည်းမှုအပိုင်းကို သိရှိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်ပြီး ဖွဲ့စည်းထားပါတယ်။ ဒီကော်မတီအောက်မှာ လုပ်ငန်းကော်မတီတွေ ရှိပါတယ်။ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီကို နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတာဖြစ်ပြီးတော့ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌနဲ့ အမြဲတမ်းအတွင်းဝန်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။ ကျွန်တော်က တွဲဖက်အတွင်းရေးမှူးအနေနဲ့ ဆောင်ရွက်ပါတယ်။ အဖွဲ့ဝင်တွေအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနတွေက အဖွဲ့ဝင်တွေအဖြစ် ဆောင်ရွက်ပါတယ်။

**မေး။ ။နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို သိရှိပါရစေ။**

ဖြေ။ ။သဘာဝဘေးကျရောက်ခဲ့ရင် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွေကို အချိန်နဲ့တစ်ပြေးညီ အကြောင်းကြားပါတယ်။ သတင်းထုတ်ပြန်ချက်တွေ ပေးပို့ပါတယ်။ ကူညီထောက်ပံ့မှုတွေအတွက် ညှိနှိုင်းဆောင်ရွက်မှုတွေလုပ်ပါတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းက အကူအညီပေးအပ်ခဲ့ရင် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပါတယ်။ နိုင်ငံတကာနဲ့ ဆက်ဆံတဲ့အခါ ဒီလုပ်ငန်းကော်မတီကနေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ လာပြီး အကူအညီပေးတဲ့အခါ ပြည်ဝင် ဗီဇာကိစ္စတွေ၊ အကောက်ခွန်ကင်းလွတ်ခွင့်တွေ စတဲ့ကိစ္စတွေကို Facilitate လုပ်ပေးရတဲ့ အပိုင်းတွေလည်း ရှိပါတယ်။

**မေး။ ။သဘာဝဘေး ဖြစ်ပွားခဲ့ရင် ဘယ်လိုအကူအညီတွေ ရယူပြီး ဆောင်ရွက်တယ်ဆိုတာ သိရှိပါရစေ။**

ဖြေ။ ။ကုလသမဂ္ဂမှာ Central Emergency Response Fund ဆိုပြီးရှိပါတယ်။ သဘာဝဘေးဖြစ်ပွားလာခဲ့ရင် ဒီFund ကနေ အကူအညီတောင်းခံလို့ရပါတယ်။ အကူအညီတောင်းခံတဲ့အခါမှာ နယူးယောက်မှာရှိတဲ့ မြန်မာအဖွဲ့ရုံးကနေ တစ်ဆင့်ဖြစ်စေ၊ ဂျီနီဗာမှာရှိတဲ့ မြန်မာအဖွဲ့ရုံးကနေတစ်ဆင့်ဖြစ်စေ ဆောင်ရွက်သွားလို့ရပါတယ်။ ဒီလိုအကူအညီ တောင်းခံဖို့အတွက် သဘာဝဘေးကျရောက်တဲ့ဒေသကို အရေးပေါ်အခြေအနေ ကြေညာရတာ ရှိပါတယ်။ ဒီလိုကြေညာဖို့အတွက်ကတော့ စီမံခန့်ခွဲမှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအပိုင်းဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးကျရောက်တဲ့ဒေသကို အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရင် နိုင်ငံတကာဆက်ဆံရေးကော်မတီအနေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကနေ အကူအညီရရှိနိုင်အောင် မေတ္တာရပ်ခံဆောင်ရွက်ပါတယ်။



ဦးကျော်မိုးထွန်း
ညွှန်ကြားရေးမှူးချုပ်

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းက သဘာဝဘေးအန္တရာယ်တွေ ဖြစ်ခဲ့ပေမယ့် အရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာကို ကူညီပေးချင်ရင် ကူညီနိုင်အောင် အကြောင်းကြားခဲ့တာရှိပါတယ်။ နိုင်ငံတကာကလည်း ကူညီပေးခဲ့တာလည်း ရှိပါတယ်။ ပြီးခဲ့တဲ့နှစ် သဘာဝဘေးအတွက် ပြည်တွင်း၊ ပြည်ပကနေ အမေရိကန်ဒေါ်လာ ကိုးသိန်းကျော်လောက် ကူညီပေးခဲ့တာရှိပါတယ်။

ဒီလိုအကူအညီပေးတဲ့အခါ အကူအညီပေးတဲ့ ပစ္စည်းတွေကို အကောက်ခွန် ကင်းလွတ်ခွင့်တွေ၊ ဆိပ်ကမ်းကပ်မယ်ဆိုရင်လည်း ဆိပ်ကမ်းကပ်ခွင့်တွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးပါတယ်။

ပြီးခဲ့တဲ့နှစ်က ငလျင်ဒဏ်ကြောင့် ပုဂံမှာ ဘုရားစေတီတွေ ပျက်စီးမှုရှိခဲ့ပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းကို အကူအညီပေးချင်ရင် ပေးအပ်နိုင်အောင် မေတ္တာရပ်ခံခဲ့တာရှိပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့တုန်းက ယူနက်စကို ညွှန်ကြားရေးမှူးချုပ်နဲ့တွေ့ဆုံခဲ့ပြီးတော့ ပုဂံဘုရားတွေကို မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်ပေးဖို့ ပြောကြားခဲ့တာရှိပါတယ်။

**မေး။ ။သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာနဲ့ ချိတ်ဆက် ဆောင်ရွက်တဲ့အခါ အခက်အခဲရှိတဲ့အပိုင်းတွေရှိရင် သိရှိပါရစေ။**

ဖြေ။ ။ဆက်သွယ်ဆောင်ရွက်တဲ့အခါ အခက်အခဲကြီးကြီးမားမားမရှိပါဘူး။ ဒါပေမယ့် လှူဒါန်းလိုက်တဲ့၊ အကူအညီပေးလိုက်တဲ့ ပစ္စည်းဟာ သက်ဆိုင်ရာဒေသအတွက် လိုအပ်တဲ့ပစ္စည်းမဟုတ်တာမျိုးတော့ ဖြစ်တတ်တာမျိုးရှိပါတယ်။ ပစ္စည်းထပ်တာ မျိုးလည်းရှိပါတယ်။ ဒါကြောင့်မို့ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ဒေသအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပျက်စီးဆုံးရှုံးမှုတွေအတွက် ပြောကြားတဲ့ အချက်အလက်တွေအပေါ် မူတည်ပြီးမှ သက်ဆိုင်ရာ လှူဒါန်းလိုတဲ့ နိုင်ငံတွေကို အသိပေးပါတယ်။ လှူဒါန်းလိုတဲ့ နိုင်ငံတွေက ဒီဘက်က လိုအပ်ချက်ကို လှူဒါန်းပေးတာရှိပါတယ်။ ဒီလို လှူဒါန်းတယ်ဆိုရင်တော့ အဆင်ပြေပါတယ်။ ဒါမှမဟုတ် သူတို့လှူဒါန်းလိုတဲ့ ပစ္စည်းကိုလာပြီး လှူဒါန်းတာမျိုးဆိုရင်တော့ လိုအပ်တာနဲ့ မကိုက်တာမျိုး၊ ပစ္စည်းထပ်တာမျိုးတွေတော့ ရှိတတ်ပါတယ်။ လှူဒါန်းတဲ့သူနဲ့ လက်ခံတဲ့သူ ကြားမှာ ညှိနှိုင်းလိုက်ရင် အနာဂတ်မှာ လွဲချော်မှုနည်းသွားမှာပါ။

**မေး။ ။ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ကုလသမဂ္ဂနဲ့ နိုင်ငံတကာက ကြိုတင်ကာကွယ်ရေးအပိုင်းမှာ ပိုပြီး အလေးထား ဆောင်ရွက်ကြဖို့ပြောတာရှိပါတယ်။ ကဏ္ဍစုံအတွက် ပြောကြားတာဖြစ်ပေမယ့် သဘာဝဘေးနဲ့ ပတ်သက်ပြီးတော့ ကြိုတင်ကာကွယ်ရေးကို ပိုပြီးလုပ်နိုင်လေ effect နည်းလေဖြစ်မှာမို့ awareness အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်တာရှိပါတယ်။ သဘာဝဘေးအတွက် ကြိုတင်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမယ်လို့ ခံယူထားပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးကော်မတီအနေနဲ့လည်း သက်ဆိုင်ရာ ကော်မတီတွေ၊ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကုလသမဂ္ဂနဲ့ နိုင်ငံတကာက ကြိုတင်ကာကွယ်ရေးအပိုင်းမှာ ပိုပြီးအလေးထား ဆောင်ရွက်ကြဖို့ ပြောတာရှိပါတယ်။ ကဏ္ဍစုံအတွက်ပြောကြားတာ ဖြစ်ပေမယ့် သဘာဝဘေးနဲ့ ပတ်သက်ပြီးတော့ ကြိုတင်ကာကွယ်ရေးကို ပိုပြီးလုပ်နိုင်လေ effect နည်းလေဖြစ်မှာမို့ awareness အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်တာရှိပါတယ်။ သဘာဝဘေးအတွက် ကြိုတင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအားလုံး ပူးပေါင်းဆောင်ရွက်သွား ကြရမယ်လို့ ခံယူထား**

# ကျေးရွာ ၃၁ ရွာ အားထားရသည့် ကျေးရွာချင်းဆက် ပေ ၅၅၅၀ ရှည် သစ်သားတံတားကျိုးပျက်

**ကသာ ဇူလိုင် ၂၉**

ကသာမြို့နယ် ဧရာဝတီမြစ်နှင့် ရွှေလီမြစ်ပေါင်းဆုံရာဘက်ခြမ်းရှိ အင်းရွာကျေးရွာ ဒေသပြည်သူအများစု အားကိုးသွားလာနေရသော တံတားသည် သဘာဝဘေးနှင့် ပြုပြင်ထိန်းသိမ်းမှုတို့ နည်းပါး၍ ယခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်ချိန်တွင် ချောင်းရေတိုက်စား၍ ပျက်စီးသွားသည်။

အဆိုပါတံတားကို ဒေသခံပြည်သူအများစုနှင့် စေတနာအလှူရှင်များ လူအားငွေအား လုပ်အားဒါနနှင့် ရွာစဉ်လိုက် သတ်မှတ်အခန်းများ ချပေးပြီး ဆောက်လုပ်ထားခြင်းဖြစ်ရာ မြန်မာနိုင်ငံတွင် ဦးပိန်တံတားထက်ရှည်သော အင်းရွာ မြို့နယ်နန်းသီသာကျေးရွာနှင့် လက်ပံချောင်းဆက်စပ်နေရာ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသည့် တံတားဖြစ်သည်။

မိုးတွင်းကာလ ရောက်ရှိချိန်တိုင်း ဗန်းမော်-မန္တလေးသို့ ခရိုင်ချင်းဆက် လမ်းဖောက်လုပ်ထားသော လမ်းများမှာ ရွံ့ဗွက်အိုင်ကြား သွားရခြင်းရှိသဖြင့် အဆိုပါတံတားကိုသာလျှင် ခရိုင်ချင်းဆက် ကျေးရွာ ၃၁ ရွာရှိ ရွာသူ၊ ရွာသားများ အားကိုးသွားလာနေရသည်။ သစ်သားတံတားမှာ အရှည်ပေ ၅၅၅၀၊ သွပ်မိုးထားသည့် နားနေဆောင်ခုနစ်ခန်း၊ သစ်သားတိုင်အလုံး ၆၆၈ တိုင် စိုက်ထူထားရှိသည့် တံတားဖြစ်သည်။

ယခုအခါ မန္တလေး-ဗန်းမော် ခရိုင်ချင်းဆက် လမ်းနှင့် ချိတ်ဆက်၍ လမ်းမကြီး ဖောက်လုပ်လိုက်သဖြင့် အဆိုပါတံတားကို ပြန်လည်ပြုပြင်သူနည်းပါးနေပြီး အသစ်ပြန်လည်တည်ဆောက်ရန် မလွယ်ကူကြောင်း၊ အင်းရွာကျေးရွာ ရွှေဘုံသာဆရာတော်နှင့် တပည့်ဒါယကာများက ကျိုးပျက်သွားသည့် ရွာချင်းဆက်တံတားကို ပြုပြင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ**

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# အာဆီယံ အလုပ်သမား

● ခင်ရတနာ ●

**အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းသွားလာကြသည့် အလုပ်သမားတိုင်းအတွက် အာဆီယံ၏ ဆောင်ရွက်ချက်များအနက် အလုပ်သမားတို့ အခွင့်အရေးကို ကာကွယ်ပေးခြင်းနှင့် မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံ ကြေညာစာတမ်း Cebu ကြေညာစာတမ်းသည် များစွာအထောက်အကူပြုသည်ကို တွေ့ရှိရသည်။ ယင်းကြေညာစာတမ်းသည် ၂၀၀၇ ခုနှစ်ကတည်းက စတင်ခဲ့ပြီး အလုပ်သမားလက်ခံသည့်နိုင်ငံနှင့် အလုပ်သမားစေလွှတ်သည့်နိုင်ငံများအကြား တာဝန်ဝတ္တရားများကို အနှစ်ချုပ်ဖော်ပြထားသည့် စာတမ်းဖြစ်သည်။**

**ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံကော်မတီ**

ရွှေ့ပြောင်း အလုပ်သမားဆိုသည်မှာ တစ်နေရာမှ တစ်နေရာသို့ ပြောင်းလဲကူးပြောင်း အလုပ်လုပ်ကြသည့် အလုပ်သမားများအားလုံးကို ဆိုလိုသည်။ မြန်မာနိုင်ငံတွင်လည်း လူဦးရေ၏ ငါးပုံတစ်ပုံကျော်ခန့်သည် ပြည်ပတွင် သွားရောက်၍ အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများရှိပြီး ပြည်တွင်း၌လည်း ရေကြည်ရာ မြက်နုရာ မွေးရပ်စွန့်ခွာကာ အလုပ်လုပ်ကြသူ အများအပြားရှိသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ပြည့်ဝစွာရရှိရန် တောင်းဆိုနိုင်သကဲ့သို့ အခြားသော အာဆီယံအဖွဲ့ဝင် နိုင်ငံအချင်းချင်း အလုပ်သမားရေးရာကိစ္စများ၊ ပြဿနာများ အဖြေရှာရန်လည်း အထောက်အကူဖြစ်ရန် အာဆီယံ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ကော်မတီက အကူအညီများပေးအပ်နိုင်သည်ကို သိရသည်။

နှစ်စဉ် အစည်းအဝေးများ၊ အကြံပြုချက်များနှင့် လှုပ်ရှားမှုများကို ဆောင်ရွက်လာခဲ့သည်မှာ ယခုဆိုလျှင် ၁၀ နှစ်ခန့်ပင်ရှိခဲ့ပြီး အာဆီယံဒေသတွင်း အလုပ်သမားများ၏ အခွင့်အရေးများစွာကို ရရှိရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် ဆိုက်ရောက်နိုင်ငံများ၌ ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ၊ ဂုဏ်သိက္ခာနှင့် ၎င်းတို့အပေါ် သိနားလည်ပေးနိုင်မှုကို မြှင့်တင်ရန်အတွက် ကြိုးပမ်းခဲ့ကြသကဲ့သို့ လုပ်ငန်းရွေးချယ်အခွင့်အရေး၊ နေရပ်ပြန်လည်ခြင်းစသည့် ကိစ္စရပ်များအပေါ် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခဲ့ကြောင်း ယင်းအဖွဲ့မှ သိရသည်။

**မြန်မာနှင့် ပြည်ပရောက်အလုပ်သမား**

အစိုးရသည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံခန့်ခွဲမှုကို ဦးစားပေးကာ ဆောင်ရွက်ပေးလျက်ရှိသည်။ ဥပဒေများ ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း၊ ဆိုက်ရောက်နိုင်ငံများနှင့် နားလည်မှု စာချွန်များရေးထိုးခြင်း၊ သဘောတူညီမှုများ ရယူခြင်း၊ အလုပ်အကိုင်အေဂျင်စီများအား စည်းကမ်းသတ်မှတ်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် ဝန်ဆောင်မှုများ ပိုမိုများပြားလာခြင်း၊ ပြည်ပမှ အကြောင်းအမျိုးမျိုးကြောင့် နေရပ်ပြန်သူများအတွက်လည်း ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။

သို့သော် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံခန့်ခွဲပေးမှုသည် အမျိုးသားရေး၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးဆောင်ရွက်မှုအဖြစ် နိုင်ငံအားလုံးမှ စုစည်းဆောင်ရွက်မှသာ အောင်မြင်သည့်ကိစ္စရပ်တစ်ခု ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံနှင့် ဒေသတွင်းတွင် ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်သူများအတွက် အကျိုးခံစားခွင့် အလားအလာများ တိုးမြှင့်စေရန် လုံလောက်သည့် ခိုင်မာမှု မရှိသေးကြောင်း အိုင်အယ်လ်အိုမြန်မာမှ Jackie Pollock က ဆိုထားသည်။

**လုပ်သားတွေကို ကူညီပေးဖို့ဆိုတာ**

ပြည်ပရောက်အလုပ်သမားများသည် ပြည်ပတွင် အခက်အခဲတစ်စုံတစ်ရာဖြစ်ပွားပါက အလုပ်သမားကူညီရေး အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ ပြန်လာနိုင်သည်။ ထိုသို့သော ကိစ္စရပ်များတွင် အလုပ်သမားများ၏ လုပ်ငန်းခွင်ပြဿနာများအပေါ် အထောက်အထားများရရှိရန် ခက်ခဲခြင်း၊ လျော်ကြေးအတွက် အလုပ်ရှင်ထံ တောင်းခံခြင်းစသည့် ရရှိရမည့် အခွင့်အရေးများစွာကို ဆုံးရှုံးနေရသည်ကို မြင်



ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ရေလုပ်ငန်းခွင်တစ်နေရာ (ဓာတ်ပုံ-Junkly)

တွေ့ရသည်။ ဖြစ်သင့်သည်မှာ တိုင်ကြားမှုများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် အလုပ်သမားသံအရာရှိများ၊ အလုပ်သမားအခွင့်အရေး လှုပ်ရှားနေသည့် အဖွဲ့အစည်းများနှင့် သံရုံးများ၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်စသည်ဖြင့် စုပေါင်းအဖြေရှာခြင်းဖြင့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကြောင်း သုံးသပ်ရသည်။

ထို့အပြင် အလုပ်သမားသည် အလုပ်ရှင်ကို ပေးအပ်ရန် ကြွေးကျန်ရှိသဖြင့် နေရပ်ပြန်ရန် အခက်အခဲကို အလုပ်အကိုင်ဝန်ဆောင်မှု အေဂျင်စီက ဆပ်ပေးပါက ထိုအလုပ်သမားသည် အလုပ်အတွက် ရရှိရမည့် လျော်ကြေး သို့မဟုတ် နစ်နာကြေးများကို မရရှိတော့ပါ။ ယင်းအခြေအနေတွင် ရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်လာရောက်လုပ်ကိုင်သော်လည်း ခိုင်မာသည့် ငွေကြေးတစ်ရပ်ကို ရရှိသွားနိုင်ခြင်းမရှိတော့သည့်အတွက် လူမှုဖူလုံရေးရန်ပုံငွေ သို့မဟုတ် သင့်တော်သည့် နည်းလမ်းများကို လုပ်ဆောင်သင့်ကြောင်း အိုင်အယ်လ်အိုက အကြံပြုထားသည်။

**အလုပ်သမားတင်ပို့သည့်အာဆီယံနိုင်ငံအချို့**

**နီပေါ**

နီပေါနိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ပင် ရွှေ့ပြောင်းအလုပ်သမားများ၏ ပြန်လည်တင်ပို့သည့်လစာကို အမှီပြုကာ နိုင်ငံ့စီးပွားရေး မြှင့်တင်ရသည့် အနေအထားပင်ဖြစ်သည်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဦးစီးဌာနသည် အလုပ်သမားများထံမှ တိုင်ကြားမှုများကို တာဝန်ယူဖြေရှင်းပေးပြီး အေဂျင်စီများ၊ တစ်ဦးချင်းစေလွှတ်သူများနှင့် ပတ်သက်သည်များကို စုံစမ်းဖော်ထုတ်ခြင်း၊ စီရင်ဆုံးဖြတ်ခြင်းများ ပြုလုပ်သည်။ ထို့အပြင် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာခုံရုံးက အလုပ်သမားဥပဒေများကို ပြဋ္ဌာန်းပေးသည့်အတိုင်း ဆောင်ရွက်သည်။ အစိုးရဥပဒေပညာရှင်များပါဝင်သည့် စုံစမ်းဖော်ထုတ်ရေးအရာရှိများက အလုပ်သမားများ၏ပြဿနာများကို အဆင့်ဆင့် ဥပဒေလမ်းကြောင်းများဖြင့် ဆောင်ရွက်ပေးကြသည်။

နီပေါနိုင်ငံသားများသည် သံရုံးကို အဓိကအားထားကာ အကူအညီတောင်းခံနိုင်ကြပြီး ရွှေ့ပြောင်းအလုပ်သမားရှိသည့် နိုင်ငံတိုင်း၌ သံရုံးများကိုလည်း ဖွင့်လှစ်ထားနိုင်ကြသည်။ ထို့အပြင် နီပေါနိုင်ငံသား အလုပ်သမား ၅၀၀၀ နှင့်အထက်ရှိသည့် နိုင်ငံများ၌ အလုပ်သမားသံအရာရှိများကို ခန့်အပ်ထားပြီး အကူအညီပေးသည့်အပြင် သံရုံးသည်လည်း ဆိုက်ရောက်နိုင်ငံများတွင် လှုပ်ရှားဆောင်ရွက်သူများနှင့် ဥပဒေပြဿနာများကို ဖြေရှင်းပေးသည်။ သံအရာရှိများသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်းအတွက် အကူအညီပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ရှေ့နေများနှင့် တွေ့ဆုံပေးခြင်း၊ စုပေါင်းတောင်းဆိုသည့် နစ်နာမှုများအတွက် ကူညီပေးခြင်း၊ ဘာသာပြန်ပေးခြင်းနှင့် နေရပ်ပြန်ရန် အကူအညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**အင်ဒိုနီးရှား**

အင်ဒိုနီးရှားနိုင်ငံ၌ ရွှေ့ပြောင်းအလုပ်သမားများနှင့် အလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများသည် အငြင်းပွားမှုများကို အစိုးရထံမတင်ပြမီ အချင်းချင်းစေ့စပ်ညှိနှိုင်းခြင်းဖြင့် အဖြေရှာကြသည်။ သို့သော် ထိုနည်းလမ်းသည် ပုံစံကျနသည့် နည်းလမ်းမဟုတ်သည့်ညှိနှိုင်းခြင်းဖြစ်ပြီး အလုပ်သမားအခွင့်အရေးအတွက် အနှောင့်အယှက်များစွာ ဖြစ်စေနိုင်သည်ကို မြင်တွေ့ရသည်။ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနကို ထားရှိကာ အလုပ်သမားများအတွက် အခွင့်အရေးများရရှိရန် ဆောင်ရွက်ပေးသည်။ ဝန်ကြီးဌာနသည် လုပ်ပိုင်ခွင့်အာဏာရှိသည်။ ထို့အပြင် တိုင်ကြားမှုများကို အင်ဒိုနီးရှား ရွှေ့ပြောင်းအလုပ်သမားများ နေရာချထားရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အမျိုးသားရေးဆိုင်ရာ အဖွဲ့အစည်းသို့လည်း အရေးပေါ် ကောလ်စင်တာများမှ အလွယ်တကူ တိုင်ကြားနိုင်သည်ကို တွေ့ရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အားသာချက်မှာ ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများ၊ ဌာနများသည် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမရှိခြင်းကြောင့် တရားရုံးများ၌ ဆောင်ရွက်ခြင်းထက် ကုန်ကျစရိတ်များစွာ သက်သာပြီး ဥပဒေဖြင့် အသိအမှတ်ပြုသည့်အဖွဲ့များကိုသာ လုပ်ပိုင်ခွင့်ပေးထားသဖြင့် ဆောင်ရွက်မှုများမှာ ပိုမိုအားကောင်းသည်ဟု အလုပ်သမား လေ့လာသူများက သတ်မှတ်ကြသည်။ အင်ဒိုနီးရှား ရွှေ့ပြောင်းလုပ်သားများသည် သံရုံးမှပေးအပ်သည့်ဝန်ဆောင်မှုများကို အပြည့်အဝသိရှိကြပြီး တိုင်ကြားမှုများနှင့် လျော်ကြေးဆိုင်ရာများကို သံရုံးမှတစ်ဆင့် တောင်းခံကြရသည်။ ဥပမာအားဖြင့် ၂၀၁၀ ပြည့်နှစ်က အင်ဒိုနီးရှား အလုပ်သမားအမှုပေါင်း ၁၆၀၀၀ အတွက် လျော်ကြေးငွေများကို ဆိုက်ရောက်နိုင်ငံများရှိ အလုပ်ရှင်နှင့် အစိုးရများထံ တောင်းယူနိုင်ခဲ့သည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံသည်လည်း အလုပ်သမားများပြားသည့် ပြဿနာကြောင့် အားလုံးကို စနစ်တကျကိုင်တွယ်ဖြေရှင်းရန် လိုအပ်ချက်များလည်း ရှိနေသည်ကို တွေ့ရသည်။

**ဖိလစ်ပိုင်**

ဖိလစ်ပိုင်နိုင်ငံသည်လည်း ရွှေ့ပြောင်းအလုပ်သမားများအတွက် တရားစီရင်ဆုံးဖြတ်မှုဆိုင်ရာရုံး၊ အမျိုးသားရေးဆိုင်ရာ အလုပ်သမားရေးရာ ဆက်ဆံရေးကော်မရှင်၊ ပြည်ပရှိ အလုပ်သမားလူမှုဖူလုံရေး စီမံခန့်ခွဲမှုရုံးများနှင့် ဖိလစ်ပိုင် ပြည်ပအလုပ်သမားရေးရာရုံးများက အလုပ်သမားတို့အတွက် ဆောင်ရွက်ပေးနေသည်။

ထို့အပြင် ဖိလစ်ပိုင် ရွှေ့ပြောင်းအလုပ်သမားများနှင့် အကျပ်အတည်းရင်ဆိုင်နေရသည့် ပြည်ပရှိ ဖိလစ်ပိုင်လူမျိုးများအတွက် ဥပဒေဆိုင်ရာ အကူအညီဝန်ဆောင်မှုများပေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အတွက် တာဝန်ရှိသည့်အတွက် အကူအညီပေးသည့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ကာ အလုပ်သမားများအတွက် ဆောင်ရွက်ပေးခြင်း၊ တရားရုံးဝန်ဆောင်ခများ ထုတ်ပေးခြင်း၊ အမှုများတိုင်ကြားပေးခြင်း၊ ပြည်ပတရားစွဲဆိုရာတွင် ကုန်ကျစရိတ်များ ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရသည်။

**သီရိလင်္ကာ**

သီရိလင်္ကာနိုင်ငံတွင်လည်း ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများအတွက် နစ်နာမှုများကို ဖြေရှင်းပေးရာတွင် စေ့စပ်ဖျန်ဖြေပေးရေးဌာန၊ နိုင်ငံတကာဆက်ဆံရေးဌာနနှင့် လူမှုရေးဆိုင်ရာ ပညာရှင်များဌာန၊ သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများက အဓိကဆောင်ရွက်ပေးနေကြောင်း အိုင်အယ်လ်အိုမှ သိရသည်။ သီရိလင်္ကာ သံတမန်ရေးရာအဖွဲ့များသည် အလုပ်သမားရေးရာ ကဏ္ဍများအတွက် ကိုင်တွယ်ဖြေရှင်းရန် လက်စွဲစာအုပ်များကို စနစ်တကျထုတ်ဝေကာ တိကျစွာ လိုက်နာကူညီပေးခြင်း၊ အေဂျင်စီများအား ထိန်းချုပ်ခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူတရားစွဲဆိုခြင်းများကို ပြုလုပ်လျက်ရှိသည်။ အလုပ်သမားများအတွက် စေ့စပ်ဖျန်ဖြေရေးဌာနသည် အေဂျင်စီများကို တောင်းဆိုရန် ဥပဒေဆိုင်ရာ အခွင့်အာဏာများ ရရှိထားပြီး နိုင်ငံတကာ ဆက်ဆံရေးဌာနသည်လည်း သေဆုံးခြင်း၊ ပြစ်ဒဏ်ကျခြင်း၊ နိုင်ငံပြန်ပို့ခြင်း စသည်တို့ကို ဖြေရှင်းဆောင်ရွက်ပေးသည်။

လူမှုဖူလုံရေးဌာနသည် မိသားစုဝင်များ၏ တောင်းဆိုချက်များကို ဖြေရှင်းပေးပြီး စုံစမ်းထောက်လှမ်းရေးဌာနသည် လိမ်လည်မှုများနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်ကာ တရားစွဲဆိုနိုင်ရန် လုပ်ဆောင်ပေးသည်။ ယင်းဌာနကို အမေရိကန်ပြည်ထောင်စုမှပင် TIP အဆင့်သတ်မှတ်မှု (၂) အဖြစ် ၂၀၁၁ ခုနှစ်က သတ်မှတ်ပေးခြင်း ခံရသည်။

**ပြည်ပရောက်သူများကို စာနာဖေးကူ**

မကြာသေးမီက ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာခဲ့ကြသည့် ရွှေ့ပြောင်းအလုပ်သမားများဝင်ရောက်မှုမှာ အားကောင်းလာခဲ့ပြီး အစိုးရတာဝန်ရှိသူများကလည်း အလုပ်သမားများအတွက် လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။ သို့သော် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်သူဦးရေနှင့် နှိုင်းယှဉ်ပါက ပြန်လည်ဝင်ရောက်သူဦးရေမှာ နည်းပါးလျက်ပင်ရှိသည်။ ထပ်မံ၍လည်း နိုင်ငံရပ်ခြားသို့ သွားရောက်၍ စီးပွားရှာလိုကြသည့် လူငယ်လူရွယ်များစွာသည်လည်း မျှော်လင့်ချက်များဖြင့် စောင့်ဆိုင်းနေကြရာ ယခုထက် ပိုမိုကောင်းမွန်ပြည့်စုံသည့် ကာကွယ်စောင့်ရှောက်မှု ယန္တရားများဖြင့် ပြည်ပရောက် မြန်မာအလုပ်သမားများအား ကူညီဖေးမရန်မှာ အားလုံးတွင် တာဝန်ရှိပါကြောင်း။

**ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံခန့်ခွဲပေးမှုသည် အမျိုးသားရေး၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးဆောင်ရွက်မှုအဖြစ် နိုင်ငံအားလုံးမှ စုစည်းဆောင်ရွက်မှသာ အောင်မြင်သည့် ကိစ္စရပ်တစ်ခုဖြစ်**

# မြန်မာသဒ္ဒါသင်ကြားရေး (၁၅)



မောင်ခင်မင်(ဓနုဖြူ)

"ဗျည်းတွေကို ဃောသ၊ အဃောသခွဲတာ၊ သံပြင်းနဲ့သံညင်းခွဲတာဆိုပါတော့။ အဲဒါက ပါဠိမှာခွဲတာနဲ့ မြန်မာမှာခွဲတာ အတူတူပါပဲ။ ဓနိတနဲ့ သိထိလဆိုတဲ့ သံတင်းနဲ့သံလျော့ခွဲတာက ပါဠိနဲ့မြန်မာသံချင်းမတူဘူးလေ။ ညည်းအဲ့ဒါကိုပြောတာ မဟုတ်လား"၂

"ဟုတ်ပါတယ်ဆရာ။ ဝဂ်ငါးခုမှာ တတိယအက္ခရာတွေဖြစ်တဲ့ ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ အက္ခရာ ငါးလုံးက သိထိလ သံလျော့တွေဖြစ်ပြီး စတုတ္ထအက္ခရာတွေဖြစ်တဲ့ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ အက္ခရာ ငါးလုံးက ဓနိတသံတင်းတွေဖြစ်တယ်လို့ မှတ်ခဲ့ရပါတယ်"

"ဟုတ်တယ်လေ။ ပါဠိသဒ္ဒါနဲ့ ပါဠိဆန်တဲ့ သဒ္ဒါတွေမှာ အဲဒီလိုပြတာပဲဟာ"

"အခုမြန်မာသဒ္ဒါမှာကျတော့ တတိယအက္ခရာ၅လုံးရော၊ စတုတ္ထအက္ခရာ ငါးလုံးရော အားလုံးသံလျော့တွေ ဖြစ်နေတယ်။ သံတင်းမပါတော့ဘူးဆရာ။ အဲဒါကြောင့် အရင်သင်ရတာနဲ့ မတူဘဲ ဖြစ်နေလို့ပါ"

"အင်း...ဟိုတစ်ခါ ဒီပြဿနာကို ရှင်းပြဖူးပါတယ်။ အဲဒီ အဋ္ဌမတန်း မြန်မာသဒ္ဒါမှာလည်း မှတ်ချက်ဆိုပြီး ရှင်းပြထားပါတယ်။ ပါဠိစကားမှာ ဂနဲ့ဃအသံမတူဘူး။ ဂ ကသိထိလ သံလျော့၊ ဃ ကဓနိတသံတင်း သံတင်းဆိုတာ သံလျော့ကို ဟသံတွဲပြီးရွတ်ဆိုတဲ့ အသံလေ။ ဘုန်းတော်ကြီးတွေ ကမ္မဝါ ရွတ်တဲ့အခါ 'သံဃော'လို့ ရွတ်ဆိုတဲ့အသံမျိုးပေါ့။ ဃသံက ဂကို ဟ သံတွဲဆိုတဲ့ အသံဆိုတော့ တင်းတင်းမာမာကြီးထွက်လာတာပေါ့"

"ဟုတ်ကဲ့ပါ"

"တို့မြန်မာစကားမှာတော့ ဂနဲ့ဃဟာ အသံအတူတူပဲလေ။ နှစ်သံစလုံးသိထိလသံလျော့တွေချည်းပဲ။ ဃမှာ ဟသံမပါဘဲ ရိုးရိုးပဲ ဆိုရတာမို့ ဂနဲ့အတူတူပဲ။ ဒါကြောင့် ဂရော ဃရော သံလျော့လို့ပြထားတာပေါ့"

"ဩော်...ဟုတ်ကဲ့ပါ။ ဒီလိုဆိုရင်ကျန်တဲ့ ဇနဲ့ဈ၊ ဍနဲ့ဎ၊ ဒနဲ့ဓ၊ ဗနဲ့ဘ လည်းအသံအတူတူတွေပဲပေါ့နော်ဆရာ"

"ဟုတ်ပါတယ်။ အဲဒီအသံတွေလည်း ပါဠိစကားမှာ သံလျော့၊ သံတင်းကွဲပေမယ့် မြန်မာစကားမှာ အသံမကွဲပါ ဘူးကွယ်။ ဆိုကြည့်လေ။ 'ပုဂံ'က'ဂ' နဲ့ 'သံဃံ'က 'ဃံ'အသံ အတူတူပဲ မဟုတ်လား။ အဲဒီလိုပဲ။ 'ဇေး'နဲ့'ဈေး'၊ဒါးနဲ့ဓား၊ 'ဗူးနဲ့ဘူး' အသံအတူတူတွေပါပဲ။ ဒါကြောင့်မြန်မာစကားမှာ သိထိလလို့ပဲပြတာပါ"။ ပါဠိသဒ္ဒါနဲ့ ပါဠိနည်းအတိုင်းလိုက်ရေးတဲ့သဒ္ဒါတွေမှာတော့ အဲဒီအသံတွေကို သိထိလနဲ့ ဓနိတခွဲပြတာပေါ့။ မြန်မာစကားမှာတော့ အတူတူမို့သိထိလလို့ပဲ ပြတာပေါ့"

"ဟုတ်ကဲ့ပါ၊ နားလည်ပါပြီ"

"ဒီအချက်ကတော့ ကျောင်းသားတွေ ကွဲကွဲပြားပြား သိဖို့လိုအပ်တဲ့အချက်ပဲ။ ဆရာ ဆရာမတွေက ကွဲပြားအောင် ရှင်းပြဖို့လိုတာပေါ့။ အဲဒီလိုရှင်းပြနိုင်ဖို့အတွက် ဆရာဆရာမတွေ ကိုယ်တိုင်က ရှင်းရှင်းလင်းလင်းနားလည်ဖို့လိုတယ်။ ဘာဖြစ်လို့ အခုအဲဒီလို ပြောတာလဲ။ သိသလား"

"ဟင်...ဘာဖြစ်လို့လဲဆရာ။ ပြောပြပါ"

"အခုကျောင်းသားတွေသင်နေရတဲ့ မြန်မာစာအဖွဲ့က ထုတ်တဲ့သဒ္ဒါစာအုပ်နှစ်အုပ်မှာ ခွဲပုံနှစ်မျိုးဖြစ်နေတယ်လေ။ အဋ္ဌမတန်းမှာသင်တဲ့ မြန်မာသဒ္ဒါမှာတစ်မျိုး၊ ဒသမတန်းမှာ သင်တဲ့ မြန်မာသဒ္ဒါမှာ တစ်မျိုးဖြစ်နေတယ်။ သတိထားမိရဲ့လား"

"ဟင်... သတိမထားမိပါဘူးဆရာ"

"စာအုပ်ကို ကြည့်လိုက်လေ။ အဋ္ဌမတန်းမြန်မာသဒ္ဒါမှာ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ ဆိုတဲ့စတုတ္ထအက္ခရာငါးလုံးကိုသိထိလ (သံလျော့)လို့ပြတယ်။ ခုနရှင်းပြသလိုပဲ အဲဒီအက္ခရာတွေဟာ ပါဠိ မှာသာ ဓနိတ(သံတင်း)ဖြစ်နေတာ။ မြန်မာမှာ ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ တို့ကိုရွတ်သလိုပဲ သံလျော့နဲ့ရွတ်ရလို့ သိထိလ(သံလျော့) ဖြစ်တဲ့အကြောင်းလည်း စာအုပ်မှာ ရှင်းပြထားတယ်။ ဒီတော့ ကျောင်းသားတွေ ရှင်းရှင်းလင်းလင်းနားလည်နိုင်တာပေါ့"

"ဟုတ်ကဲ့"

"အဲ...ဒသမတန်းစာအုပ်လည်းကျရော ရှင်းပြီးသားတွေ ပြန်ရှုပ်သွားပြန်ရောလေ"

"ဟင်...ဘယ်လိုပါလိမ့်"

"ကြည့်လေ။ ဒသမတန်းသဒ္ဒါစာအုပ်မှာကျတော့ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ ဆိုတဲ့ ငါးလုံးကို ဓနိတ(သံတင်း)လို့ ပြပြန်ရော။ 'ပါဠိဆင့်ရေးနည်းနှင့်ဖတ်နည်း'ဆိုတဲ့အခန်းမှာ ပြတာလေ။ ပြီးတော့ရေးထားသေးတယ်။ အဲဒီအကြောင်းတွေကို မြန်မာ သဒ္ဒါ အတွဲ(၁)၊ အခန်း(၄)မှာ ပြပြီးပြီမို့ အခုဇယားနဲ့ ထပ်ပြမယ်တဲ့။ အတွဲ(၁)၊ အခန်း(၄)ဆိုတာ အဋ္ဌမတန်းသဒ္ဒါကို ပြောတာလေ"

"ဟုတ်ကဲ့"

"ရှေ့မှာ ပြပြီးသားလို့ပြောထားပေမယ့် အခုထပ်ပြတဲ့ ခွဲပုံကပါဠိနည်းနဲ့ ပြတာလေ။ အရင်ပြတာနဲ့မှ မတူတာ။ ဟုတ်တယ်မဟုတ်လား"။ "ဟုတ်ပါတယ် ဆရာ"

"ဒီတော့စဉ်းစားကြည့်။ ရှစ်တန်းကျောင်းသားတစ်ယောက်က အဲဒီအက္ခရာ ငါးလုံးကို သိထိလအက္ခရာတွေလို့ နားလည်ထားပြီးခါမှ ဆယ်တန်းရောက်တဲ့အခါကျတော့ အဲဒီ အက္ခရာတွေကို ဓနိတအက္ခရာတွေလို့ ပြန်နားလည်ရမလို ဖြစ်မနေပေဘူးလားကွယ်"

"ဟုတ်ပါတယ်ဆရာရယ်။ ကျောင်းသားတွေမပြောနဲ့ သင်နေတဲ့ ကျွန်မတို့ဆရာတွေတောင် ခုတစ်မျိုး၊ ခုတစ်မျိုး ဖြစ်နေတော့ တော်တော်မျက်စိလည်ပါတယ်"

"အေး... ဆရာက အပြစ်တွေထုတ်ပြတာမဟုတ်ပါဘူး။ သင်ကြားရေးရှုထောင့်က ကြည့်ပြီး ကျောင်းသားတွေအတွက် အခက်အခဲရှိတာကို ထင်ရှားစေချင်လို့ထုတ်ပြတာပါ"

"ဟုတ်ပါတယ်ဆရာ"

"တကယ်တော့ကွယ်။ ကျောင်းသားတွေကို ခုသင်နေတာ မြန်မာသဒ္ဒါပဲဟာ။ ပါဠိသဒ္ဒါသင်တာမှမဟုတ်တာ။ ဒီတော့ မြန်မာနဲ့မတူတဲ့ ပါဠိသဒ္ဒါမှာ ခွဲပုံတွေကို အခုလိုအကျယ်တဝင့် ပြစရာမလိုဘူးလို့ထင်တာပါပဲ။ မြန်မာသဒ္ဒါသင်တာမို့ ကျောင်းသားတွေကို မြန်မာစကားသံအကြောင်းသန့်သန့်ပဲသင်ပေးတာကပိုပြီးအကျိုးရှိမှာပေါ့"

"နောက်တစ်ခုက နဝမတန်းသဒ္ဒါမှာပါတဲ့ မြန်မာအသတ် ၁၀ ပါးနဲ့ ပါဠိသက်အသတ် ၂၆ ပါးအကြောင်းပေါ့။ မြန်မာ အသတ်တွေကတော့ သိပြီးသားပဲ။ ပါဠိသက် အသတ်တွေက 'မုခ်၊ ဘဝဂ်၊ ဗိမာန်၊ မာရ်၊ သီဟိုဠ်'ဆိုတာမျိုးတွေပေါ့။ ဒီအသတ်တွေက မြန်မာစာရေးရာမှာ အများကြီးပါနေတော့ ကျောင်းသားတွေသိဖို့လိုအပ်တာပေါ့။ ပါဠိသက်သက်မဟုတ်ဘဲ မြန်မာစာမှာသုံးနေတဲ့ အသတ်တွေဆိုတော့ ခုလိုစုပြီးပြထားတာကောင်းပါတယ်"

"ဘယ်စာလုံးကိုဘယ်လိုရေးရမယ်ဆိုတာ ကွဲကွဲပြားပြား သိနိုင်တာပေါ့ဆရာ"

"ဟုတ်ပါတယ်။ ဆရာဆရာမတွေက ပါဠိသက်အသတ်တွေကို ကျေညက်အောင်လေ့လာပြီး ကျောင်းသားတွေကို သင်ပြပေးဖို့ပဲပေါ့"။ "ဟုတ်ကဲ့ပါ"

"နောက်ဒသမတန်းသဒ္ဒါမှာ ပါဠိဆင့်ရေးနည်း၊ ဖတ်နည်း ဆိုတဲ့အခန်းပါတယ်။ မြန်မာစာထဲမှာ ပါဠိသက်စာလုံးတွေကို နှစ်လုံးဆင့်ပြီးရေးရတာမို့ ဘယ်စာလုံးနဲ့ ဘယ်စာလုံးဘယ်လိုဆင့်ရေးရတယ်ဆိုတာလည်း သိဖို့လိုတာပဲလေ။ တက္ကသိုလ်တို့၊ ဝိဇ္ဇာတို့၊ နိဗ္ဗာန်တို့ဆိုတဲ့ စကားလုံးမျိုးတွေပေါ့။ အဲဒီစာလုံးဆင့်တွေအကြောင်းကို သေသေချာချာပြထားတာတော်တော်ကောင်းပါတယ်"

"ဟုတ်ကဲ့ပါ"

"အထူးသိဖို့ကောင်းတာက ဆယ်တန်းသဒ္ဒါစာအုပ်မှာ ပြထားတဲ့ 'မြန်မာပါဠိဆင့်ရေးနည်းနှင့်ဖတ်နည်း' ဆိုတဲ့ အခန်းပဲ။ ပါဠိစာလုံးမဟုတ်ပေမယ့် အစဉ်အဆက် နှစ်လုံးဆင့်ပြီး ရေးကြတဲ့စာလုံးတွေလေ။ ဆင့်ရေးတာ တွင်ကျယ်နေတော့ အစဉ်အလာအတိုင်း ဆင့်ရေးနေတာအသားကျနေပြီ"

"ဟုတ်ကဲ့ပါ"

"အဲဒီမြန်မာပါဠိဆင့်သာဓကခြောက်လုံးပြထားတာ တွေ့ရတယ်။ 'ယောက္ခမ၊ လက္ခ၊ လက်ျာ၊ မိတ္တူ၊ လိမ္မာ၊ သေတ္တာ' ဆိုတဲ့ စာလုံးတွေပဲ။ နှစ်လုံးဆင့်ထားလို့ ပါဠိလို့ထင်စရာရှိပေမယ့် ပါဠိ မဟုတ်ပါဘူး။ အဲဒီစာလုံးတချို့ကို မဆင့်ဘဲခွဲရေးတာ မျိုးလည်းရှိတယ်။ 'ယောက္ခမ'ကို 'ယောက်ခမ'၊ 'လက်ျာ'ကို 'လက်ယာ'၊ 'လိမ္မာ'ကို 'လိမ်မာ'ဆိုတာမျိုးပေါ့"

"လက်ျာမှာ ယပင့်က ယနဲ့တူတာပေါ့နော်ဆရာ။ ဒါကြောင့် 'လက်ယာ'လို့ခွဲရေးတာပေါ့"

"ဟုတ်တယ်။ 'လက်ဝဲ'ကျတော့ ခွဲရေးတာမို့'လက်ယာ' လည်းခွဲရေးရင် ဘက်ညီတာပေါ့။ဒါပေမယ့်' လက်ျာ'လို့ ရေးတာ ရှေးကတည်းကပဲလေ"

"ဗိုလ်လက်ျာ"တို့၊ 'လက်ျာမင်းနန်း'တို့ဆိုတဲ့ စာလုံးတွေ ကျတော့ ဆင့်ရေးတာတွေ့ရပါတယ်"

"ဟုတ်ပါတယ်။ အဲဒီမှာ ပါဠိဆန်တဲ့ ဆင့်ပုံကတော့ 'သေတ္တာ'ပဲကွဲ့"

"ဘာဖြစ်လို့လဲဆရာ"

"သေတ္တာဆိုတာ သစ်နဲ့လုပ်ထားတဲ့ ထည့်စရာလေ။ 'တာ'ဆိုတာ ထည့်စရာတစ်မျိုးပေါ့။ သစ်နဲ့ လုပ်လို့ 'သစ်တာ' လို့ရေးရမှာ။ ပါဠိဆန်ဆန် 'ခေတ္တ'က 'ခေတ်'လို့ ပြောင်းသလို သစ်ကိုလည်း 'သေတ်'လို့ရေးရာက နောက်က 'တာ'နဲ့ဆင့်ပြီး 'သေတ္တာ'ဖြစ်သွားတာပေါ့။ နောက်သံနဲ့လုပ်တော့လည်း 'သေတ္တာ'လို့လဲခေါ်တာပေါ့။ဒါပေမယ့် ဒီရေးထုံးက အသား ကျနေပြီလေ။ ခုကျမှ 'သစ်တာ'လို့ရေးလို့ အများလက်ခံမှာ မဟုတ်ဘူးလေ"

"ဟုတ်ကဲ့ပါ။ ခုပြမထားတဲ့ မြန်မာပါဠိဆင့်တွေလည်း ရှိသေးတယ်နော်"

"ကဲ... ဘယ်စာလုံးတွေပါလိမ့်၊ ပြောကြည့်ပါ"

"ကုက္ကို၊ ကုက္ကိုင်း၊ လိမ္မော်သီး၊ ယောက်ျား'ဆိုတဲ့ စာလုံး မျိုးတွေမဟုတ်လားဆရာ"

"ဟုတ်ပ့ါ။ 'ယောက်ျား'ကို ပုဂံခေတ်က ကျောက်စာ တွေမှာ 'ယောက်ယာ'လို့ရေးတယ်။ ယာမှာပါတဲ့ ယကိုယပင့်လုပ်ပြီးယောက်ျားလို့ ရေးလိုက်တော့အသံထွက်လည်း / ယောက်ကျား / လို့ထွက်တာပေါ့။ ကဲ...ကဲ ဆက်စပ်နေတာ တွေပြောရတာနဲ့ အချိန်ကုန်သွားပြီ။ နောက်အပတ် ဆက်ကြတာပေါ့"


## ဖခင်အမည်မှန်

ဦးထွေးအောင်၏သမီး သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဖူးဝေဇင်၏ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၁၀/သဖရ(နိုင်)၀၆၇၉၀၆ ဖြစ်ပါကြောင်း။ **ဦးထွန်းအောင်**

## အမည်ပြောင်း

ဗိုလ်တထောင်မြို့နယ် အထက (၃) နဝမတန်း (B) မှ ဦးအောင်မျိုးမင်း |၇/ကပက(နိုင်)၀၆၅၅၄၁| သား မောင်ဘုန်းဇေပိုင်အား ယနေ့မှစ၍ မောင်ပြည့်စုံပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အထက (၅) မှ ဒေါ်ငွေငွေကြည်၏ဖခင် ဦးပု ၇/ရတရ(နိုင်)၀၄၄၈၃၉ နှင့် ဦးမောင်ပုသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-250095114
09-421041338
09-73224763

## အမည်မှန်

ဦးသန်းအေး၏သမီး အထက(၆) မင်္ဂလာဒုံ ဆဋ္ဌမတန်း (က) မှ မဖြိုးသဇင်ခိုင်၏အမည်မှန်မှာ မအိကေခိုင် ဖြစ်ပါသည်။

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

▶ သာကေတ၊ အောင်သဗ္ဗာ(၅)လမ်း၊ ရွှင်းသာအနီး 30'x60' အဆောက်အဦပါ၊ နေရာကောင်း 1100 သိန်း (ရောင်းဈေး)
Ph: 09-797920009

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

▶ လန(၃၉)ကျပြီး မြေပြုပြင်ပြီး ရန်ကုန်-ပုသိမ်လမ်းအနီး ၄ မိုင်၊ မြောင်းမြ၊ ဂိုဒေါင်၊ အသေးစားစက်မှု/လက်မှု နေရာကောင်း (၉) ဧက၊ ဧက ခွဲရောင်းသည်။ 1 Sqft = 3500 Ks
Ph: 09-797920009

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၉၄၃၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/2496 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လှဝင်းကြည် ၈/စတရ(နိုင်)၀၀၀၅၉၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၅၀၃၀၈၀၅**

## San brotherhood

ဗုဒ္ဓ ဓမ္မ သံဃ

"စစ်ဆေး၊စမ်းသပ်(အခမဲ့)"

Air-Con,ရေခဲသေတ္တာ၊အဝတ်လျှော်စက် များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း



အဝတ်လျှော်စက် 200,000Ks | အဝတ်ခြောက်စက် 230,000Ks | အဝတ်လျှော်စက် 135,000Ks | အဝတ်ညှစ်စက် 75,000Ks



1HP 290000Ks

တပ်ဆင်ပြီးဈေးနှုန်း (၃ နှစ်အာမခံ)

၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၆)၊ အကွက်အမှတ်(၅၈/ခိုလောင်းရပ်)၊ ဦးပိုင်အမှတ်(၈/ဃ)၊ ဧရိယာ ၀ဒသမ၂၁၈ဧက၊ အမှုတွဲအမှတ် ၈၀၇-၅/၂၀၀၂-၂၀၀၃ (အေ)ဖြင့် ဒေါ်တီဟောင်းစေး ၉/အမရ(နိုင်)၀၀၆၂၉၉ မှ အမည်ပေါက် ပိုင်ဆိုင်ထားပြီး နေအိမ်ပြောင်းရွှေ့ရာတွင် ယင်းမူရင်းဂရန် ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ပြန်လည် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ၂၀ရက်အတွင်း လားရှိုးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဝန်ထမ်းအလိုရှိသည်

Diamond Palace Travels and Tours Co.,Ltd တွင် Visa Services Operator တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော ဝန်ထမ်း(ကျား/မ) (၁၀) ဦး အလိုရှိပါသည်-

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးဖြစ်ရမည်။
၂။ English 4 Skills ကောင်းမွန်ရမည်။
၃။ Computer ကျွမ်းကျင်ရမည်။
၄။ ရုပ်ရည်သန့်ပြန့်ရမည်။
၅။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
၆။ လုပ်ငန်းအတွေ့အကြုံရှိရန်မလိုပါ။ ရေရှည်လက်တွဲလုပ်ကိုင်လိုသူဖြစ်ရမည်။
၇။ ရွေးချယ်ခံရသူများအား လုပ်ငန်းခွင်သင်တန်းပေးမည်။ သင်တန်းတက်ရောက်စဉ်လစာ (၂)သိန်းကျပ်ခံစားရရှိပါမည်။
၈။ အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါကလစာ(၃)သိန်းကျပ်ခံစားရရှိပါမည်။

လျှောက်ထားလိုသူများသည် CV၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာရေးအထောက်အထားများနှင့်အတူ အမှတ်(၈၇)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့လူကိုယ်တိုင်ဖြစ်စေ၊ hr@diamondpalace.com.mm သို့ email ဖြင့်ဖြစ်စေ၊ ဖုန်း-၀၉-၂၅၃၉၉၁၂၉၅၊ ၀၉-၂၆၂၂၈၂၆၁၈ သို့ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

## ဖျံ-၅-ကောင် အမှတ်တံဆိပ်

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန်-၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်ပြုချက်အမှတ် တအဆက(စာနယ်ဇင်း) ၀၁၇/၀၃၁၅

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၉၉၄

## ကျေးဇူးဆပ်ပါမည်



ကျွန်တော် ဦးကျော်ကျော်လှိုင် ၁၃/ဟပတ(နိုင်)၀၁၁၉၁၄ ပိုင်ဆိုင်သော ယာဉ်အမှတ် 5E/5875 (Belta) ကားမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ အကြောင်းကြား သတင်းပေးသူအား ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၈၉၉၆၃၃**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/6962 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန(ရွာသာကြီး)**




## ဖန်းမော်မြို့၊ အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်ရန် တင်ဒါခေါ်ယူခြင်း

၁။ ဖန်းမော်မြို့၊ ရွှေပြည်သာမြို့ကွက်သစ်အတွင်းရှိအနီး ကွင်းအမှတ် OSS ဦးပိုင်အမှတ်(၁၅၆၀+၁၅၆၁+၁၅၆၂+၁၅၆၃+၁၅၆၄) ပေါ်ရှိ မြေဧရိယာ ၂၀ဒသမ၄၅ဧကပေါ်တွင် အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အဝေးပြေးယာဉ်ရပ်နားစခန်းအား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို ၁-၈-၂၀၁၇ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၂၉-၉-၂၀၁၇ရက် ညနေ ၃း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**
**မြစ်ကြီးနားမြို့**

## အလုပ်ကြော်ငြာ

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project)

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်-

| | | | | |
|---|---|---|---|---|
| (၁) | National MIS Assistant | Ref:(C2-TA 23) | ၁၂ လ | ၅ ဦး |
| (၂) | National IT Assistant | Ref:(C2-TA 21) | ၂၄ လ | ၁ ဦး |
| (၃) | National Project Assistant | Ref:(C2-TA 19) | ၂၄ လ | ၁ ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံအသေးစိတ် မိမိလျှောက်ထားလိုသော ရာထူးနှင့် Reference နံပါတ်ကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၁၁-၈-၂၀၁၇ ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းတာဝန်အကြောင်း၊ ရာထူးတစ်ခုစီအတွက် လိုအပ်သောအရည်အချင်းများ အသေးစိတ်ပါဝင်သော (Terms of Reference TOR)ကို အောက်ဖော်ပြပါအီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း၊ http://www.drdmyanmar.org တွင် ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

**လိပ်မူရန်-**
**ဦးကျော်စွာအောင် (ညွှန်ကြားရေးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရုံးအမှတ်(၁၄)၊ နေပြည်တော်**
**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၈၅၂၉**
**E.mail: neppmo.drd@gmail.com**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
### ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

## (၅၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ (၅၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း** - ၈-၉-၂၀၁၇ရက် (သောကြာနေ့) နံနက်ပိုင်းနှင့်မွန်းလွဲပိုင်း ဘွဲ့ယူကြမည့်သူများအားလုံး (ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့)

**ဘွဲ့နှင်းသဘင်** - ၉-၉-၂၀၁၇ရက်(စနေနေ့) နံနက်ပိုင်း၊ နံနက် ၈း၃၀နာရီ၊ (ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့)
မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀ နာရီ (ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဆေးပညာဘွဲ့)

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် အောက်ဖော်ပြပါ အကျုံးဝင်သူများ လျှောက်ထားနိုင်ပါသည်။
(က) ၂၀၁၆ ခုနှစ် ဩဂုတ်လမှစ၍ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံ၊ ဒီပလိုမာဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ။
(ခ) ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ)(၁/၂၀၁၄)သင်တန်း (နောက်ဆက်တွဲ) စာမေးပွဲဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တာဝန် (၁)နှစ်အပြည့်အဝထမ်းဆောင်ပြီးသူများ။
(ဂ) ၂၀၁၆ ခုနှစ် ဇွန်လတွင် နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ) (၁/၂၀၁၅)သင်တန်း(ပုံမှန်) စာမေးပွဲဖြေဆိုအောင်မြင်ပြီး (လျှောက်လွှာပိတ်ရက်) တွင် အလုပ်သင်ဆရာဝန်တာဝန် (၁)နှစ်အပြည့်အဝ ထမ်းဆောင်ပြီးသူများ။
(ထိုကာလမတိုင်မီ အလုပ်သင်ဆရာဝန်တာဝန် (၁)နှစ်ထမ်းဆောင်ပြီးဆုံး၍ ဘွဲ့နှင်းသဘင်မတက်ရောက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) တက်ရောက်ဘွဲ့ - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
(ခ) အဝေးရောက်ဘွဲ့ - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ - ၈၀၀၀/-(ကျပ်ရှစ်ထောင်တိတိ)
(ဃ) ဒီပလိုမာဘွဲ့ပြင်ပဆရာဝန်များ - ၂၅၀၀၀/(ကျပ်နှစ်သောင်းငါးထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနမှ ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး နောက်ဆုံးရိုက်ကူးထားသော (၁½"×၂") နောက်ခံအပြာနုရောင် ကာလာဓာတ်ပုံ(၃)ပုံ (အမျိုးသားများသည် လည်ကတုံးရှပ်နှင့်တိုက်ပုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်နှင့် အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ(ပြောင်) နားရွက်ပေါ်သည့်ပုံဖြစ်ရမည်) ပူးတွဲလျက် ၁-၈-၂၀၁၇ ရက်မှ ၁၈-၈- ၂၀၁၇ရက်ထိ တင်သွင်းကြရမည်။

၅။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(လည်ကတုံး၊ ရှပ်နှင့်တိုက်ပုံ)/ အနောက်တိုင်းဝတ်စုံ/တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံခြည်၊ အင်္ကျီ)တိုင်းရင်းသားဝတ်စုံဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**မြမြမူ**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်-မန္တလေးလမ်းဟောင်း(ပျဉ်းမနားမြို့တွင်း) နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း (၁.၅မိုင်×၃၆'×၃")အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁-၈-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၈-၂၀၁၇ရက် ၁၆း၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
**အင်ဂျင်နီယာဌာန(လမ်း/တံတား)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၃၂၀၃၇**

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် သာမိပလတ်စတစ်ဆေးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁-၈-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၈-၂၀၁၇ရက် ၁၆း၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
**အင်ဂျင်နီယာဌာန(လမ်း/တံတား)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၃၂၀၃၇**

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ငွေဖြင့် Mini Excavator ဆက်စပ်ပစ္စည်း (၁၅)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| ပစ္စည်းအမျိုးအစား | | အရေအတွက် |
|---|---|---|
| Mini Excavator ၏ဆက်စပ်ပစ္စည်း(၁၅)မျိုး | | ၂၀၁ခု |
| **တင်ဒါပုံစံထုတ်ပေးမည့်ရက်** | - | ၁-၈-၂၀၁၇ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၁၄-၈-၂၀၁၇ရက် ၁၆း၀၀နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - | အင်ဂျင်နီယာဌာန (လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းနိုင်ပါသည်-
**အင်ဂျင်နီယာဌာန(လမ်း/တံတား)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၃၂၀၃၇**

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည့် အရည်အသွေးပြည့်မီသော ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | | အရေအတွက် |
|---|---|---|---|
| (က) | ကတ္တရာ(၈၀/၁၀၀) | | ၇၀ တန် |
| | Country of Origin | | Iran |
| (ခ) | **တင်ဒါပုံစံထုတ်ပေးမည့်ရက်** | - | ၁-၈-၂၀၁၇ ရက် |
| | **တင်ဒါပိတ်မည့်ရက်** | - | ၁၄-၈-၂၀၁၇ ရက် ၁၆း၀၀ နာရီ |
| | **တင်ဒါပေးသွင်းရမည့်နေရာ** | - | အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
**အင်ဂျင်နီယာဌာန (လမ်း/တံတား)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၃၂၀၃၇**

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## ရန်ကုန်မြို့
## ကြော်ငြာစာ ၁/၂၀၁၇

၁။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန် ထိန်းသိမ်းရေးဌာနခွဲ၊ လေကြောင်းထိန်းသိမ်းရေးဌာနစုတွင် လစာနှုန်းကျပ်(၁၅၀၀၀၀- ၂၀၀၀-၁၆၀၀၀၀)တန်းဝင် ဒု-လက်ထောက်ဦးစီးမှူး(လေကြောင်းထိန်း)ရာထူး (၂၅)နေရာ လစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁-၁၂-၂၀၁၇ရက်တွင် အသက် ၂၅နှစ်၊ ဝန်ထမ်းဖြစ်လျှင် ၃၅နှစ်ထက်မကြီးသူဖြစ်ရမည်။
- (ဂ) တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
- (ဃ) နေရာဒေသမရွေး၊ နေ့ညအချိန်မရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (အမျိုးသား/အမျိုးသမီးများလျှောက်ထားနိုင်သည်။)
- (င) အင်္ဂလိပ်စာ(အရေး/အပြော)ကျွမ်းကျင်မှုရှိရမည်။
- (စ) ကွန်ပျူတာအခြေခံသင်တန်းအောင်မြင်ရမည်။
- (ဆ) Air Con ခန်း(အအေးခန်း)တွင် အလုပ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါတို့ကို ပြည့်စုံစွာဖော်ပြရမည်-
- (က) လျှောက်ထားသူ၏အမည်နှင့်အမျိုးသားမှတ်ပုံတင်အမှတ်
- (ခ) မွေးသက္ကရာဇ်
- (ဂ) မိဘအမည်
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
- (င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (စ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အလုပ်သမားမှတ်ပုံတင်အမှတ်နှင့်မှတ်ပုံတင်သည့်ရုံး
- (ဆ) ဝန်ထမ်းဖြစ်လျှင်လက်ရှိရာထူး၊ လစာနှုန်း၊ စတင်တာဝန်ထမ်းဆောင်သည့်ရက်၊ ဌာနအမည်
- (ဇ) ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံ

၄။ လျှောက်လွှာနှင့်အတူပူးတွဲလျက် အောက်ပါတို့ကို ၁၁-၈-၂၀၁၇ရက် နောက်ဆုံးထား၍ အပိုဒ်(၅)ပါ လိပ်စာအတိုင်း ဤဦးစီးဌာနသို့ပေးပို့ရမည်-
- (က) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ
- (ခ) အသက်အတွက်အထောက်အထားမိတ္တူ(အခြေခံပညာအောင်လက်မှတ် မိတ္တူ)
- (ဂ) လျှောက်ထားသည့်ရာထူးနှင့်သက်ဆိုင်သောအခြေခံအထောက်အထားများ

၅။ ဝန်ထမ်းမဟုတ်သူများသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၃၀၀၉ သို့ တိုက်ရိုက်ဆက်သွယ်လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားပြီး ကြိုတင်မိတ္တူ (၁)စောင်ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား ဘုတ်အဖွဲ့ဖြင့် လူတွေ့စစ်ဆေး ရွေးချယ်သွားမည်ဖြစ်သည်-
- (က) အင်္ဂလိပ်စာဘာသာရပ်
- (ခ) အထွေထွေဘာသာရပ်

၇။ လျှောက်ထားသူများသည် ၂၀၁၇ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤဦးစီးဌာန သို့လူကိုယ်တိုင်သတင်းပို့ရမည်။ ရေးဖြေစာမေးပွဲဖြေဆိုရမည့် ရက်/အချိန်/နေရာတို့ကို ၄င်းရက်တွင်အကြောင်းကြားပါမည်။

---

**စက်မှုဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်အောက်ဖော်ပြပါ စက်မှုလုပ်ငန်းစစ်ဆေးရေးကိရိယာများအား (ကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | Testing Equipment for Dust | 1 No |
| (ခ) | Testing Equipment for Biological Oxygen Demand With Complete Accessories | 1 Set |
| (ဂ) | Testing Equipment for Chemical Oxygen Demand With Complete Accessories | 1 Set |
| (ဃ) | Testing Equipment for Odor | 16 Nos |
| (င) | Testing Equipment for Light Intensity | 1 No |
| (စ) | Gas Detector(G460) | |
| | Sensor-$NO_2$(1.5~2)mg/Nm3 | 16 Nos |
| | Sensor-$NH_3$(1~50)mg/Nm3 | 16 Nos |
| | Sensor-$O_2$(0~25%Vol)mg/Nm3 | 16 Nos |

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၇ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၈-၂၀၁၇ရက် ၁၆း၀၀နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၄၁၊ စက်မှုကြီးကြပ်ရေးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊နေပြည်တော်

၃။ စည်းကမ်းချက်များနှင့်တင်ဒါပုံစံများကို စက်မှုကြီးကြပ်ရေးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၌ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စဉ် လုပ်ငန်းအမည်**
- (က) ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကတ္တရာလမ်းသားပျက်စီးမှုအား ထပ်ပိုးလွှာခင်းပြုပြင်ခြင်း(လယ်ဝေးမြို့နှင့် အေလာလမ်းဆုံကြား) (၃ မိုင်×၂၀')
- (ခ) ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကတ္တရာလမ်းသားပျက်စီးမှုအား ထပ်ပိုးလွှာခင်းပြုပြင်ခြင်း(အေလာနှင့်သာဝတ္ထိကြား) (၆.၃၀၅ မိုင်× ၂၀')
- (ဂ) ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကတ္တရာလမ်းသားပျက်စီးမှုအား ထပ်ပိုးလွှာခင်းပြုပြင်ခြင်း(အလျင်လိုရွာနှင့် လမ်းပျဉ်းမနားကြား) (၁ မိုင်× ၂၄')
- (ဃ) နေပြည်တော်နယ်နိမိတ်အတွင်းရှိ လမ်းမကြီးများတွင်ထားရှိမည့် လမ်းညွှန်ဆိုင်းဘုတ်များအား နိုင်ငံတကာအဆင့်မီ Portal Frame ဖြင့်ပြုလုပ်ခြင်း

